ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 April 2021 ၁၀၃၅၀

NUG နှင့် ယင်းအဖွဲ့တွင်ပါဝင်သူများအား မတရားအသင်းနှင့် မတရားအသင်းဝင်များဖြစ်ကြောင်း သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက်

၁။ တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)နှင့် ယင်းကော်မတီက ဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ဖွဲ့စည်းသည့် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (National Unity Government – NUG) နှင့် ယင်းအဖွဲ့တွင် ပါဝင်သူများသည် မတရားအသင်းနှင့် မတရားအသင်းဝင်များဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန

နှစ်သစ်ကူးရုံးပိတ်ရက်ကာလ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သူ ရဟန်းရှင်လူပြည်သူဦးရေ ၂၅၂၆၇ ဦးရှိ

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို နှစ်ဆန်း ၁ ရက်နေ့က တွေ့ရစဉ်။

ရန်ကုန် ဧပြီ ၂၀

နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သော သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ သတ်မှတ်အချိန်အလိုက် ဝင်ရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသော နိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူဘုရားဖူးပြည်သူဦးရေမှာ စုစုပေါင်း ၂၅၂၆၇ ဦးရှိကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

ဝင်ရောက်ဖူးမြော်

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်တွင် သတ်မှတ်အချိန်အလိုက် ဝင်ရောက်ဖူးမြော်ကြသည့် ဘုရားဖူးဦးရေမှာ သံဃာတော် ၉၉ ပါး၊ သီလရှင်အပါး ၁၁၀၊ အမျိုးသား(ပြည်တွင်း) ၁၀၇၈ ဦးနှင့် အမျိုးသမီး(ပြည်တွင်း) ၁၁၀၉ ဦး၊ သင်္ကြန်အကျနေ့ဖြစ်သည့် ဧပြီ ၁၄ ရက်တွင် သတ်မှတ်အချိန်အလိုက် ဝင်ရောက်ဖူးမြော်ကြသည့် ဘုရားဖူးဦးရေမှာ သံဃာတော် ၁၃၉ ပါး၊ သီလရှင် အပါး ၁၁၀၊ အမျိုးသား (ပြည်တွင်း) ၉၇၂ ဦးနှင့် အမျိုးသမီး(ပြည်တွင်း) ၁၁၂၄ ဦးရှိသည်။

သင်္ကြန်အကြတ်နေ့ဖြစ်သည့် ဧပြီ ၁၅ ရက်တွင် သတ်မှတ်အချိန်အလိုက် ဝင်ရောက်ဖူးမြော်ကြသည့် ဘုရားဖူးဦးရေမှာ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

ကြေးမုံ ယနေ့ ဖတ်စရာ

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၃

ဆန္ဒဖော်ထုတ်မှုများ၏ လားရာနှင့် နောက်ကွယ်မှ အမှန်တရား ဆောင်းပါး စာမျက်နှာ » ၆

နှစ်ကူးဆုတောင်းနှင့် ကောင်းမွန်သောအနာဂတ် စာမျက်နှာ » ၁၁

ကြေးမုံ

မမှန်သတင်းများထုတ်လွှင့်၍ အမှားအမှောင်ဖုံးမှုများဖယ်ရှား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ယူပြီးနောက်ပိုင်း ဒီမိုကရေစီယဉ်ကျေးမှုအရ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများသည် တရားမဝင်ဖွဲ့စည်းထားသော CRPH၊ NLD ပါတီဝင်များနှင့် ၎င်းတို့အား ဝန်းရံ ထောက်ခံသူ အစွန်းရောက်များ၏ ဦးဆောင်ပါဝင်မှု၊ နောက်ကွယ်မှ ကြိုးကိုင်လှုံ့ဆော်မှုများကြောင့် လက်နက်ကိုင်အကြမ်းဖက် ဆူပူအုံကြွမှုအဆင့်မှ အကြမ်းဖက် အဖျက်လုပ်ရပ်များအထိ လုပ်ဆောင်လာကြပါသည်။

ဆူပူတိုက်ခိုက်ကြသူများသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အချို့မြို့ကြီးများ၌ လမ်းများကို အခိုင်အမာပိတ်ဆို့၍ အတားအဆီးများချထားခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အလစ်အငိုက်တွင် ရဲစခန်းများ၊ တပ်ဌာနချုပ်များ၊ အုပ်ချုပ်ရေးမှူးရုံးများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စာသင်ကျောင်းများ၊ အရပ်ဘက်စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၊ အများပြည်သူသွားလာနေသည့်နေရာများ၊ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များကို လက်ပစ်ဗုံး၊ လက်လုပ်မိုင်း၊ မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဆူပူအကြမ်းဖက်တန်ပြန်တိုက်ခိုက်ခြင်းများကို နေရာကွက်ကျားပြုလုပ်ခဲ့ကြသည်။

လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မိမိကိုယ်ကိုခုခံပိုင်ခွင့်အတွက် ဆူပူအကြမ်းဖက်သမားများ၏ ရန်ပြုတိုက်ခိုက်ခြင်းများကို မလွှဲမရှောင်သာသော အခြေအနေရောက်မှသာ အနည်းဆုံးအင်အားဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရာ နှစ်ဖက်ထိခိုက်သေဆုံးမှုများ ရှိခဲ့ပါသည်။ သို့သော် လူမှုကွန်ရက်စာမျက်နှာများ၊ ပြည်ပအခြေစိုက်မီဒီယာများ၊ မီဒီယာကျင့်ဝတ်၊ ဥပဒေများနှင့်မညီညွတ်၍ နိုင်ငံတော်က ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်းခံထားရသည့် တရားမဝင်မီဒီယာများက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့များက ကျည်စစ်ကျည်မှန် များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်နေကြောင်း အခြေအမြစ်မရှိသော သတင်း မှား၊ သတင်းတုများကို တစ်ဖက်သတ်လုပ်ကြံစွပ်စွဲ ရေးသားဖော်ပြလျက်ရှိသည်။

ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုလူမှုဘဝများ ပျက်ပြားစေရန် လက်နက်အမျိုးမျိုးစွဲကိုင်၍ အပြင်းအထန်ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင် အကြမ်းဖက်တိုက်ခိုက်ခြင်းများသာမက NLD ပါတီဝင်များနှင့် ဝန်းရံထောက်ခံသူ အစွန်းရောက်များသည် အပြစ်မဲ့ပြည်သူများအား “ငါနဲ့မတူ ငါ့ရန်သူ”ဟု သဘောထား၍ ဒလန်/သတင်းပေးစွပ်စွဲပြီး လူအုပ်စုဖြင့် အတင်းအဓမ္မဖမ်းဆီးကာ ရက်စက်စွာသတ်ဖြတ်ခြင်း၊ လူ့ဂုဏ်သိက္ခာ ဆုံးရှုံးစေသည်အထိ အရှက်ရစေရန် လူမဆန်သည့် အပြုအမူများပြုလုပ်ခဲ့ကြရာ မေလ ၁၅ ရက်အထိ အပြစ်မဲ့ပြည်သူ ၁၇ ဦး ရက်ရက်စက်စက် သတ်ဖြတ်ခံရပြီး လူ ၃၀ ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့သည်။ ထို့အပြင် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန်များကို ဆောင်ရွက်ရာတွင် တပ်မတော်သား ခုနစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၇ ဦး ကျဆုံးပြီး တပ်မတော်သား ၄၅ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၂၅၃ ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဆူပူအကြမ်းဖက်သူများဘက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်သဖြင့် ပြန်လည်တုံ့ပြန်ခဲ့ရာ သေဆုံးသူ ၂၄၇ ဦးရှိပြီး ကျန် ၁၁ ဦးမှာ ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ ၎င်းတို့ဘာသာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရသည်။

သို့သော် လူမှုကွန်ရက်တွင် ပျံ့နှံ့နေသော AAPP မှ ထုတ်ပြန်သည့်စာရင်းတွင် သေဆုံးသူ ၇၂၆ ဦးအထိ အလွန်အကျွံစာရင်းများ ဖောင်းပွနေသည်ကိုတွေ့ရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခြင်းကြောင့်မဟုတ်ဘဲ အခြားအကြောင်းများကြောင့် သေဆုံးခြင်းများနှင့် အတည်မပြုနိုင်သော ပျောက်ဆုံးနေသူများ၊ ဆေးကုသနေသူများ၊ နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်သူများ၊ လိပ်စာတု၊ နာမည်တုများဖြင့် သေဆုံးစာရင်းဖောင်းပွအောင် ပြုလုပ်ထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပုံရိပ်ကျဆင်းအောင်၊ တည်ဆဲအစိုးရအား အမုန်းတရားတိုးအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင် သတင်းမှားများ ဖန်တီးမှုများ၊ ဖြန့်ဝေမှုများကြောင့် ပြည်သူများ အမှားအမှောင်ဖုံးခြင်း၊ တိုင်းပြည်ပျက်စီးစေမည့်လမ်းကို ပို့ဆောင်နေမှုများအား တုံ့ပြန်ဖယ်ရှားသွားကြရမည် ဖြစ်ပါကြောင်း။ ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် မေ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ ၃ စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper ၊ https://www.moi.gov.mm/mal ၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ခေတ်သစ်နယ်ချဲ့ အလိုကျ ရှုးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေကြွေလွင့်ကြရမယ်။ မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူနှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၄-၂၀၂၁)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၃၀၀	၉,၃၀၀	၁,၂၀၇	၁၁,၂၂၅,၁၀၀
MTSH	၃,၅၀၀	၃,၅၀၀	၁၀,၇၃၃	၃၇,၅၆၅,၅၀၀
MCB	၇,၉၀၀	၇,၉၀၀	၀	၀
FPB	၁၈,၅၀၀	၂၀,၀၀၀	၇၆၈	၁၄,၂၄၄,၅၀၀
TMH	၂,၇၅၀	၂,၇၅၀	၀	၀
EFR	၃,၂၅၀	၃,၂၅၀	၁၅	၄၈,၇၅၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၀

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က)အမေရိကန်	တစ်ဒေါ်လာ	=	၁၅၅၆.၅
(ခ) ဥရောပ	တစ်ယူရို	=	၁၈၇၈.၂
(ဂ) တရုတ်	တစ်ယွမ်	=	၂၃၉.၆၇
(ဃ)ထိုင်း	တစ်ဘတ်	=	၄၉.၈၃၂
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၇၈.၃၄
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၀.၈၂၇
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၂၁၄.၅
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၇၃.၃
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၄၃၅.၇
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၃၉.၉၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁၅ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်စုစုဝင်း — စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
(၂) ဒေါ်အေးအေးသန်း — တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ သတင်းထုတ်ပြန်ချက်

ရန်ကုန် ဧပြီ ၂၀

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ်က လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခဲ့ပါသည်။ ထိုသို့ ကပ်လှူပူဇော်ချိန်တွင် ကြာမောက်ကြာလန်ရေယာရှိ ရွှေပြားများ မည်းကွက်နေကြောင်း တွေ့ရှိခဲ့ရပါသည်။ ထိုသို့ဖြစ်ခဲ့ရခြင်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ်က ကြာမောက်ကြာလန်ရေယာအား ရောင်တော်ဖွင့်ခဲ့ရာတွင် အသုံးပြုသည့် ဆေးရည်များကို ပြန်လည်သန့်စင်ရာ၌ ရေလုံလောက်စွာ အသုံးမပြုနိုင်ခဲ့ခြင်းကြောင့် မည်းကွက်ခဲ့ခြင်းဖြစ်နိုင်ကြောင်းနှင့် ရွှေပြားများပေါ်တွင် ကမ္ဗည်းရေးထိုးခဲ့ကြသည့်အတွက် အောက်ခံကြေးပြားပေါက်ပြီး မိုးရေစိမ့်ဝင်ခတ်ပြုကာ မည်းကွက်လာခြင်းဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိခဲ့ရပါသည်။

မှတ်တမ်းများအရ ၂၀၁၈-၂၀၁၉ ခုနှစ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူစဉ်က ကြာမောက်ကြာလန်ရေယာတွင် ရွှေစင် ၄၄ ပိဿာ အသားတင်အသုံးပြုခဲ့ကြောင်းနှင့် Gold Coating ဖြတ်စညှပ်စ တစ်ပိဿာ သိမ်းဆည်းကျန်ရှိကြောင်း သိရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သည် ကြာမောက်ကြာလန်ရေယာမှ မည်းကွက်နေသော Gold Coating ၃၈၉၅ ချပ်နှင့် အပိုင်းအစ ၄၆ စကို စနစ်တကျမှတ်တမ်းတင်ဖြုတ်ခွာပြီးနောက် သိမ်းဆည်းထားသော Gold Coating ဖြတ်စညှပ်စ တစ်ပိဿာခန့်နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းဆောင်ရွက်ချက်အရ သတ္တုဗေဒသုတေသနဌာန(အေလာ)သို့ ၆-၆-၂၀၁၉ ရက်နေ့မှ စတင်ပို့ဆောင်၍ သန့်စင်စေခဲ့ပါသည်။

ထိုသို့ သန့်စင်စေခဲ့ရာတွင် သတ္တုဗေဒသုတေသနဌာန (အေလာ)က ၇-၉-၂၀၂၀ ရက်နေ့တွင် ရွှေအရည်အသွေးစစ်ဆေးပြီး ပြန်ကြားခဲ့သော တရားဝင်အတည်ပြုချက်စာရင်းဇယားများအရ သန့်စင်ပြီး ရွှေအလေး ချိန် ၃၇ ပိဿာ ၂၈ ကျပ်သား ၁၁ ပဲ ၄ ရွေး ပြန်လည်ရရှိခဲ့ပြီး ရွှေပြန်လည်ရရှိမှုရာခိုင်နှုန်း ၈၂ ဒသမ ၆၅ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ၎င်းသန့်စင်ပြီး ရွှေများ၏ ရွှေအရည်အသွေး Density ကို စစ်ဆေးခဲ့ရာတွင်လည်း ၁၆ ပဲရည် ၂၄ ကာရက် အဆင့် ၉၆ ဒသမ ၇၄ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း မိဘပြည်သူများ သိရှိနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ခေတ်မီနည်းပညာများအသုံးပြု၍ ကာလတိုအတွင်း လယ်ယာကဏ္ဍ သိသာထင်ရှားစွာတိုးတက်ပြောင်းလဲရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၂၀

ခေတ်မီနည်းပညာများအသုံးပြု၍ ကာလတိုအတွင်း လယ်ယာကဏ္ဍသိသာထင်ရှားစွာ တိုးတက်ပြောင်းလဲရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမြန်ကုစားဆောင်ရွက်နိုင်မည်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြည်သူများ စားနပ်ရိက္ခာနှင့် အာဟာရဓာတ်ဖူလုံပြည့်ဝရေး၊ အလုပ်အကိုင်ရရှိရေးတို့အတွက် သေချာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို အမြန်ကုစားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား သမားရိုးကျ မိရိုးဖလာနည်းလမ်းများအစား ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်နိုင်ရေး၊ လယ်ယာကဏ္ဍဆိုင်ရာနည်းပညာများသည် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်နေသူများက လိုအပ်နေသည့် နည်းပညာများဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်လိုလားစွာ လိုက်နာဆောင်ရွက်လာစေရေးအတွက် တာဝန်ရှိသူများက ပညာပေးစည်းရုံးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေး

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဘဏ္ဍာငွေကြေးများသုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းများတွင် တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ကာလတိုအတွင်း ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ သတ်မှတ်ကာလတွင် စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ ဘာသာရပ်များအလိုက် အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် မွေးမြူရေးဒီပလိုမာသင်တန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဆိုင်ရာလုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကာလတိုအတွင်း သိသာထင်ရှားစွာ တိုးတက်လာစေရေး ဆောင်ရွက်ရာ၌ မိမိတို့ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များနှင့် သက်ဆိုင်ရာဒေသတာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ လိုက်လျောညီထွေဖြစ်စေရေးကို အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်ရွယ်ချက်၊ မျှော်မှန်းချက်နှင့် လုပ်ငန်းလမ်းညွှန်ချက်များကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည့် မိမိတို့၏ဌာနတာဝန်ရှိသူတိုင်း ထဲထဲဝင်ဝင် သိရှိနားလည်ရေး၊ သက်ဆိုင်ရာဒေသ စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် တာဝန်များ တိကျစွာခွဲဝေသတ်မှတ်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ **ရွှေ့ဖုံးမှ**

သံဃာတော် ၁၄၇ ပါး၊ သီလရှင် ၁၀၆ ပါး၊ အမျိုးသား(ပြည်တွင်း) ၁၂၆၁ ဦးနှင့် အမျိုးသမီး(ပြည်တွင်း) ၁၅၀၇ ဦး၊ သင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက်တွင် သတ်မှတ်အချိန်အလိုက် ဝင်ရောက်ဖူးမြော်ကြသည့် ဘုရားဖူးဦးရေမှာ သံဃာတော် ၂၀၄ ပါး၊ သီလရှင် ၁၂၇ ပါး၊ အမျိုးသား(ပြည်တွင်း) ၁၅၀၅ ဦးနှင့် အမျိုးသမီး(ပြည်တွင်း) ၁၉၉၁ ဦးရှိသည်။

နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် ဧပြီ ၁၇ ရက်တွင် သတ်မှတ်အချိန်အလိုက် ဝင်ရောက်ဖူးမြော်ကြသည့် ဘုရားဖူးဦးရေမှာ သံဃာတော် ၂၂၄ ပါး၊ သီလရှင် ၁၁၆ ပါး၊ အမျိုးသား(ပြည်တွင်း) ၆၅၂၁ ဦးနှင့် အမျိုးသမီး(ပြည်တွင်း) ၆၈၁၇ ဦးရှိပြီး သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ စုစုပေါင်းသံဃာတော် ၈၁၃ ပါး၊ သီလရှင် ၅၆၉ ပါး၊ အမျိုးသား(ပြည်တွင်း) ၁၁၃၃၇ ဦးနှင့် အမျိုးသမီး(ပြည်တွင်း) ၁၂၅၄၈ ဦးတို့ဖြင့် စုစုပေါင်း ၂၅၂၆၇ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

ဘုရားဖူးပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်စေ၍ စေတီတော်သို့ရောက်ရှိသည့်အခါ ပိုးသတ်ဆေးဖျန်းရုံအတွင်းဝင်စေခြင်း၊ လက်ဆေးစေခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများကို ဆောင်ရွက်ထားရှိပေးထားကြောင်း လည်း သိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုမှုအဆင်ပြေစေရန်အတွက် ပြီးခဲ့သည့် မတ် ၂၄ ရက်မှစတင်၍ ဘုရားဖူးမြော်ကြည်ညိုချိန်အား နံနက် ၆ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်နှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ တစ်ကြိမ်ဖြင့် စုစုပေါင်း နှစ်ကြိမ်သတ်မှတ်ထားရှိပေးထားကာ တစ်နေ့လျှင် ရဟန်းရှင်လူဘုရားဖူးပြည်သူစုစုပေါင်း ၃၀၀၀ ဖူးမြော်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

စိုးမြင့်အောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ် ထုတ်ဝေ

နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် မတ်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း (၁၇) ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

မတ်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည့် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပွဲတွင် “လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်ဆေးရန်လိုအပ်သည်များကို စစ်ဆေးလျက်ရှိပြီး အဂတိလိုက်စားမှုဆိုင်ရာ တွေ့ရှိချက်များကိုလည်း သတင်းများထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားရခြင်းသည် ကျောင်းသားကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင်ဖြစ်သောကြောင့် ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူစုလူဝေးမဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်းပင် ထားရန် အကြံပြုမှုများရှိသော်လည်း မိမိ၏ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် တစ်နှစ်နစ်နာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာတည်ဆောက်ရန်ဖြစ်ကြောင်း” ပြောကြားသည့် အမှာစကား၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၁) တွင် “မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံး လွတ်မြောက်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်စိစစ်နိုင်ရေး ညွှန်ကြား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သဘာဝသယံဇာတများထုတ်ယူသုံးစွဲမှုကို လျှော့ချပြီး တိုင်းပြည်၏အရန်အဖြစ် ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း၊ အလားတူစွမ်းအင်အရင်းအမြစ်များကို ထိန်းသိမ်းရန်လိုအပ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲသွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ သစ်တင်ပို့မှုများအား ကုန်ကြမ်းတင်ပို့ခြင်းထက် မိမိတို့နိုင်ငံတွင် ကုန်ချောထုတ်လုပ်၍ တင်ပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောများပြန်လည်စိုက်ပျိုးရန်လိုအပ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းရန်လိုအပ်ကြောင်း” စသည့် အကြောင်းအရာများ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများ၊ သဝဏ်လွှာများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

သတင်းစဉ်

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအကောင်အထည်ဖော်မှု ပဉ္စမနှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့်ပူးတွဲအစီရင်ခံစာ(မူကြမ်း) ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၀

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမနှင့်ဆဋ္ဌမအကြိမ် နိုင်ငံအဆင့်ပူးတွဲအစီရင်ခံစာ(မူကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် United Nations Convention on the Rights of the Child (UNCRC) တွင် ပါဝင်လက်မှတ်ရေးထိုးထားရှိခဲ့ပြီးဖြစ်၍ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာများ တင်သွင်းရပါကြောင်း၊ ယခုလက်ရှိတွင် ပဉ္စမနှင့် ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာအား တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Report တင်သွင်းခြင်းသည် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့်သက်ဆိုင်နေသည့်အတွက် သတ်မှတ်ကာလအတွင်း အစီရင်ခံစာပေးပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အစီရင်ခံစာနှင့်ပတ်သက်၍ UNCRC ကော်မတီ၏ သုံးသပ်ချက်နှင့်အကြံပြုချက်များကိုလည်း အလေးထားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအပါအဝင် အဆင့်ဆင့်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေကို ရေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်း အမျိုးသားအဆင့်ကော်မတီဝင်များထံသို့ ချပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပဉ္စမနှင့်ဆဋ္ဌမအကြိမ် နိုင်ငံအဆင့် ပူးတွဲအစီရင်ခံစာ ရေးသားရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တင်သွင်းမည့် အစီရင်ခံစာများကိုလည်း လေ့လာဖတ်ရှုရန် လိုအပ်ပါကြောင်းနှင့် လိုအပ်သည်များအား ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု ပဉ္စမနှင့်ဆဋ္ဌမအကြိမ် နိုင်ငံအဆင့်ပူးတွဲအစီရင်ခံစာ(မူကြမ်း)နှင့်ပတ်သက်၍ ဘာသာရပ်ဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးက CRC အဖွဲ့ဝင်နိုင်ငံဖြစ်လာခြင်း၊ CRC ၏ အနှစ်သာရများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အခြေခံမှု (၄)ရပ်၊ လိုက်နာဆောင်ရွက်ရမည့် တာဝန်(၅)ရပ်၊ ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များ၊ လက်ရှိတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်ကော်မတီများ ဖွဲ့စည်းထားရှိပြီး ခရိုင်နှင့် မြို့နယ်ကော်မတီများ ဆက်လက်ဖွဲ့စည်းဆောင်ရွက်မည့်အခြေအနေ၊ ကလေးသူငယ်အခွင့်အရေး (၄)ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ်များ၊ အစီရင်ခံစာရေးသားခြင်း၊ တင်သွင်းခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက UNCRC ကော်မတီမှ သတ်မှတ်ထားသည့် Reporting Guideline များအတိုင်း ရေးသားရမည်ဖြစ်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား ထည့်သွင်းရေးသားရမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် ဘတ်ဂျက်ရရှိမှု နည်းပါးခြင်းနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ လုံလောက်စွာခန့်ထားနိုင်မှု မရှိခြင်းသည်လည်း စိန်ခေါ်မှုများဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်နည်းလမ်း၊ Recommendation များကိုလည်း ပေါ်လွင်အောင် ရေးသားရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်ပါလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေသော ပြည်သူ့အကျိုးပြုလုပ်ငန်းများသည် ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင်ဆောင်ရွက်ရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည့်အတွက် လေးနက်ခက်ခဲပါကြောင်း၊ မသန်စွမ်းသူ၊ မူးယစ်ဆေးဖြတ်ပြီးသူ၊ လူကုန်ကူးခံရသူ စသည်ဖြင့် လူမှုရေးအကူအညီလိုအပ်နေသူအားလုံး၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ အလွန်ပင်အရေးကြီးပါကြောင်း၊ ၎င်းတို့ကို မိသားစု အသိုင်းအဝိုင်း ရပ်ရွာလူထုအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးရာတွင် ရပ်ရွာပြည်သူလူထုနှင့် မိဘဆွေမျိုးသားချင်း မိသားစုဝင်များ၏ အမြင်သဘောထားများနှင့် ပံ့ပိုးကူညီမှုများသည် အလွန်ပင်အရေးကြီးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မပြီးပြတ်သေးသော လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာကိုလည်း ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များတွင် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်သည်လည်း အရေးကြီးသော လုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ လူကုန်ကူးမှုများသည် ရွှေ့ပြောင်းသွားလာခြင်းနှင့် ဆက်စပ်လျက်ရှိပြီး ပုံမှန်ဝင်ငွေမရှိသူ၊ ရပ်တည်ရန်ခက်ခဲသူများအပေါ် ပွဲစားများက မတရားအလွဲသုံးစားပြု ခေါင်းပုံဖြတ်ခြင်းဖြစ်ကြောင်း၊ ယခင်က အမျိုးသမီးများသာ လူကုန်ကူးခြင်းခံရသော်လည်း ယခုအခါ အမျိုးသားများပါ လူကုန်ကူးခြင်းခံရမှုများပြားလာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ အမျိုးသားအများစုသည် ကျားဖောင်များပေါ်တွင် လူကုန်ကူးခံရကြောင်း၊ တရုတ်နိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ခြင်းကြောင့် လူကုန်ကူးမှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ အမျိုးသမီးအများစုမှာ အဓမ္မလက်ထပ်ခြင်းခံရကြောင်း၊ လူကုန်ကူးခံရသူများထဲတွင် မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့ဒေသများတွင် နေထိုင်သူများ အများအပြား ပါဝင်နေသည်ကိုတွေ့ရှိရကြောင်း၊ လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရာတွင် နောက်ဆက်တွဲစောင့်ရှောက်မှုသည် အရေးကြီးပါကြောင်း၊ လူကုန်ကူးခံရသူသာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ Counselling ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများသည်လည်း များစွာအရေးကြီးကြောင်း ဆွေးနွေးသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူက “ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်း အစီအစဉ်” ပါ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့် စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်

ပညာရေးစနစ်၌ တန်းစဉ်ကူးပြောင်းမှု၊ အတန်းပညာတတ်မြောက်မှု များစွာနည်းပါးသည်ကို တွေ့ရကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်မှုမှာလည်း ရာခိုင်နှုန်းများစွာ နည်းပါးကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်မှု နည်းပါးရခြင်းမှာ ယခင် နဝမတန်း သင်ခန်းစာများကို တတ်မြောက်ခဲ့မှု နည်းပါးခဲ့၍ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင်ပေးသည့်စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နိုင်ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့်ပတ်သက်ပြီး အမှန်တကယ် စာတတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန် ဆရာ ဆရာမများကို အရည်အချင်းနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆရာဝန်များလည်း အလားတူဖြစ်ပါကြောင်း၊ ဝန်ထမ်းများကိုလည်း သင့်လျော်သည့် ခံစားခွင့်ရအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဆေးရုံလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၀

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၏ ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြားအထူးကုဆေးရုံကြီးများနှင့် ပြည်သူ့ဆေးရုံကြီးများ၏ ဆေးကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင်လည်းကောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလွန်အရေးကြီး

အစည်းအဝေးများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီးများသည် လူနာများ အထူးမှီခိုအားထားနေရသည့် ဆေးရုံကြီးများဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့်အားလျော်စွာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အနေဖြင့် စံပြဆေးရုံကြီးတစ်ရုံဖြစ်ရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်အနီးတစ်ဝိုက်သာမက မြန်မာနိုင်ငံဒေသအနှံ့အပြားမှ လာရောက်ပြသလေ့ရှိကြသဖြင့် နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီးများ၏ ဆေးကုသရေးလုပ်ငန်းများ ပုံမှန်အတိုင်း အင်အားအပြည့် ပြန်လည် လည်ပတ်နိုင်ရေးမှာ နိုင်ငံသားများအတွက် အလွန်အရေးကြီးပါကြောင်း၊ မိမိတို့ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာရှိပါကြောင်း။

ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံများ၌ ပုံမှန်ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် လူနာများ လိုအပ်သည့်ဆေးကုသမှု မခံယူနိုင်ခြင်း၊ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ပြသရခြင်း၊ ဝေးလံသောနေရာများသို့ သွားရောက်ပြသရခြင်း စသည့် အခက်အခဲများကို ပြည်သူများ တွေ့ကြုံနေကြရကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဌာနရန်ပုံငွေများ ခွင့်ပြုထားသော်လည်း ပြည်သူ့ဆေးရုံများတွင် ဆေးရုံလုပ်ငန်း ပုံမှန်ဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် ပြည်သူများအနေဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ၎င်းတို့၏ ငွေကြေးကျခံသုံးစွဲနေရပါကြောင်း၊ မိမိတို့ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအကျိုးအတွက် ဆောင်ရွက်နေကြခြင်းဖြစ်သဖြင့် ပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး တတ်နိုင်သမျှ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ Professional ကောင်းပီသစွာ လူနာအကျိုးကို ရှေးရှု၍ လုပ်ငန်းများ ဆောင်ရွက်ကြရန် တက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများအနေဖြင့် မိမိကိုယ်တိုင်မှစ၍ ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း၊ မိမိတို့၏ Professional အလိုက် ကျင့်ဝတ်များကို လိုက်နာကာ ဆင်းရဲချမ်းသာမရွေး၊ ကျားမ၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ ကုသပေးကြရမည်ဖြစ်ပါကြောင်း၊ ကျင့်ဝတ်အတိုင်း လိုက်နာဆောင်ရွက်ပါက ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံမည်ဟု ဆရာဝန်အဓိဋ္ဌာန်ပြု ကတိသစ္စာတွင် ပါရှိကြောင်း၊ ဆေးရုံလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေး ရှိသည့်အင်အားဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေသည်ကို တွေ့ရှိရပြီး ယခုထက်ပိုမို၍ အင်အားပြည့်ဆောင်ရွက်ပေးနိုင်ရေး ဆက်လက်ကြိုးစားပေးစေလိုပါကြောင်း။

ပြည်သူ့ဆေးရုံများအတွက် ဆေးဝါးဝယ်ယူရန် ငွေကျပ် ဘီလီယံ ၃၀၀ လျာထားခဲ့သဖြင့် ဆေးရုံလုပ်ငန်း လိုအပ်ချက်နှင့်အညီ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို ကန်ထရိုက်စနစ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ ရသင့်သော ထောက်ပံ့ငွေများ တိုးမြှင့်ရရှိစေရေး ဆောင်ရွက်လျက်ရှိရာ ညတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ထောက်ပံ့ပေးမည့် ညစာစားစရိတ်ကို မကြာမီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ရရှိထားသော ဘွဲ့အလိုက် လစဉ် ချီးမြှင့်ငွေများရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်၍ ကိုယ်ခန္ဓာထိခိုက်မှုရှိနိုင်သည့် ဘေးအန္တရာယ်ယူကာ ရောဂါရှာဖွေရေး၊ ဆေးကုသရေးဆောင်ရွက်နေကြရသည့် ကျန်းမာရေးဝန်ထမ်းများအတွက် Risk Allowance ကဲ့သို့ ချီးမြှင့်ငွေများ ရရှိစေရေး ဆက်လက်စီစဉ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လအတွင်း ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြန်လည်များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်သည့် စက်ပစ္စည်းများ ဖြည့်ဆည်းခဲ့သော်လည်း လက်ရှိဝန်ထမ်းအခြေအနေကြောင့် ဓာတ်ခွဲစစ်ဆေးမှုများ အားနည်းနေသဖြင့် ရောဂါဖြစ်ပွားမှုကို မှန်းဆရန် ခက်ခဲနေကြောင်း၊ သို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ လေကြောင်းခရီးသွားလာမှုများ အပါအဝင် လုပ်ငန်းများ ပြန်လည် လည်ပတ်ဆောင်ရွက်ရာ၌ လိုအပ်သည့် လုပ်ငန်းလမ်းညွှန်များ ပြုစုပေးခြင်း၊ နေ့စဉ်လူနာစာရင်း ထုတ်ပြန်ခြင်း၊ Stay at Home မြို့နယ်များ ဖြေလျှော့ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပုံမှန်လုပ်ငန်းလည်ပတ်နိုင်ရေး ဖြေလျှော့မှုများ ဆောင်ရွက်ထားသဖြင့် ပြည်သူလူထုအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာရန်မှာ ပိုအရေးကြီးလာပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ First Dose ကို လူပေါင်း တစ်သန်းခုနစ်သိန်းအထိ ထိုးနှံပြီး ဖြစ်ပါကြောင်း၊ သုတေသနတွေ့ရှိချက်များအရ ကာကွယ်ဆေးထိုးထားသူများတွင် ရောဂါဖြစ်ပွားမှုကာကွယ်နိုင်သလို ဖြစ်ပွားသူများတွင်လည်း ရောဂါပြင်းထန်မှု နည်းပါးသည်ကို တွေ့ရှိရပါကြောင်း။

နောက်တစ်ကြိမ် COVID-19 wave ဖြစ်ပွားမှုမရှိစေရေး ကာကွယ်ဆေးထိုးခြင်းကို ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ရာ အားလုံးပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကာကွယ်ဆေးထိုးနှံမှုလာရောက်ခံယူကြသည်ကို တွေ့ရှိရပါကြောင်း၊ ရောဂါဖြစ်ပွားပါက ကျန်းမာရေးဝန်ထမ်းများသည် ကူးစက်မှုခံရနိုင်ဆုံးသူများဖြစ်သဖြင့် ကာကွယ်ဆေးအပြည့်အဝ ထိုးနှံထားစေလိုပါကြောင်း၊ ရောဂါဖြစ်ပွားပါက လိုအပ်နိုင်သည့် PPE အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ အလုံအလောက် အသင့်ပြင်ဆင်ထားရှိပါကြောင်း၊ တက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများသည် ပြည်သူများ အားကိုးအားထားရာ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ရုံသာမက မိမိတို့၏ လုပ်ဖော်ကိုင်ဖက်ဆရာဝန်အငယ်များ၊ သူနာပြုများ၊ ကျွမ်းကျင်ပညာရှင်များ၊ အခြားလက်အောက်ငယ်သားများအတွက် အနန္တဂိုဏ်းဝင် ဆရာများလည်း ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ နေထိုင်ရန် လိုအပ်သကဲ့သို့ ဆရာများအဖြစ်လည်း ဆရာ့ကျင့်ဝတ် ကျေပွန်ရန် လိုအပ်ပါကြောင်း၊ လုပ်ဖော်ကိုင်ဖက်များကို ဘေးရန်ဆီးကာပေးရန် လိုအပ်ပြီး လမ်းမှားရောက်နေသူများကို စည်းရုံးခေါ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ပြန်လည်ဝင်ရောက်လာမည့် ဝန်ထမ်းများအားလုံးကို လက်ကမ်းကြိုဆိုနေပါကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင်ဝင်ရောက်ရန် အခက်အခဲဖြစ်ပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် Call Center ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဖွင့်လှစ်ပေးထားပါကြောင်း၊ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကာ အချင်းချင်း စည်းလုံးညီညွတ်သောအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စိတ်တိုင်းမကျသည့် အခြေအနေများကို အကြောင်းပြု၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ထမ်းဆောင်မှုမရှိသည့် အမွေဆိုးကို နောင်မျိုးဆက်သစ်များအား မပေးအပ်စေလိုပါကြောင်း၊ ဝန်ထမ်းစည်းကမ်းနှင့်အညီနေထိုင်ခြင်း၊ ကျင့်ဝတ်များ လိုက်နာကျင့်သုံးခြင်းသည် ဘေးအန္တရာယ်အကင်းရှင်းဆုံး ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာရပ်အလိုက် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ဆန္ဒဖော်ထုတ်မှုများ၏ လားရာနှင့် နောက်ကွယ်မှ အမှန်တရား

မင်းခန့်

မြန်မာနိုင်ငံမှာ ပြည်သူလူထု အမှန်တကယ်လိုလားတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ထွန်းလာစေဖို့ တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့ပြီး နဝတ၊ နယက အစိုးရကနေ ပါတီစုံဒီမိုကရေစီစနစ် ဦးဆောင်ပြောင်းလဲပေးခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။

မရှောင်သာ အာဏာထိန်းခဲ့ရ

အဲဒီလို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကာ ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲပေးခဲ့ပြီးနောက် ရွေးကောက်ခံအစိုးရ နှစ်ရပ် ၁၀ နှစ်ကြာ အုပ်ချုပ်ခဲ့ကြရာမှာ ဒုတိယသက်တမ်း NLD ပါတီ အစိုးရလက်ထက်မှာတော့ တစ်ပါတီအာဏာရှင်ဆန်ဆန်ဖြစ်ခဲ့ပြီး သူ့ပါတီ၊ သူ့အစိုးရအာဏာလက်မလွှတ်ရစေရေးအတွက် ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ မဲမသမာမှုအကြီးအကျယ် ပြုလုပ်ပြီး နိုင်ငံတော်အာဏာကို အတင်းအဓမ္မနည်းနဲ့ ရယူဖို့ လုပ်ဆောင်ခဲ့တဲ့အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်က မလွှဲမရှောင်သာ အာဏာထိန်းခဲ့ရတာ အားလုံးအသိဖြစ်ပါတယ်။ အဲဒီလို တပ်မတော်က အာဏာထိန်းခဲ့တာကို အာဏာသိမ်းတဲ့စစ်အစိုးရအဖြစ် ရှုမြင်စေရန် NLD ပါတီဝင်တွေနဲ့ ၎င်းပါတီအပေါ် ဝန်းရံသူတွေအချို့က လှုံ့ဆော်လုပ်ဆောင်ခဲ့တဲ့အတွက် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

ဆန္ဒပြမှုတွေကို လေ့လာကြည့်ရင် ပထမအဆင့်အနေဖြင့် ဖေဖော်ဝါရီလ ပထမနှင့် ဒုတိယသီတင်းပတ်အတွင်းမှာ အာဏာထိန်းတာကို မကြိုက်ကြတဲ့၊ တစ်နည်းအားဖြင့် စစ်တပ်အုပ်ချုပ်မှုကို မလိုလားတဲ့ ပြည်သူအများအပြားက မိမိတို့ရဲ့ သဘောထားများကို ထုတ်ဖော်ပြသတဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှု (Peaceful Protest) ပြုလုပ်ခဲ့ကြပါတယ်။ ဒီအဆင့်မှာ စစ်အုပ်ချုပ်ရေးကို မလိုလားတဲ့ ပြည်သူလူထု လူတန်းစားပေါင်းစုံ ဆန္ဒဖော်ထုတ်ခဲ့ကြတာဖြစ်ပါတယ်။ အုပ်ချုပ်သူနဲ့ ပြည်သူများအကြား အဓိကကွဲပြားချက်ကတော့ တပ်မတော်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထိန်းသိမ်းခြင်းဖြစ်ကြောင်း တရားဝင်ရှင်းလင်းပြောကြားခဲ့ပေမယ့် ပြည်သူအချို့ကတော့ အာဏာသိမ်းတဲ့ဖြစ်ရပ်လို့သာ သဘောပေါက်နားလည်ပြီး စစ်တပ်ရဲ့အုပ်ချုပ်မှုကို မလိုလားကြောင်း နိုင်ငံတစ်ဝန်း ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ဖန်တီးလုပ်ဆောင်ခဲ့ကြ

ဒါပေမယ့်လည်း ဖေဖော်ဝါရီလ တတိယသီတင်းပတ်မှ စတင်ပြီး ယခင်ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေဟာ CDM လှုပ်ရှားမှုတွေ၊ CRPH အဖွဲ့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ပြည်တွင်း/ပြည်ပဘေးပယောဂတွေကြောင့် လူစုလူဝေးနဲ့ဆူပူဆန္ဒပြမှု (Riot) အသွင် ဒုတိယအဆင့်ကို ကူးပြောင်းခဲ့ပါတယ်။ ဒီအဆင့်မှာတော့ NLD ပါတီဝင်တွေနဲ့ NLD ပါတီကို ဝန်းရံထောက်ခံအားပေးသူတွေဟာ စစ်တပ်အာဏာထိန်းမှုကို နားလည်လက်ခံခြင်းမပြုဘဲ အာဏာသိမ်းတဲ့အသွင် ပုံဖော်လှုံ့ဆော်ခဲ့ပြီး ၎င်းတို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေအရ COVID-19 ကပ်ရောဂါရဲ့ ကာလရှည်ကြာဖိစီးနှိပ်စက်မှုကြောင့် စိတ်ပင်ပန်းနွမ်းနယ်လျက်ရှိတဲ့ ပြည်သူလူထုရဲ့ စိတ်ခံစားချက်ကို မြင့်တက်အောင် လုပ်ဆောင်ပြီး လူစုလူဝေးနဲ့ ဆူပူဆန္ဒပြမှုတွေ အရှိန်အဟုန်မြင့်တက်စေရန် ဖန်တီးလုပ်ဆောင်ခဲ့ကြပါတယ်။ ဒီလို လုပ်ဆောင်ရာမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူတွေအကြား အဓိကကွဲလွဲချက်ကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက စိတ်ရှည်သည်းခံစွာနဲ့ အနိမ့်ဆုံးအဆင့်၊ အနည်းဆုံးအင်အားနဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပြီး ဆန္ဒဖော်ထုတ်သူတွေကတော့ ငြိမ်းချမ်းစွာဆန္ဒပြမှုများမှတစ်ဆင့် လူစုလူဝေးနဲ့ ဆူပူဆန္ဒပြမှုတွေ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားသူတွေက Gen Z လို့ခေါ်တဲ့ လူငယ်တွေကို ဆန္ဒပြမှုတွေ၌ ရှေ့တန်းမှာ ပါဝင်စေဖို့ အသုံးချလှုံ့ဆော်လုပ်ဆောင်လာခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဆူပူအကြမ်းဖက် ဆန္ဒပြမှုအသွင်

ဖေဖော်ဝါရီလ စတုတ္ထသီတင်းပတ်အတွင်းမှာတော့ ဆန္ဒပြမှုတွေဟာ CDM လှုပ်ရှားမှုတွေနဲ့ ပေါင်းစပ်ပြီး အစိုးရအုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းစေရေး ရည်ရွယ်ချက်နဲ့ အရှိန်မြှင့်လုပ်ဆောင်ခဲ့ရာမှ လူစုလူဝေးနဲ့ဆူပူဆန္ဒပြမှုအဆင့် (Riot) အသွင်မှ မင်းမဲ့စရိုက်ပုံစံ လူစုလူဝေးနဲ့ ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob) အသွင် တတိယအဆင့်သို့ ပြောင်းလဲလာခဲ့ပါတယ်။ ဒီအဆင့်မှာ ငြိမ်းချမ်းစွာ ဆန္ဒပြလိုသူတွေ မပါဝင်တော့ဘဲ NLD ပါတီဝင်တွေနဲ့ NLD ပါတီဝန်းရံထောက်ခံသူ အစွန်းရောက်တွေက "ငါနှင့်မတူ ငါ့ရန်သူ" ဟု သဘောထားပြီး ဆူပူဆန္ဒပြမှုတွေကို မထောက်ခံသူတွေအား လူစုလူဝေးနဲ့ ဖမ်းဆီးအကြမ်းဖက် သတ်ဖြတ်ခြင်းအထိ လုပ်ဆောင်လာခဲ့ကြပါတယ်။ ကြေးစားလူမိုက်လူရမ်းကားတွေ၊ စိတ်ခံစားမှုမြင့်တက်လွယ်တဲ့ လူငယ်တွေကို သွေးထိုးမြှောက်ပင့်၍ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအပေါ် တုံ့ပြန်ရန်ပြုတိုက်ခိုက်မှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ဆူပူအကြမ်းဖက်သူတွေရဲ့ ရန်ပြုတိုက်ခိုက်လာမှုတွေကို မလွှဲမရှောင်သာ တားဆီးဖြိုခွင်းခဲ့ရာမှာ ထိခိုက်သေဆုံးမှုတချို့ရှိလာခဲ့ပြီး အဲဒီလို ထိခိုက်သေဆုံးမှုတွေကို အကြောင်းပြုပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့ ဖိနှိပ်သတ်ဖြတ်နေတယ်ဆိုတဲ့ ဝါဒဖြန့်မှုတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီဝါဒဖြန့်မှုတွေကို CRPH နဲ့ အခြားမြေပေါ်မြေအောက်အဖွဲ့အစည်းတွေ၊ တရားဝင်/တရားမဝင် မီဒီယာတွေနဲ့ လူမှုကွန်ရက်တွေက ဟန်ချက်ညီညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့ကြလို့ မသိနားမလည်တဲ့ ပြည်သူအချို့က ဝါဒဖြန့်မှုတွေကို ယုံကြည်ခဲ့ကြပါတယ်။ ဒို့အပြင် လုံခြုံရေးတပ်ဖွဲ့တွေရဲ့ အကြောင်းမဲ့နှိပ်စက်သတ်ဖြတ်ခံနေရတဲ့ပြည်သူတွေကို ပြည်ပနိုင်ငံတွေက ဝင်ရောက်ကယ်တင်တော့မယ်ဆိုတဲ့ လုပ်ကြံဖန်တီးထားတဲ့ စိတ်ကူးယဉ်ဇာတ်လမ်းတွေကြောင့် ပြည်သူတွေအကြား R2P မျှော်ကိုးမှုများ မြင့်တက်ခဲ့ပါသေးတယ်။

R2P မျှော်လင့်ချက်နဲ့ အသုံးချခံနေရပြီး နိုင်ငံရေးအရောင်အသွေးမရှိတဲ့ Gen Z တွေ ထိခိုက်သေဆုံးမှု များပြားလာချိန်မှာ NLD အစွန်းရောက်တွေရဲ့ ကြိုးကိုင်ခြယ်လှယ်မှု၊ နောက်ကွယ်မှ ထောက်ပံ့မှုတွေနဲ့ အကြမ်းဖက်ဆူပူဆန္ဒပြမှုတွေ အရှိန်မြင့်တက်လာခဲ့ပြီး Anarchy Mob မှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေအား ရရာလက်နက်တွေနဲ့ တုံ့ပြန်တိုက်ခိုက်တဲ့ Insurrection အဆင့်သို့ ကူးပြောင်းရောက်ရှိခဲ့ပါတယ်။ ဒီအဆင့်မှာ ပါဝင်လှုပ်ရှားသူတွေကတော့ NLD အစွန်းရောက်တွေ၊ အခကြေးငွေယူပြီး ဆောင်ရွက်တဲ့ ကြေးစားအကြမ်းဖက်သမားတွေ၊ မြို့ရွာအသီးသီးရှိ လူရမ်းကားတွေဖြစ်ပြီး ရရာလက်နက်စွဲကိုင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအပေါ် တုံ့ပြန်တိုက်ခိုက်မှုတွေ၊ စက်ရုံ/အလုပ်ရုံတွေ မီးရှို့ဖျက်ဆီးလုယက်မှုတွေ ပြုလုပ်ခဲ့ကြပါသည်။ R2P မျှော်လင့်ချက် မှေးမှိန်လာတဲ့အချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆီ ထွက်ပြေးပြီး ဖက်ဒရယ် အာမီကြွေးကြော်သံနဲ့ စိတ်ကူးပုံဖော်ခဲ့ကြပါသေးတယ်။ အဓိကရည်မှန်းချက်ကတော့ အစိုးရရဲ့ အုပ်ချုပ်မှုယန္တရား ရပ်ဆိုင်းစေရေးအတွက် ဆူပူအကြမ်းဖက်ဆန္ဒပြမှုတွေကို လက်နက်ကိုင် ပုန်ကန်ထကြွမှုအသွင် အဆင်အခြင်မဲ့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။

Insurrection အဆင့်မှ Terrorism အဆင့်သို့

ဆူပူဆန္ဒပြသူတွေဟာ မတ်လ ၂၇ ရက် ပြည်သူ့တော်လှန်ရေးနေ့ဟု သတ်မှတ်ပြီး တစ်နိုင်ငံလုံးအနှံ့ ရဲစခန်းတွေကို စာမျက်နှာ ၇ သို့ ❖

ဒီလှုပ်ရှားမှုအဆင့်တွေကို ကြည့်မယ်ဆိုရင် တတိယအဆင့် Anarchy Mob မှ စတင်ပြီး တည်ငြိမ်အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေက ဆန္ဒပြမှုတွေမှာ ပါဝင်ခြင်းမရှိတော့သလို ခြိမ်းခြောက်အကျပ်ကိုင်မှုကြောင့် လိုက်ပါလုပ်ဆောင်မှုတွေလည်း မရှိတော့တဲ့အတွက် ဆန္ဒပြသူအင်အားတွေ လျော့နည်းခဲ့ပါတယ်။ ဒါပေမယ့် အစိုးရယန္တရား ပျက်ပြားစေရေးနှင့် ဥပဒေကြောင်းအရ ရင်မဆိုင်ရဲသူ ဝရမ်းပြေးများရဲ့ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားမှုတွေကြောင့် အကြမ်းဖက်အဖျက်လုပ်ရပ်များ၊ လက်နက်ကိုင်အကြမ်းဖက် အုံကြွပုန်ကန်မှုများ၊ အကြမ်းဖက်လုပ်ရပ်များ ပိုမိုဖြစ်ပွားလာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ စာမျက်နှာ ၆ မှ
လက်လုပ်သေနတ်တွေ၊ လက်လုပ်ဗုံးနဲ့ လက်ပစ်ဗုံးတွေ အသုံးပြုတိုက်ခိုက်ခဲ့ကြပြီး ဧပြီလ လဆန်းမှ စတင်ကာ အုပ်ချုပ်ရေးမှူးရုံးတွေ၊ စာသင်ကျောင်းတွေ၊ မော်တော်ယာဉ်လိုင်းတွေ၊ တပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းတွေကို မီးရှို့ဖျက်ဆီးခြင်းစတဲ့ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်လာခဲ့ကြပါတယ်။ ဒီအဆင့်မှာတော့ NLD အစွန်းရောက်တွေရဲ့ ဦးဆောင်ပါဝင်မှု၊ သွေးထိုးမြှောက်ပင့်ပေးမှုဖြင့် Insurrection အဆင့် မှ Terrorism အဆင့်သို့ ကူးပြောင်းလုပ်ဆောင်လာလျက်ရှိတာ တွေ့မြင်ရပါတယ်။

ဒါကြောင့် ဒီမိုကရေစီအရေး ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေဟာ နိုင်ငံတော်အစိုးရယန္တရား ဖျက်ဆီးလိုသူ ပြည်တွင်း/ပြည်ပသစ္စာဖောက်တွေရဲ့ လုပ်ရပ်ကြောင့် Insurrection အဆင့်မှ Terrorism အဆင့်သို့ ရောက်ရှိလာခဲ့ပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုတဲ့ ပြည်သူတွေကို စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်စေလျက်ရှိတာ တွေ့မြင်ရပါတယ်။

ဖြစ်ပေါ်ခဲ့သည့် ဆူပူမှုအဆင့်တွေကို လေ့လာကြည့်မယ်ဆိုရင် အောက်ပါဇယားအတိုင်း အဆင့်ဆင့် အသွင်ပြောင်းလဲလာတာ တွေ့ရမှာ ဖြစ်ပါတယ်-

အဆင့်	လှုပ်ရှားမှု	ရည်ရွယ်ချက်	ပါဝင်သူ
ပထမအဆင့်	ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှု (Peaceful Protest)	စစ်အာဏာထိန်းမှုမလိုလား	လူတန်းစားပေါင်းစုံ
ဒုတိယအဆင့်	လူစုလူဝေးဆူပူဆန္ဒပြမှု (Riot)	NLD အာဏာပြန်ရရေး	NLD ထောက်ခံသူများ၊ နိုင်ငံရေးသမားများ၏ အသုံးချခံလူငယ်များ၊ CDM ဝန်ထမ်းများ။
တတိယအဆင့်	လူစုလူဝေးဖြင့်ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob)	အစိုးရယန္တရားရပ်ဆိုင်းရေး	NLD ထောက်ခံသူများ၊ အသုံးချခံလူငယ်များ၊ အခကြေးငွေဖြင့် လုပ်ဆောင်သူများ။
စတုတ္ထအဆင့်	ရရာလက်နက်ဖြင့်တိုက်ခိုက်ခြင်း (Insurrection)	တရားဥပဒေအရ အရေးယူမခံရရေး၊ အစိုးရအုပ်ချုပ်မှု ယန္တရားပျက်စီးရေး	NLD အစွန်းရောက်များ၊ ကြေးစားလူဆိုးလူမိုက် လူရမ်းကားများ၊ ဝရမ်းပြေးများ။
ပဉ္စမအဆင့်	အကြမ်းဖက်တိုက်ခိုက်ခြင်း (Terrorism)	အလုံးစုံပျက်သုဉ်းရေး	NLD အစွန်းရောက်များ၊ ကြေးစားလူဆိုးလူမိုက် လူရမ်းကားများ၊ ဝရမ်းပြေးများ။

တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်တဲ့ နိုင်ငံတော်တည်ဆောက်ဖို့ဆိုရင် အဆိုပါပြည်တွင်း / ပြည်ပ အဖျက်သမားတွေရဲ့ ရန်စွယ်ကို စုပေါင်းတွန်းလှန်ကာကွယ်ကြရမှာ မလွဲကေန်ဖြစ်ပါတယ်။ ပြည်သူတွေ လိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်စေရေး၊ ရိုးသားတဲ့နိုင်ငံရေးပါတီတွေ အားကောင်းပြီး အရည်အချင်းရှိတဲ့ အစိုးရပေါ်ထွန်းစေရေးတို့အတွက် ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲတစ်ရပ် မဖြစ်မနေ ပြန်လည်ကျင်းပပေးရမှာဖြစ်ပါတယ်။ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးမယ်လို့လည်း အာဏာထိန်းထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခိုင်အမာ ကတိပြုထားပြီး အများသိ ကြေညာထားပြီး ဖြစ်ပါတယ်။

ဒီလှုပ်ရှားမှုအဆင့်တွေကို ကြည့်မယ်ဆိုရင် တတိယအဆင့် Anarchy Mob မှ စတင်ပြီး တည်ငြိမ်အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေက ဆန္ဒပြမှုတွေမှာ ပါဝင်ခြင်းမရှိတော့သလို ခြိမ်းခြောက်အကျပ်ကိုင်မှုကြောင့် လိုက်ပါလုပ်ဆောင်မှုတွေလည်းမရှိတော့တဲ့အတွက် ဆန္ဒပြသူအင်အားတွေ လျော့နည်းခဲ့ပါတယ်။ ဒါပေမယ့် အစိုးရယန္တရားပျက်ပြားစေရေးနှင့် ဥပဒေကြောင်းအရ ရင်မဆိုင်ရဲသူ ဝရမ်းပြေးများရဲ့ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားမှုတွေကြောင့် အကြမ်းဖက်အဖျက်လုပ်ရပ်များ၊ လက်နက်ကိုင်အကြမ်းဖက်အုံကြွပုန်ကန်မှုများ၊ အကြမ်းဖက်လုပ်ရပ်များ ပိုမိုဖြစ်ပွားလာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ကျွန်သပေါက်စိတ်ဓာတ်

အဓိက လားရာကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(နစက)ပြုတ်ကျပြီး တိုင်းပြည်တည်ငြိမ်မှုကင်းမဲ့ကာ နိုင်ငံတော်အုပ်ချုပ်မှုယန္တရား ပျက်စီးတဲ့အတွက် နိုင်ငံတကာမှ ဝင်ရောက်ထိန်းသိမ်းပေးရန် တောင်းဆိုတဲ့ ၎င်းတို့ရဲ့ ကျွန်သပေါက်စိတ်ဓာတ်လုပ်ရပ်များကို ရှုမြင်နိုင်ပါတယ်။

အဓိကဇာတ်ကောင်တွေကတော့ CRPH ဝရမ်းပြေးများ၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု အလွန်အမင်း ချစ်ခင်စိတ်ရှိနေသော သာမန်ပြည်သူအချို့၊ NLD အာဏာပြန်လည်ရရှိရေးလိုလားသော NLD အစွန်းရောက်ပါတီဝင်များနှင့် ဝန်းရံသူများဖြစ်ကြောင်း ၎င်းတို့၏လုပ်ရပ်တွေအရ သက်သေခံလျက်ရှိနေပါတယ်။

ဒီမိုကရေစီအရေးမှသည် အာဏာထိန်းအစိုးရ လက်မခံရေး၊ ၎င်းမှတစ်ဆင့် NLD ပါတီ အာဏာပြန်လည်ရရှိရေး၊ ထိုမှတစ်ဆင့် အစိုးရအုပ်ချုပ်မှုယန္တရားရပ်ဆိုင်းရေး၊ ၎င်းမှတစ်ဆင့် နိုင်ငံတော်အလုံးစုံပျက်စီးရေးဆိုတဲ့ လားရာသို့ ဦးတည်နေတဲ့ လုပ်ရပ်တွေဟာ လက်ရှိဆန္ဒပြမှုတွေရဲ့ ဖုံးကွယ်လို့မရတဲ့ နောက်ကွယ်မှ အမှန်တရားတစ်ခုအဖြစ် တွေ့မြင်နိုင်ပါတယ်။

တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်တဲ့ နိုင်ငံတော်တည်ဆောက်ဖို့ဆိုရင် အဆိုပါပြည်တွင်း/ပြည်ပ အဖျက်သမားတွေရဲ့ ရန်စွယ်ကို စုပေါင်းတွန်းလှန် ကာကွယ်ကြရမှာ မလွဲကေန်ဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်စေရေး၊ ရိုးသားတဲ့နိုင်ငံရေးပါတီတွေ အားကောင်းပြီး အရည်အချင်းရှိတဲ့ အစိုးရပေါ်ထွန်းစေရေးတို့အတွက် ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲတစ်ရပ် မဖြစ်မနေ ပြန်လည်ကျင်းပပေးရမှာဖြစ်ပါတယ်။ ပွင့်လင်းမြင်သာတဲ့ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးမယ်လို့လည်း အာဏာထိန်းထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခိုင်အမာ ကတိပြုထားပြီး အများသိ ကြေညာထားပြီး ဖြစ်ပါတယ်။

ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ

ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်ရေးသည်သာလျှင် လက်ရှိနိုင်ငံရေးအကျပ်အတည်းရဲ့ ထွက်ပေါက်တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ မိမိပါတီအာဏာ ပြန်လည်ရရှိရေးအတွက် အစွန်းရောက်ပါတီဝင်တွေကို သွေးထိုးမြှောက်ပင့်ပြီး တိုင်းပြည်ကိုအလုံးစုံပျက်သုဉ်းစေမယ့် အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို လက်ရှိ နိုင်ငံရေးအကျပ်အတည်းရဲ့ ထွက်ပေါက်အဖြစ် လုပ်ဆောင်နေခြင်းဟာ ပြည်သူလူထုအတွက် ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ ခံစားနေရတယ်ဆိုတာ သတိပြုသင့်ပါတယ်။

လက်ရှိအစိုးရ (နစက) အုပ်ချုပ်လို့မရအောင် သာမန်ရိုးသားတဲ့ပြည်သူတွေ၊ နိုင်ငံရေးအရောင်အသွေးမရှိတဲ့ လူငယ်တွေကို အသုံးချပြီး သူပုန်ထ၊ အဖျက်သမားများဖြစ်အောင် လုပ်ဆောင်နေခြင်းဟာဆိုရင် တိုင်းပြည်ရဲ့အနာဂတ်အတွက် လွန်စွာအန္တရာယ်ရှိတဲ့ လုပ်ရပ်တွေပဲဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေရဲ့ နောက်ကွယ်မှ အမှန်တရားတွေကို မှန်ကန်စွာရှုမြင်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးမုန်တိုင်းအကြား ပြည်သူတွေအနေနဲ့ အမှန်၊ အမှားခွဲခြားသိမြင်ပြီး တည်ငြိမ်အေးချမ်းတဲ့ လူမှုဘဝပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

○ ကျောဖုံးမှ

ယခုအခါရောဂါဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁)ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦးရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများကို "ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ" ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်လုပ်ကိုင်ပါ။
(၃) လက်ကို စက္ကန့်(၂၀) ကြာ မကြာခဏ စနစ်တကျဆေးကြောပါ။
(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။
(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံးစသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။
(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။
(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။
(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။
(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။
(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများသွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အကူအညီတောင်းခံလာ

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိသဖြင့် ဆေးကုသရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများက အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သဖြင့် မေ ၁၉ ရက်တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့ကို အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဥပဒေနှင့်မညီသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကို လိုင်စင်ပယ်ဖျက်သွားမည်

နေပြည်တော် မေ ၂၀

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ (၂)ရပ်ကွက်၊ (၃) လမ်းနေ ပြင်ပဆရာဝန် ဒေါက်တာဝေယံဦးသည် ပုဂ္ဂလိကဆေးခန်းဖြစ်သည့် ထူးဝေဆေးခန်း၌ ဆေးကုသနေပြီး မအူပင်ဆေးရုံမှ OPD စာအုပ်ဖြင့် ဆက်လက်ဆေးကုသရန်လိုအပ်နေသော လူနာများကို ၎င်း၏ဆေးခန်းတွင် အခမဲ့ဆက်လက်ကြည့်ရှုပေးမည်ဖြစ်ကြောင်းနှင့် မအူပင်ခရိုင်ပြည်သူ့ဆေးရုံ၏ CDM ပြုလုပ်ခြင်းကို အပြည့်အဝထောက်ခံကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားဖော်ပြပြီး တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းဆရာဝန်များကို CDM ပြုလုပ်ရန် အားပေးလှုံ့ဆော်မှုပြုသဖြင့် ၎င်းအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားရှိပြီးဖြစ်သည်။

ထို့အတူ မအူပင်မြို့ (၁၀)ရပ်ကွက် မင်းလမ်းရှိ မိုးပြည့်စုံဆေးခန်း၌ ဆေးကုသနေသော ပြင်ပဆရာဝန် ဒေါက်တာနိုင်ထူး သည်လည်း ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့သဖြင့် ၎င်းအား သက်ဆိုင်ရာရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားရှိသည်။

နိုင်ငံ့ဝန်ထမ်းဆရာဝန်များကို CDM ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊ ဆူပူဆန္ဒပြခြင်းများတွင် ဦးဆောင်ပါဝင်ခြင်းကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ အရေးယူခြင်းခံရသည့် ဒေါက်တာဝေယံဦးနှင့် ဒေါက်တာနိုင်ထူးတို့ လက်ခံဆေးကုသနေသည့် ထူးဝေဆေးခန်းနှင့် မိုးပြည့်စုံဆေးခန်းတို့ကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ လိုင်စင်ပယ်ဖျက်သွားမည်ဖြစ်သည်။

ဆက်လက်၍လည်း ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်ပြီး ဆရာဝန်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တို့နှင့်မညီဘဲ CDM ပြုလုပ်နေသော ဆရာဝန်များနှင့် ယင်းဆရာဝန်များကို လက်ခံထားသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၊ CDM ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်းများကြောင့် ဥပဒေအရအမှုဖွင့်အရေးယူခံရသည့် ဆရာဝန်များ၏ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကိုလည်း လိုင်စင်ပယ်ဖျက်ပြီး ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

＊ ကျောက်ဖြူမှ

သင်တန်းသူအိပ်ဆောင် RC သုံးထပ်တစ်လုံး၊ ထမင်းစားဆောင် RC သုံးထပ်တစ်လုံးနှင့် ထမင်းချက်ဆောင် RC တစ်ထပ်တစ်လုံး အစရှိသော လုပ်ငန်း ၁၁ မျိုးကို တင်ဒါအောင်ကုမ္ပဏီများက ၂၆-၁-၂၀၂၁ ရက်နေ့မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း စစ်တွေသူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်နုနုဇံထံမှ သိရသည်။

ကျောက်ဖြူမြို့မှ ဒေသခံတစ်ဦးကလည်း "ယခုလိုသူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို တည်ဆောက်နေတဲ့အတွက် အထူးဝမ်းသာရပါတယ်။ အရင်ကဆိုရင် သူနာပြုသင်တန်းတက်မယ့် ကလေးတွေဟာ စစ်တွေမြို့ကိုပဲ သွားတက်ရတော့ ငွေရေးကြေးရေးအခက်အခဲ၊ စားသောက်ရတဲ့အခက်အခဲ၊ နေစရာနေရာအခက်အခဲ အနည်းနဲ့အများတော့ရှိကြတာပေါ့။ ဒီကျောင်းကြီး ဆောက်ပြီးသွားရင်တော့ ဒေသခံကလေးတွေအပြင် ရခိုင်ပြည်နယ်တောင်ပိုင်း နီးစပ်ရာမြို့နယ်တွေက ကလေးတွေပါ ကျောက်ဖြူမြို့မှာပဲ လာတက်ကြမှာဖြစ်လို့ သွားလာရေးကအစ အခက်အခဲများစွာ လျော့နည်းသွားပြီး ပိုမိုအဆင်ပြေလာမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

၎င်းသင်တန်းကျောင်းအဆောက်အအုံများ တည်ဆောက်ပြီးစီးသွားပါက ရခိုင်ပြည်နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးဖြစ်သည့် အရည်အချင်းရှိ ကျောင်းသား ကျောင်းသူလူငယ်များထဲမှ စိတ်ပါဝင်စားသူများအနေဖြင့် အဆိုပါသင်တန်းကျောင်းတွင် တက်ရောက်နိုင်မည်ဖြစ်ကာ သင်တန်းပြီးမြောက် အောင်မြင်ပြီးပါကလည်း ရခိုင်ပြည်နယ်ရှိ ပြည်သူလူထု၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် လူမှုစီးပွားများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)

နိုင်ငံကူးလက်မှတ်များ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

နေပြည်တော် မေ ၂၀

အများပြည်သူဆိုင်ရာ ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် အချို့သောဆရာဝန်များသည် ဆရာဝန်များ၏ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်မညီဘဲ CDM ပြုလုပ်ခြင်း၊ အချို့သည် CDM ပြုလုပ်ပြီး ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် လုပ်ကိုင်နေခြင်း၊ အချို့သော ပြင်ပဆရာဝန်များသည်လည်း နိုင်ငံ့ဝန်ထမ်းဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ CDM ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ဦးဆောင်ပါဝင်ခြင်းများကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ အရေးယူထားသူများကို နေ့စဉ် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိသည်။

သို့ဖြစ်၍ ယင်းသို့ အရေးယူခံထားရသည့် ဆရာဝန်များအား ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်များကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများတွင်လည်း Black List အမည်ပျက်စာရင်းရေးသွင်းထားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် မေ ၂၀

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၄၈၆၄၃ ဦး၊ အတွင်းလူနာ ၄၄၄၇ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၇၀၀၃ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၆၃၃ ဦး စုစုပေါင်း ၁၀၆၃၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၆၉၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၇၆၆ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၉၄၆၅ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

စီမံဆောင်ရွက်ပေးလျက်ရှိ

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကိုဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက်ပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မေ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၇ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်(၁၇)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၀,၈၀၇) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၆၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၀၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၃၃၄၇၆၆၉၉	၂၅၀၄၃၄၆၃	၅၈၁၅၇၂
၂။	အိန္ဒိယ	၁၅၄၁၃၉၇၄	၁၃၁၃၈၆၀၆	၁၈၀၉၇၈
၃။	ဘရာဇီး	၁၃၉၇၇၇၁၃	၁၂၄၆၀၇၁၂	၃၇၅၀၄၉
၄။	ပြင်သစ်	၅၂၉၆၂၂၂	၄၁၅၀၈၄၂	၁၀၁၁၈၀
၅။	ရုရှား	၄၇၁၈၈၅၄	၄၃၄၃၂၂၉	၁၀၆၃၀၇
၆။	ဗြိတိန်	၄၃၉၀၇၈၃	၄၁၅၆၁၃၅	၁၂၇၂၇၄
၇။	တူရကီ	၄၃၂၃၅၉၆	၃၇၃၆၅၃၇	၃၆၂၆၇
၈။	အီတလီ	၃၈၇၈၉၉၄	၃၂၆၈၂၆၂	၁၁၇၂၄၃
၉။	စပိန်	၃၄၂၈၃၅၄	၃၁၄၄၃၅၃	၇၇၁၀၂
၁၀။	ဂျာမနီ	၃၁၇၁၅၂၄	၂၈၀၃၆၀၀	၈၀၉၄၆

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁၆၁၄၈၄၉	၁၄၆၈၁၄၂	၄၃၇၇၇
၂။	ဖိလစ်ပိုင်	၉၅၃၁၀၆	၈၀၉၉၅၉	၁၆၁၄၁
၃။	မလေးရှား	၃၇၉၄၇၃	၃၅၆၈၁၆	၁၃၈၉
၄။	မြန်မာ	၁၄၂၆၆၁	၁၃၁၉၀၈	၃၂၀၆
၅။	စင်ကာပူ	၆၀၈၆၅	၆၀၅၀၃	၃၀
၆။	ထိုင်း	၄၅၁၈၅	၂၈၉၅၈	၁၀၈
၇။	ကမ္ဘောဒီးယား	၇၄၄၄	၂၅၅၅	၄၉
၈။	ဗီယက်နမ်	၂၈၀၀	၂၄၉၀	၃၅
၉။	ဘရူနိုင်း	၂၂၃	၂၁၀	၃
၁၀။	လာအို	၅၈	၄၉	၀

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၂၀

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ပင်လောင်းမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ဖရူဆိုမြို့၊ ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ကြံခင်းမြို့နှင့် ပန်းတနော်မြို့၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မေ ၂၀

ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလများအတွင်း ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် အခြားဘာသာများအလိုက် ဘာသာရေးကျောင်းများအား ခေတ္တပိတ်ထားခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ခွင့်၊ ဝတ်ပြုခွင့်များကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ ပြန်လည်ဖွင့်လှစ်ပေးခဲ့သဖြင့် ယနေ့တွင် ဗုဒ္ဓဘာသာ ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများက စိတ်အေးချမ်းသာစွာ ကုသိုလ်ယူ ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

ဆောင်ရွက်လျက်ရှိ

အလားတူ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဘာသာအလိုက် ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင်လည်း သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၀

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၊ သာစည်မြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များအတွင်း မေ ၁၉ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆိုပါမြို့နယ်များရှိ ကျေးရွာအချို့တွင် နေအိမ်များ၊ စာသင်ကျောင်းများနှင့် သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ သပိတ်ကျင်းမြို့နယ် စပ္ပာယ်နဂိုကျေးရွာရှိ စာသင်ကျောင်း တစ်ကျောင်းနှင့် နေအိမ်အလုံး ၈၀၊ ကျောက်ကွဲကျေးရွာရှိ ဓမ္မာရုံ တစ်လုံးနှင့် နေအိမ် ၁၅ လုံး၊ ညောင်ရမ်းကျေးရွာရှိ နေအိမ် ငါးလုံး၊ မုတ်တော်မှုကျေးရွာရှိ နေအိမ် လေးလုံး၊ ကျောက်ဖြူကျေးရွာရှိ နေအိမ် နှစ်လုံး၊ တောင်လယ်ကျေးရွာရှိ နေအိမ် တစ်လုံး၊ ကျောက်ကြီးကျေးရွာရှိ နေအိမ် နှစ်လုံး၊ ဓမ္မာရုံ တစ်လုံးနှင့် သီလရှင်ကျောင်း တစ်ကျောင်း၊ သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအုပ်စုရှိ နေအိမ် အလုံး ၁၅၀ နှင့် ရှေးဟောင်းရွှေမော်ဓောဓမ္မာရုံ တစ်လုံး၊ ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာ ၂၄ ရွာမှ နေအိမ် ၁၉၂ လုံး၊ စာသင်ကျောင်း နှစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် အဆောက်အအုံ တစ်လုံး၊ ရေစင် တစ်ခုတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျေးရွာများသို့ မေ ၁၉ ရက်နှင့် ယနေ့တို့တွင် နယ်မြေခံ တပ်မတော်သားများက သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ သင်ကြား/စီမံဝန်ထမ်းများ ကျောင်း/ရုံး လုပ်ငန်းခွင်သို့ အင်အားပြည့် တာဝန်ထမ်းဆောင်ကြရန်တိုက်တွန်း

နေပြည်တော် မေ ၂၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာ ဆရာမများအတွက် အားလပ်ရက်ရှည်(Vacation) ခံစားခွင့်ကို ၂၀၂၁ ခုနှစ် မေ ၂ ရက်အထိ သတ်မှတ်ခွင့်ပြုခဲ့ပြီး ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာတန်း(ရေးဖြေ)သင်တန်းများ၊ ဘွဲ့ကြိုနောက်ဆုံးနှစ်သင်တန်းများ၊ တတိယနှစ် ဂုဏ်ထူးတန်းများနှင့် နောက်ဆုံးနှစ် မဟာအရည်အချင်းစစ်သင်တန်းများကို ၂၀၂၁ ခုနှစ် မေ ၅ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။

သို့ဖြစ်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးမှ သင်ကြားရေး ဆရာ ဆရာမများ အားလုံးနှင့် စီမံဝန်ထမ်းများအားလုံးတို့သည် ၂၀၂၁ ခုနှစ် မေ ၃ ရက် တနင်္လာနေ့မှစတင်၍ မိမိတို့၏ လုပ်ငန်းခွင်များသို့ အင်အားပြည့် ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြရန် ပညာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရေဝတီမြစ်ကျော် (၂၁၀) ကေဗွီဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် ရေကြောင်းခေတ္တပိတ်ထားမည်

နေပြည်တော် မေ ၂၀

လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနက လှိုင်သာယာ-အသုတ် (၂၁၀) ကေဗွီ ဓာတ်အားလိုင်းကို ရေဝတီမြစ် ဖြတ်ကျော်၍ ညောင်တုန်းမြို့နယ် သောင်တန်းကျေးရွာမှ ပန်းတနော်မြို့နယ် ကြိမ်ပင်ဆယ်ကျေးရွာသို့ မေ ၂၃ ရက်မှ မေ ၆ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိ သွယ်တန်းမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းခွင်၏ အထက်နှင့်အောက်ရှိ ရေဝတီမြစ်အတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က စောင့်ဆိုင်းပြီး ရေကြောင်းခေတ္တပိတ်ထားမည်ဖြစ်သည်။ အဆိုပါရေကြောင်းအတွင်းမှ ဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ ကင်းလွတ်ရာနေရာတွင် ရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

နှစ်ကူးဆုတောင်းနှင့် ကောင်းမွန်သောအနာဂတ်

.... ထက်မင်း ....

တစ်နှစ်ကူးလို့ နှစ်ဦးကို ရောက်ခဲ့ပြန်ပါပြီ။

နှစ်သစ်ကူးတိုင်း လူသားတို့ မပျက်မကွက် ဆောင်ရွက်ကြသည်များတွင် နှစ်ကူးဆုတောင်းခြင်း၊ နှုတ်ခွန်းဆက်သခြင်းတို့သည်လည်းအပါအဝင်ဖြစ်၏။ ကျား/မ မရွေး၊ ကြီး/ငယ် မဟူ၊ ဆင်းရဲသူ/ချမ်းသာသူမရွေး၊ လူတန်းစားမခြား၊ အလွှာစုံတို့၏ ဆုတောင်းစကားများကို ခြုံငုံကြည့်ပါက "ပျော်ရွှင်ပါစေ၊ ရွှင်လန်းချမ်းမြေ့ပါစေ၊ ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံပါစေ၊ နှစ်သစ်မှာ အရာအားလုံး အဆင်ပြေချောမွေ့ပါစေ၊ များလူခပ်သိမ်း အေးချမ်းသာယာရှိကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ" စသည့် အေးချမ်းခြင်းကို တောင့်တသော၊ ပျော်ရွှင်ခြင်းကို နှစ်ခြိုက်သော၊ အဆင်ပြေမှုကို လိုလားသောစကားများ ဖြစ်ပါ၏။

လက်ရှိပကတိအခြေအနေကို ထင်ဟပ်

ယခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယ၌ ဆုမွန်ကောင်းပို့သခြင်း၊ နှုတ်ခွန်းဆက်စကားများ ပြောကြားခြင်းပြုကြသူများတွင် နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်လည်း အပါအဝင်ဖြစ်ပါသည်။ ကောင်းကျိုးကို ဦးတည်၍ ဆုတောင်းကြသူများထဲတွင် နိုင်ငံတော်အကြီးအကဲ၏ ဆုတောင်းသည် လက်ရှိပကတိအခြေအနေကို ထင်ဟပ်ပြီး ဖြစ်နိုင်သည့် ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းပေးနိုင်သည့် လက်တွေ့ကျလှသော နှစ်ကူးနှုတ်ခွန်းဆက်ဆုတောင်းတစ်ခုအဖြစ် ခံစားမိပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိဖြတ်သန်းနေသော အခြေအနေသည် ပုံမှန်ကာလမဟုတ်ကြောင်းကို အားလုံးသိရှိပြီးဖြစ်ပါသည်။ ပေါ်ပေါက်လာရသည့်အကြောင်းရင်းကို ဤနေရာတွင် အကျယ်မချဲ့လိုတော့ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်မှ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေချိန်၊ ပုံမှန်မဟုတ်သော အခြေအနေတစ်ခုကို ကာလကန့်သတ်ချက်တစ်ခုအတွင်း ဖြတ်သန်းနေရချိန်ဖြစ်ပါသည်။

ပုံမှန်ကာလဖြစ်စေ၊ ပုံမှန်မဟုတ်သောကာလတွင်ဖြစ်စေ လူသားဟူသည်က အေးချမ်းမှုကိုမြတ်နိုးသည်၊ တိုးတက်မှုကို မျှော်လင့်သည်၊ အဆင်ပြေမှုများဖြင့် လောကကို သာယာချမ်းမြေ့စွာ ဖြတ်သန်းလိုကြသည်သာဖြစ်ပါ၏။ အထူးသဖြင့် မိမိတို့မြန်မာလူမျိုးများသည် တင်းတိမ်ရောင့်ရဲတတ်သည့်စိတ်၊ အေးချမ်းတည်ငြိမ်မှုကို နှစ်ခြိုက်သည့်စိတ်၊ ပျော်ရွှင်ချမ်းမြေ့မှုကို အချိန်တိုင်း၊ နေရာတိုင်းတွင် ရှာဖွေနေထိုင်လိုသည့်စိတ်ရှိကြသူများ ဖြစ်ပါသည်။

လူ့ဘဝတွင် စား၊ ဝတ်၊ နေရေးသည် အဓိကကျသည့် အခြေခံလိုအပ်ချက်ဟု ဆိုပါသည်။ သို့သော် ပြောင်းလဲတိုးတက်လာပြီဖြစ်သည့် မျက်မှောက်ခေတ်တွင်မူ စား၊ ဝတ်၊ နေရေး အဆင်ပြေချောမွေ့နေရုံနှင့် မပြီးတော့ပါ။ လူမှုဘဝလုံခြုံမှု၊ လူတန်းစေ့နေထိုင်နိုင်မှု၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားမှုတို့သည်လည်း လိုအပ်လာပြီ ဖြစ်ပါသည်။ အနှစ်ချုပ်ကြည့်ပါက တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့သည် လူ့အသိုင်းအဝိုင်းတွင် မဖြစ်မနေလိုအပ်လာသည့်သဘောဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲက ၎င်းတို့ နိုင်ငံတော်၏တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မြန်မာတိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်သစ်ဆုတောင်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့အပြင် လက်ရှိအခြေအနေပေါ်တွင် ဖြစ်ပျက်နေမှုများအား မျက်ကွယ်မပြုဘဲ ညင်သာသည့် အသွင်ကူးပြောင်းမှုကို လုပ်ဆောင်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမြင်ကျယ်မှု၊ ဉာဏ်ပညာရှိမှုတို့ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်

★ **နိုင်ငံတော်အကြီးအကဲ၏ နှုတ်ခွန်းဆက်ဆုတောင်းသည် တိုင်းရင်းသားပြည်သူများကို ပွင့်လင်းရင်းနှီးနွေးထွေးစွာ မိသားစုစိတ်ဓာတ်ဖြင့် နိုင်ငံ၏လက်ရှိအခြေအနေကို လက်တွေ့ကျကျ ရှုမြင်သုံးသပ်ပြီး လုပ်နိုင်သည့်အခင်းအကျင်းနှင့် ဖြစ်နိုင်သည့်အခြေအနေတို့ကို ရှင်းရှင်းလင်းလင်း ပြောကြားထားခြင်းဖြစ်။**

★ **နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွား တိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်က ပါဝင်ပါ၊ ပူးပေါင်းနိုင်က ပူးပေါင်းပါ၊ ကူညီနိုင်က ကူညီပါ၊ ပံ့ပိုးနိုင်က ပံ့ပိုးပါ၊ ထိုသို့ မဆောင်ရွက်နိုင်ပါကလည်း နားလည်မှုရှိရှိ အချိန်ကာလတစ်ခုအထိ အပြုသဘောဖြင့် စောင့်ကြည့်ကြပါဟု တိုက်တွန်းလို။**

ကြောင်းကိုလည်း အလေးအနက်ပြု တိုက်တွန်းထားပါသည်။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် တိုင်းပြည်၏ စီးပွားရေးကို ပြန်လည်တည်ဆောက်ရာ၌လည်း စီးပွားရေးအခြေခံအဆောက်အအုံများ ခိုင်မာရေးအတွက် အရေးကြီးသည့် စီးပွားရေးအင်စတီကျူးရှင်းများကို အားပေးခြင်း၊ သေချာသော ကုန်ထုတ်လုပ်မှုများကို အားပေးခြင်းတို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း အသိပေးထားပါသည်။

မိသားစုစိတ်ဓာတ်တို့ ပေါ်လွင်ထင်ရှား

နိုင်ငံ့လူဦးရေ ၁၅ သန်းကျော်အတွက် COVID-19 ကာကွယ်ဆေးများကို ဦးစားပေးအဆင့်(၃)ဆင့်၊ အုပ်စု(၅)စုခွဲ၍ ဆောင်ရွက်သွားမည့် အစီအစဉ်ကိုလည်းကောင်း၊ လက်ရှိတွင် ကာကွယ်ဆေး သုံးသန်းခွဲရောက်ရှိနေပြီး ၂၈ သန်း ထပ်မံရောက်ရှိကာ ပြည်သူများအတွက် ရောဂါကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အလေးထားလုပ်ဆောင်နေမှုများကိုလည်းကောင်း ပြောကြားခဲ့ပါသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ မိမိတို့၏အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မည်ဟူ၍ ပြောကြားခဲ့သည့် အားပေးစကားများက နိုင်ငံတော်အစိုးရ၏ စေတနာ၊ မိဘနှင့်တူသော၊ သားသမီးနှင့်တူသော တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် မိသားစုစိတ်ဓာတ်တို့ ပေါ်လွင်ထင်ရှားနေပါသည်။

ကျန်းမာသော၊ ကြံ့ခိုင်သောပြည်သူများ ဖြစ်ရန်လိုပါသည်။ ကာယစွမ်းအား၊ ဉာဏစွမ်းအားကို အပြည့်အဝ အသုံးချနိုင်ရန်လည်း အရေးကြီးပါသည်။ ကျန်းမာသောမျိုးဆက်ဖြင့်သာ တိုးတက်သောနိုင်ငံတော်ကို ထူထောင်နိုင်မည်ဖြစ်ပါ၏။

တိုင်းပြည်တိုးတက်ဖြစ်ထွန်းရေးတွင် ငြိမ်းချမ်းရေး၏ အဓိကကျပုံကိုလည်း ထည့်သွင်းပြောကြားခဲ့ပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် လုပ်ဆောင်မည့်ပုံစံကို ပွင့်ပွင့်လင်းလင်း ပြောကြားထားသည်ကလည်း နိုင်ငံသားတစ်ဦးအနေဖြင့် အားရကျေနပ်ဖွယ်ဖြစ်ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်ဆုတောင်းကို ထပ်ဆင့်ဂုဏ်ဖော်ရေးသားနေခြင်းသည် "ရှင်ဘုရင့်ပုဆိုးပိုးချည်းပဲ" ဟူသည့် အတွေးဖြင့် ဘုန်းတော်ဖွဲ့နေခြင်းမဟုတ်ပါ။ နိုင်ငံတော်အကြီးအကဲ၏ နှုတ်ခွန်းဆက်ဆုတောင်းသည် တိုင်းရင်းသားပြည်သူများကို ပွင့်လင်းရင်းနှီးနွေးထွေးစွာ မိသားစုစိတ်ဓာတ်ဖြင့် နိုင်ငံ၏ လက်ရှိအခြေအနေကို လက်တွေ့ကျကျ ရှုမြင်သုံးသပ်ပြီး လုပ်နိုင်သည့်အခင်းအကျင်းနှင့် ဖြစ်နိုင်သည့်အခြေအနေတို့ကို ရှင်းရှင်းလင်းလင်း ပြောကြားထားခြင်းဖြစ်ပါသည်။ ယင်းသို့သော မင်္ဂလာစကားကို မကြားလိုက်ရသူ၊ မဖတ်လိုက်ရသူ၊ မသိသေးသောသူ၊ သတိမထားမိသောသူ၊ ကြားလိုက်မြင်လိုက်သော်လည်း အမှတ်တမဲ့ဖြစ်နေသေးသောသူတို့ မှတ်မှတ်ထင်ထင်၊ သတိမူစေလိုသည့် မေတ္တာစိတ်အရင်းခံဖြင့် ရေးသားရခြင်း ဖြစ်ပါသည်။

ပြည်သူတို့လိုလားသောဆန္ဒနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ကတိပြုထားသည့် တပ်မတော်အစိုးရ၏ လုပ်ဆောင်မှုများကို မိမိတို့ပြည်သူများအနေဖြင့် အပြုသဘောရှုမြင်စေချင်ပါသည်။ တဒင်္ဂစိတ်ခံစားမှုအတွေးများ၊ အဖျက်အမှောင့်ပယောဂကြောင့်ဖြစ်ပေါ်လာသည့် သံသယများကို ဘေးဖယ်ကာ ပကတိဖြစ်စဉ်များ၊ လက်တွေ့မျက်မြင်ဘဝများကို နှလုံးသွင်းပြီး ဆင်ခြင်သုံးသပ်ကြစေလိုပါသည်။

နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွား တိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်က ပါဝင်ပါ၊ ပူးပေါင်းနိုင်က ပူးပေါင်းပါ၊ ကူညီနိုင်က ကူညီပါ၊ ပံ့ပိုးနိုင်က ပံ့ပိုးပါ၊ ထိုသို့ မဆောင်ရွက်နိုင်ပါကလည်း နားလည်မှုရှိရှိ အချိန်ကာလတစ်ခုအထိ အပြုသဘောဖြင့် စောင့်ကြည့်ကြပါဟု တိုက်တွန်းလိုပါသည်။

လွတ်မြောက်ဖို့ အချိန်တန်

အစိုးရနှင့်ပြည်သူအချို့အကြား၊ နိုင်ငံ့ဝန်ထမ်းအချို့အကြား သွေးခွဲသပ်လျှိုမှုများကြောင့် ဖြစ်ပွားပေါ်ပေါက်ခဲ့ရသည့် ပဋိပက္ခများ ရပ်တန့်ဖို့ အချိန်တန်ပါပြီ။ တိုင်းပြည်လည်း နာ၊ လူထုလည်း နာ ဘယ်အရာမှ၊ ဘယ်ဘက်မှာမှ ကောင်းကျိုးမဖြစ်၊ ဆိုးညစ်သံသရာကြီးထဲက လွတ်မြောက်ဖို့ အချိန်တန်ပါပြီ။

ဤဆောင်းပါးကို နိုင်ငံတော်အကြီးအကဲက နှစ်သစ်ဆုတောင်းနိဂုံးပိုင်းတွင် ပြောကြားခဲ့သည့် စိတ်နှလုံးချမ်းမြေ့ဖွယ်၊ ကြည်နူးဝမ်းမြောက်ဖွယ်၊ အားတက်ရွှင်လန်းဖွယ်ဖြစ်စေသော အောက်ပါစကားများကို ထပ်မံဖော်ပြခြင်းဖြင့် အဆုံးသတ်လိုပါသည်-

> "ယခုလို ၁၃၈၃ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလအခါသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရသည့် နှစ်ဟောင်းတွေမှ အားနည်းချက်များကို ပြုပြင်၊ အားသာချက်များကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ကျွန်တော်တို့နှင့်အတူ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်ကြပါစို့လို့ ဆန္ဒမွန်ပြု နှစ်သစ်ဦးအမှာစကားပါးလိုက်ပါသည်။ အားလုံးကျန်းမာရွှင်လန်းကြပါစေခင်ဗျာ"

နှစ်ကူးဆုမွန်ကောင်းများနှင့်အတူ ကောင်းမွန်သော မြန်မာ့အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

အသက် ၁၆ နှစ်နှင့်အထက် အမေရိကန်နိုင်ငံသားအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိမည်ဟု ဂျိုးဘိုင်ဒင် ကြေညာ

ဝါရှင်တန် မေ ၂၀

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အသက် ၁၆ နှစ်နှင့်အထက် အသက်အရွယ်ရှိသည့် အမေရိကန်နိုင်ငံသားအားလုံးကိုဗစ်-၁၉ရောဂါကာကွယ်ဆေးရရှိမည်ဟု ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မက်ဆာချူးဆက်ပြည်နယ်အပါအဝင် ပြည်နယ်ခြောက်ခု၌ အသက် ၁၆ နှစ်နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို မေ ၁၉ ရက်တွင် ဆောင်ရွက်ခဲ့ပြီးနောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အထက်ပါကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မေ ၁၉ ရက်အထိကာလအတွင်း အမေရိကန်နိုင်ငံလူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို တည်တည်ငြိမ်ငြိမ်ဖြင့် ထောက်ပံ့ပေးနိုင်ပြီဖြစ်သောကြောင့် ပြည်နယ်တချို့ကမူ ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံသည် စာသင်ကျောင်းများကို ဘေးကင်းလုံခြုံစွာပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် အသက် ၁၆ နှစ်အောက် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၆၁ သန်းကျော်ရှိလာ

ဂျကာတာ မေ ၂၀

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၅၄၉ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၁၄၈၄၉ ဦးအထိရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၀ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၃၇၇၇ ဦးအထိရှိလာခဲ့ကြောင်းလည်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၇၂၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၄၆၈၁၄၂ ဦး အထိရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ် ၃၄ ခုစလုံးသို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး အထူးသဖြင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း အနောက်ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၉၉ ဦး၊ ဗဟိုဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၈၂ ဦး၊ ဂျကာတာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၀ နှင့် အရှေ့ဂျာဗား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၈ ဦးအသီးသီးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

အီရန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၂၈ သန်းကျော်ရှိလာ

တီဟီရန် မေ ၂၀

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၄၉၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၂၈၆၉၂၇ ဦးအထိရှိလာခဲ့ကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉၅ ဦးရှိခဲ့သဖြင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၇၅၂၅ ဦးအထိရှိလာခဲ့ကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆီမာဆာဒက်လာရီက နေ့စဉ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၈၁၀၅၃၁ ဦးရှိခဲ့ပြီဖြစ်သောကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၄၉၁၁ ဦးသာကျန်ရှိတော့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အီရန်နိုင်ငံ၌ ပြည်သူ ၁၄ ဒသမ ၆၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ထားပြီးဖြစ်ကြောင်း ဆီမာဆာဒက်လာရီက ပြောကြားခဲ့သည်။ ထို့ပြင် အီရန်နိုင်ငံ သမ္မတဟက်ဆန်ရိုဟာနီကလည်း ၎င်း၏အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

အိန္ဒိယလေယာဉ်ပေါ် စီးနင်းလိုက်ပါလာသူ ခရီးသည် ၄၉ ဦးထက်မနည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

ဟောင်ကောင် မေ ၂၀

မေ ၄ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ဟောင်ကောင်သို့ ထွက်ခွာသော အိန္ဒိယလေကြောင်းလိုင်း Vistara ပိုင် လေယာဉ်ပေါ် စီးနင်းလိုက်ပါလာသူ ခရီးသည် ၄၉ ဦးထက်မနည်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဟောင်ကောင်အာဏာပိုင်များသည် ဒေသအတွင်း N501Y အမျိုးအစား ကူးစက်မြန် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ပထမဆုံး တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအန္တရာယ် အမြင့်မားဆုံး နိုင်ငံများအဖြစ် သတ်မှတ်ထားသော အိန္ဒိယ၊ ပါကစ္စတန်နှင့် ဖိလစ်ပိုင်နိုင်ငံများမှလာသော လေကြောင်းလိုင်းအားလုံးအား မေ ၁၉ ရက်မှ စ၍ ဟောင်ကောင်မြို့သို့ ဝင်ရောက်ခြင်းကို သီတင်းပတ်နှစ်ပတ်ကြာ တားမြစ်ပိတ်ပင်ထားသည်။

အိန္ဒိယနိုင်ငံ၌ မကြာသေးမီရက်များမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်ပြီး နိုင်ငံအတွင်းရှိ ဆေးရုံများတွင် ကိုဗစ်လူနာများဖြင့် ပြည့်နေသည့်အတွက် အစိုးရကတင်းကြပ်သော အသွားအလာကန့်သတ်မှုများကိုပြန်လည်ချမှတ်ရန် ဆောင်ရွက်ခဲ့သည်။ မြို့တော်နယူးဒေလီဒေသန္တရအစိုးရသည် မြို့တွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် မေ ၁၉ ရက်ညမှ စ၍ ခြောက်ရက်ကြာ အသွားအလာကန့်သတ်မှု ချမှတ်လိုက်သည်။

ဟောင်ကောင်အာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် ဒေသအတွင်းသို့ ဝင်ရောက်လာသည့်ခရီးသည်များကို ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစင်တာများတွင် သီတင်းပတ်သုံးပတ်ကြာ မဖြစ်မနေ စောင့်ကြည့်မှုခံယူကြရန် သတ်မှတ်ထားပြီး ယင်းစောင့်ကြည့်မှုခံယူချိန်ကာလအတွင်း ခရီးသည်များအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဗြိတိန်၊ တောင်အာဖရိက၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၂၅ ခုမှ ဟောင်ကောင်သို့ လာရောက်လည်ပတ်သောခရီးသည်များသည် ၎င်းတို့၏ ခရီးစဉ်မစတင်မီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း သက်ဆိုင်ရာနိုင်ငံများမှ ဆေးထောက်ခံချက်ကို ပြသနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ

တရုတ်နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၉၅ သန်းကျော် သုံးစွဲခဲ့ပြီးဖြစ်

ပေကျင်း မေ ၂၀
တရုတ်နိုင်ငံတစ်ဝန်း၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၉၅ ဒသမ ၀၂ သန်းခန့် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း တရုတ်ကျန်းမာရေးကော်မရှင်က ယနေ့ပြောကြားသည်။

တရုတ်နိုင်ငံယူနန်ပြည်နယ်တွင် ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦး တွေ့ရှိခဲ့သလို ပြည်ပနိုင်ငံများမှ ပြန်လာသော လူကိုးဦးတွင် ရောဂါကူးစက်ခံရကြောင်း တရုတ်ပြည်မကြီးက မေ ၁၉ ရက်တွင် သတင်းဖော်ပြသည်။

တရုတ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် အဆင်ပြေချောမွေ့စေရန်အလို့ငှာ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ အစီအစဉ်များအတွက် ဝန်ဆောင်မှုပေးနိုင်သော ရွေ့လျားယာဉ်များ အသုံးပြုခြင်းကဲ့သို့သော အစီအမံအမျိုးအပြားကို လုပ်ဆောင်ထားကြောင်း သိရသည်။

တရုတ်ကျန်းမာရေးအာဏာပိုင်များသည် ယခုနှစ်ကုန်ပိုင်းနှင့် လာမည့်နှစ် နှစ်လယ်ခန့်အကြားတွင် နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် စီစဉ်ထားကြောင်း တရုတ်ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာ အကြီးအကဲ ကောင်ဖူက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄ ဒသမ ၃ သန်းကျော်ရှိလာ

အန်ကာရာ မေ ၂၀
တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၅၁၄၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၃၂၃၅၉၆ ဦးအထိ ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၄၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၆၂၆၇ ဦးရှိလာကာ လွန်ခဲ့သည့်တစ်ရက်တာကာလ အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၈၉၄၇ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၇၃၆၅၃၇ ဦးအထိ ရှိလာကြောင်းလည်း သိရသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ပြည်သူ ၃၁၈၈၆၉ ဦးအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိစစ်ဆေးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုရှိ၊ မရှိစစ်ဆေးပြီးသူ ၄၄၀၈၇၆၂၈ ဦးအထိ ရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ဆိုင်ရာ အတည်ပြုချက်ရရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ပြီး လက်ရှိတွင် လူဦးရေ ၁၂၃၂၈၀၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ	
ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၁၄၂၈၂၂၂၁၈ ဦး
သေဆုံးသူ	၃၀၄၆၃၂၁ ဦး
ပြန်လည်ကျန်းမာလာသူ	၁၂၁၃၅၆၁၆၇ ဦး

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၉၁၇၀ ရှိ

နယူးဒေလီ မေ ၂၀
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၉၁၇၀ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၅၃၂၁၀၈၉ ဦး အထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၇၆၁ ဦး စံချိန်တင် သေဆုံးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၈၀၅၃၀ အထိ ရှိလာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၃၁၀၈၅၈၂ ဦး ရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၂၀၃၁၉၇၇ ဦး ကျန်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် မြင့်တက်လျက်ရှိခြင်းကြောင့် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် အိန္ဒိယအစိုးရက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်အသစ်များကို ချမှတ်ခဲ့ကြောင်းလည်း သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလ အတွင်းက စတင်ခဲ့ပြီး လက်ရှိတွင် အိန္ဒိယပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၂၇ သန်းကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်

ပေါ်တူဂီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနည်းပါးသော ဒေသများတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

လစ္စဘွန်း မေ ၂၀
ပေါ်တူဂီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနည်းပါးသော ဒေသများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းများကို ဆက်လက်လိုက်နာစေလျက် စာသင်ကျောင်းများ၊ စတိုးဆိုင်များ၊ ဈေးဝယ်စင်တာများနှင့် စားသောက်ဆိုင်များကို ယမန်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၎င်းအပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများပြားသော ဒေသများတွင်လည်း လူခြောက်ဦးအထိ အုပ်စုဖွဲ့ပြီး အားကစားလေ့ကျင့်ခြင်းကို ခွင့်ပြုခဲ့ပြီး လက်ထပ်ပွဲများနှင့် ဘာသာရေးဆုတောင်းပွဲများကိုလည်း ကျင်းပခွင့်ပြုခဲ့ရာ ခန်းမဆောင်အတွင်း လူဝင်ဆံ့နိုင်သော ပမာဏ၏ ၂၅ ရာခိုင်နှုန်းကို တက်ရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အလွန်များပြားသော ဒေသ လေးခုတွင် စာသင်ကျောင်းများ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ယဉ်ကျေးမှုဆိုင်ရာ စင်တာများကို ပိတ်ထားခဲ့သည်။ ထို့ပြင် စပိန်နှင့် ပေါ်တူဂီ နယ်စပ်ဒေသကိုပိတ်ထားပြီး ပေါ်တူဂီမှ ဗြိတိန်နှင့် ဘရာဇီးနိုင်ငံများသို့ မဖြစ်မနေ ပြေးဆွဲရမည့် လေကြောင်းခရီးစဉ်များကို ပြေးဆွဲခွင့်ပြုထားသည်။ နိုင်ငံသား ၂ ဒသမ ၅ သန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း ပေါ်တူဂီ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ

ကနီမြို့နယ် ကွန်းပင်ရေမိုက်ကရိုဝေ့စတေရှင်၌ တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်

နေပြည်တော် ဧပြီ ၂၀
စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း ကွန်းပင်ရေမိုက်ကရိုဝေ့စတေရှင်၌ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဧပြီ ၁၈ ရက်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက တူမီးသေနတ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကနီမြို့နယ် ကွန်းပင်ရေမိုက်ကရိုဝေ့စတေရှင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအနက်မှ ဒုအရာခံဗိုလ် စိုးစိုးအောင် အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦးတို့သည် ဧပြီ ၁၈ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ရေဆိပ်သို့ ရေချိုးရန်အတွက် စခန်းမှ ထွက်ခွာခဲ့စဉ် ၎င်းနှင့်အတူပါရှိသည့် စစ်သည်များအား မစောင့်ဘဲ ဆိုင်ကယ်ဖြင့် ရှေ့မှတစ်ဦးတည်း မောင်းနှင်ထွက်ခွာလာခဲ့ကြောင်း၊ ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် ရေဆိပ်ဘက်မှ တူမီးသေနတ်သံများနှင့် အော်ဟစ်ဆူညံသံများကို ကြားရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ ဒုအရာခံဗိုလ် စိုးစိုးအောင်အား မတွေ့ရှိရဘဲ ၎င်းကိုင်ဆောင်သည့် လက်နက်၊ ခဲယမ်းများနှင့်အတူ ပျောက်ဆုံးလျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီ ၁၉ ရက်တွင် ကွန်းပင်ရေမိုက်ကရိုဝေ့စတေရှင်နှင့် ဝန်းကျင်တစ်ဝိုက်အား လိုက်လံရှာဖွေရာ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် တူမီးခဲစသုံးချက် ရင်ဘတ်ထိမှန်ဒဏ်ရာဖြင့် လဲကျသေဆုံးနေသည့် ဒုအရာခံဗိုလ် စိုးစိုးအောင်၏ ရုပ်အလောင်းအား တွေ့ရှိခဲ့ကြောင်း။

ဖြစ်စဉ်အား စိစစ်ခဲ့ရာတွင် ယင်းနေ့တွင် ရေဆိပ်အနီး၌ ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်က အသင့်ပုန်းအောင်းစောင့်ဆိုင်း၍ ရောက်ရှိလာသည့် ဒုအရာခံဗိုလ် စိုးစိုးအောင်အား ဝိုင်းဝန်းဖမ်းဆီးကာ တူမီးသေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါသေဆုံးစစ်သည်၏ ရုပ်အလောင်းအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ တပ်မတော်ထုံးတမ်းစဉ်လာနှင့်အညီ သင်္ဂြိုဟ်သွားမည်ဖြစ်ကြောင်းနှင့် ပျောက်ဆုံးလျက်ရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား ပြန်လည်ရရှိရေးနှင့် ဆူပူအကြမ်းဖက်မှုတွင် ဦးဆောင်သူများနှင့် ပါဝင်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဇယ်လွမ်းအား သိမ်းဆည်းရမိသည့်မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဗန်းမော်မြို့နယ်၌ ငွေကျပ်သိန်း ၁၉၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၀
ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ ငွေကျပ်သိန်း ၁၉၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် သတင်းအရ ဗန်းမော်မြို့နယ် နမ့်ဖာရပ်ကွက် ဗန်းမော်-မြစ်ကြီးနားသွားကားလမ်းတွင် ဗန်းမော်မှ မြစ်ကြီးနာသို့ ဇယ်လွမ်း မောင်းနှင်လာသည့် PAJERO အမျိုးအစားယာဉ်ကို ရှာဖွေရာ ယာဉ်၏ ဆီတိုင်ကီအတွင်းမှ ဆပ်ပြာခွက် ၁၀၂ ခွက် ဖြင့်ထည့်လျက် ဘိန်းဖြူ ၁ ဒသမ ၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၉၅၀ (တန်ဖိုးငွေကျပ်သိန်း ၁၉၈၈ ဒသမ ၂၅ သိန်း) တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မှ ကချင်ပြည်နယ် (ဝိုင်းမော်)သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူကို ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၀
ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ထိုသို့လုပ်ဆောင်နေမှုများကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နည်းပညာတက္ကသိုလ် (နျူကလီးယား)နည်းပညာဌာန ပါမောက္ခ ဒေါက်တာမင်းမင်းစိုး(၄၃) နှစ် (ဘ)ဦးအောင်သိန်းသည် CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းနှင့် တည်ငြိမ်အေးချမ်းစွာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို လိုက်လံစည်းရုံးခြင်း၊ ဆူပူဆန္ဒပြမှုတွင် ပါဝင်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လှုံ့ဆော်စာများရေးသားခြင်း၊ CDM တွင် ပါဝင်ခြင်းမရှိသည့် ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ဧပြီ ၅ ရက်တွင် ကျောက်ဆည်မြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က(ဂ)ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။

ယင်းသို့အမှုဖွင့် ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ဒေါက်တာမင်းမင်းစိုးကို တိမ်းရှောင်နေသည့် ကျောက်ဆည်နည်းပညာတက္ကသိုလ်အတွင်းရှိ ဝန်ထမ်းအိမ်ရာ၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကျောက်ဆည်မြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၀
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○

ပြည်သူတွေ သတင်းအဆိပ်သင့်ခြင်းမှ ကင်းဝေးပါစေ

သူရိန်သော်

သတင်းဆိုတာ မိမိနဲ့ထိစပ်ပတ်သက်နေတဲ့ နေရာဒေသက ပုံမှန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ ထူးခြားတဲ့ အကြောင်းအရာတွေလို့ သတင်းစာဆရာတွေက ဆိုကြပါတယ်။ ရပ်ကွက်ထဲက ရန်ပွဲကနေ ကိုယ့်မြို့ ကိုယ့်ရွာက သာရေးနာရေး၊ ထူးခြားဖြစ်စဉ်တွေကနေစလို့ ကိုယ့်နိုင်ငံအတွင်းက ထူးခြားတဲ့အကြောင်းအရာ၊ ထင်ရှားကျော်ကြားတဲ့သူတွေ၊ ဩဇာအာဏာကြီးမားသူတွေရဲ့ လှုပ်ရှားမှုအခြေအနေ၊ ကမ္ဘာကြီးပေါ်က ထူးခြားတဲ့အကြောင်းအရာတွေက သတင်းတွေဖြစ်ပါတယ်။ ဒါပေမယ့်သတင်းတွေဟာ နေရာဒေသနဲ့ လူတွေရဲ့ စိတ်ဝင်စားမှုတွေအပေါ် လိုက်ပြီး တန်ဖိုးကွာခြားကြပါတယ်။ လူစိတ်ဝင်စားပြီး လူအများစုနဲ့ သက်ဆိုင်တဲ့ သတင်းမျိုးတွေက သတင်းတန်ဖိုးမြင့်မားပြီး အဲဒီသတင်းကို သိလိုတဲ့သူကလည်း အများဆုံးဖြစ်ပါတယ်။

အဲဒီလို သတင်းတန်ဖိုးရှိတဲ့ သတင်းတွေကို သတင်းထောက်တွေက အဓိကထားပြီး သတင်းရယူကြတယ်။ ရေးသားဖော်ပြကြတယ်၊ ရုပ်သံအဖြစ် ထုတ်လွှင့်ကြပါတယ်။ လူစိတ်ဝင်စားတဲ့ အကြောင်းအရာတွေကို ဖော်ပြကြတဲ့အခါ လူတွေရဲ့ခံစားချက်၊ လူတွေရဲ့စိတ်ဝင်စားမှုအတိမ်၊ အနက်က မြင့်လာလေလေ အဲဒီသတင်းနဲ့ ပတ်သက်တဲ့ နောက်ဆက်တွဲသတင်းတွေလည်း ထွက်လာတတ်ပါတယ်။ အဲဒီအခါ တိကျတဲ့အချက်အလက်မဟုတ်တော့ဘဲ ခန့်မှန်းထားတာတွေ၊ ချဲ့ကားထားတာတွေနဲ့ မဟုတ်မမှန်တဲ့အကြောင်းအရာတွေ ပါလာတတ်တော့တာပါပဲ။

လက်ရှိမြန်မာပြည်သူတွေ အများဆုံးခံစားနေကြရတာကလည်း သတင်းမှားတွေ၊ သတင်းအတုအယောင်တွေ၊ ချဲ့ကားထားပြီး မဟုတ်မမှန်အကြောင်းအရာတွေ False Hope ထည့်ထားတဲ့ သတင်းတစ်ဝက်မှန် တစ်ဝက်မှားတွေကြောင့်ပဲဖြစ်ပါတယ်။ ပြည်သူကို တပ်မတော်နဲ့ သွေးကွဲအောင်၊ လက်ရှိ တာဝန်ယူဆောင်ရွက်ပေးနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လုပ်ဆောင်ချက်တွေ၊ ရှေ့ဆက်သွားမယ့် မူဝါဒတွေ၊ ရည်မှန်းချက်တွေကို ဆက်လက်လုပ်ဆောင်ဖို့ ခက်ခဲအောင် ပြည်သူတွေကို သွေးထိုးလှုံ့ဆော်ပြီး ဝါဒအမှား၊ အတွေးအခေါ်အမှားတွေကို အဲဒီလိုသတင်းအယောင်ဆောင်ထုတ်လွှင့်သူတွေက ဆက်တိုက်လုပ်ဆောင်လာကြတာကိုလည်း မြင်တွေ့နေရပါတယ်။

သတင်းမှန်နေရာမှာ အစားထိုးလာ

နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေကို လျစ်လျူရှုကြဖို့အတွက် အဖျက်အုပ်စုက ပြည်သူတွေကြည့်ရှုလို့မရအောင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနဲ့ တပ်မတော်သတင်းမှန်ပြန်ကြားရေး၊ မြန်မာ့အလင်း၊ ကြေးမုံ စတဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေကို ဖျက်ပစ်လိုက်ကြပါတယ်။ ဒါမှသာ အစိုးရနဲ့ ပြည်သူတို့အကြား သတင်းအချက်အလက် ပြတ်တောက်စေဖို့အတွက်ဖြစ်ပါတယ်။ နိုင်ငံရဲ့ အပြောင်းအလဲတစ်ရပ်ကို ဖြတ်သန်းနေကြတဲ့ ပြည်သူတွေအဖို့ သတင်းတွေကို သိရှိကြဖို့ ကြိုးစားတဲ့အခါ လုပ်ကြံထားတဲ့ သတင်းတွေက သတင်းမှန်နေရာမှာ အစားထိုးလာကြတာကိုလည်း မြင်တွေ့ရပါတယ်။ ဥပမာပြောရရင် အချို့သတင်းဌာနတွေဟာ သွေးဆူလွယ်တဲ့ နိုင်ငံရေးသမားတွေကို တွေ့ဆုံမေးမြန်းပြီး ပြည်သူတွေ သွေးအေးမသွားအောင် လှုံ့ဆော်တယ်။ ဆန္ဒပြတဲ့နေရာတွေမှာ အဖိတ်အစဉ်အသေအဆုံးတွေကို တိကျတဲ့စုံစမ်းမှုမလုပ်ဘဲ ဖော်ပြတယ်။ သေဆုံးသွားတဲ့ ဆန္ဒပြလှုပ်ရှားသူအချို့ရဲ့ နာရေးကို သတင်းကျင့်ဝတ်နဲ့မညီတဲ့ တင်ဆက်ပုံမျိုး၊ ပြည်သူတွေကို မျက်ရည်ချူတဲ့ တင်ဆက်မှုမျိုးတွေနဲ့ တင်ဆက်လာကြတယ်။ နောက်ပိုင်း ဆန္ဒပြပွဲတွေမှာ လူဦးရေနည်းပါးလာတဲ့အခါ လူအုပ်စုအနည်းငယ်ကို ကင်မရာမြင်ကွင်းအပြည့်ထည့်ပြီး လူများသယောင် ဖန်တီးတင်ဆက်လာကြတာကိုလည်း မြင်တွေ့ရပါတယ်။

သတင်းမှန်စီးဆင်းမှု အားနည်းလာ

သတင်းတွေကို ဖတ်ရှုတဲ့အခါ သတိထားရမယ့်အချက်များစွာရှိပါတယ်။ အထူးသဖြင့် အွန်လိုင်းပေါ်က ဝက်ဘ်ဆိုက်တွေ၊ ဖေ့စ်ဘွတ်နဲ့ တွစ်တာက အကြောင်းအရာတွေကို တွေ့ရ မြင်ရ ကြားရတဲ့အခါ အလွယ်တကူပဲ ယုံကြည်မိလိုက်ကြတာ များပါတယ်။ လက်ရှိ ပြည်သူတွေကြားမှာ သတင်းအတုတွေ၊ တစ်ဝက်တစ်ပျက် အမှန်နဲ့အမှား ရောထွေးနေတဲ့ သတင်းတွေနဲ့ လုပ်ကြံဖန်တီးထားတဲ့ သတင်းအကြောင်းအရာတွေ၊ စိတ်ကူးယဉ်မှုကို အခြေခံထားတဲ့ မျှော်လင့်ချက်ပေးတဲ့ အကြောင်းအရာတွေ၊ လူတန်းစားအမျိုးမျိုးရဲ့ ထင်ရာမြင်ရာကို တစ်ယူသန်ရေးသားထားတဲ့ အကြောင်းအရာတွေက လွှမ်းမိုးနေတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။ သတင်းအချက်အလက် မှန်မှန်ကန်ကန်ကို သိနိုင်ဖို့အတွက် သတင်းမှန်စီးဆင်းမှုကတော့ အတော်လေး အားနည်းလာတာကိုလည်း မြင်တွေ့နေရပါတယ်။

သတင်းစာဆရာတွေကို ဝါရင့်ဆရာသမားတွေက မှာကြားတဲ့စကားရှိပါတယ်။ “ကြားတိုင်းလည်း မယုံနဲ့၊ မြင်တိုင်းလည်း မယုံနဲ့၊ သိတိုင်းလည်း မပြောနဲ့” ဆိုပြီး ဖြစ်ပါတယ်။ သတင်းစာပညာရဲ့ ကျင့်ဝတ်မှာလည်း ပါဝင်ပါတယ်။ အဲဒီလိုပဲ ပြည်သူတွေအဖို့လည်း သတင်းအကြောင်းအရာတစ်ခုကို ကြားလိုက်တိုင်း၊ မြင်လိုက်တိုင်း၊ သိလိုက်တိုင်း မယုံဖို့နဲ့ လွယ်လွယ်ကူကူပြန်လည်မမျှဝေဖို့ သတိပြုသင့်ပါတယ်။ စာရေးသူသိခဲ့ရဖူးတဲ့ အကြောင်းအရာတစ်ခုဆိုရင် ကားတစ်စီးရှေ့မှာ လူတစ်ဦး လဲကျမေ့မြောနေပါတယ်။ သတင်းသမားကို အနီးအနားကလူတွေက ကားတိုက်မှုဆိုပြီးပြောတဲ့အတွက် သတင်းသမားက သတင်းဌာနကို ကားတိုက်မှုသတင်းပေးပို့ပါတယ်။ မြင်တွေ့တဲ့မြင်ကွင်းကို ဓာတ်ပုံရိုက်ပါတယ်။ အမှန်က သူ့ကျန်းမာရေးအခြေအနေကြောင့် ကားရှေ့ လဲကျသွားရတာပါ။ သတင်းသမားဟာ ထောင့်စုံအောင် မေးမြန်းမှုမရှိခဲ့တဲ့အတွက် သတင်းက အမှန်တရားနဲ့ ဝေးကွာသွားနိုင်ပါတယ်ဆိုတာကို အဲဒီအကြောင်းအရာက သက်သေပြလိုက်တာပါပဲ။ မရည်ရွယ်ဘဲနဲ့တောင် သတင်းမှားကို တင်ဆက်မိတာမျိုး ဖြစ်နိုင်ပါတယ်။ သို့ဆိုလျှင် စနစ်တကျနဲ့ ပြည်သူကို သတင်းမှားပေးသူတွေက အစစ်အမှန်သဖွယ် မဟုတ်မမှန်သတင်းတွေကို ဘယ်လောက်တောင် ပေးခဲ့ကြပြီလဲ စဉ်းစားဆင်ခြင်စေလိုပါတယ်။

အနာဂတ်ကတော့ မတွေးဝံ့စရာဖြစ်

လက်ရှိ ပြည်သူတွေအကြားမှာ သတင်းအစစ်အမှန်တွေဟာ သိပ်ကိုလိုအပ်နေချိန် ဖြစ်ပါတယ်။ လက်ရှိအစိုးရက ဆောင်ရွက်ပေးနေတဲ့ လမ်းပန်းဆက်သွယ်ရေး ပြန်လည်အဆင်ပြေနေတဲ့ အခြေအနေ၊ ဘုရားကျောင်းကန်တွေ ပြန်လည်ဖွင့်လှစ်ပေးနေတဲ့အခြေအနေ၊ ရပ်ရွာအေးချမ်းသာယာအောင် လုံခြုံရေးဆောင်ရွက်ချက်တွေ၊ သတိပြုဆင်ခြင်စရာတွေနဲ့ သတင်းထုတ်ပြန်ချက်တွေကို မှန်မှန်ကန်ကန် ပွင့်လင်းမြင်သာစွာဖော်ပြနေသော်လည်း ပြည်သူတွေဆီမှာတော့ သတင်းအချက် မှန်မှန်ကန်ကန်မရရှိဘဲ သတင်းစီးဆင်းမှု လမ်းကြောင်းကို အဖျက်အမှောင့်လုပ်ဆောင်သူတွေက ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေတာကို မြင်တွေ့ရပါတယ်။ အချို့ရပ်ရွာတွေမှာ MRTV သတင်းဖွင့်တဲ့အိမ်တွေကိုတောင် NLD ပါတီဝင်အချို့က ခဲနဲ့ပေါက်တဲ့ဖြစ်စဉ်တွေကို ကြားရပါတယ်။ ပြည်သူတွေဟာ မှန်ကန်တဲ့သတင်းအချက်အလက်တွေကို ရရှိကြမှသာ မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်နိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ တိုင်းပြည်အတွင်း ဆူပူအကြမ်းဖက်မှု၊ ဆန္ဒပြမှုတွေပဲရှိနေတယ်ဆိုတဲ့ သတင်းအမှားတွေ၊ ပုန်ကန်ရမယ်ဆိုတဲ့ အတွေးအခေါ်အမှားတွေကိုပဲ ဆက်ကာဆက်ကာ မြင်တွေ့နေရမယ်ဆိုရင်၊ အဲဒီအပေါ် မှားမှားယွင်းယွင်းနဲ့ ဆုံးဖြတ်လုပ်ကိုင်ကြမယ်ဆိုရင် တိုင်းပြည်ရဲ့ အနာဂတ်ကတော့ မတွေးဝံ့စရာ ဖြစ်ရပါလိမ့်မယ်။

တရားမဝင်လေလှိုင်းပေါ်က ဖွဲ့စည်းပြီး လက်ရှိအစိုးရကို ပုန်ကန်၊ တိုင်းပြည်ကို သစ္စာဖောက်တဲ့သူတွေက အမျိုးသားညီညွတ်ရေးအစိုးရဆိုပြီး အမည်တပ်လှုပ်ရှားနေကြတာကိုလည်း ပြည်သူတွေသိရှိပြီးဖြစ်မှာပါ။ CRPH လို၊ NUG လို တရားမဝင်အဖွဲ့အစည်းတွေက နိုင်ငံတော်အစိုးရရဲ့ ဝန်ကြီးဌာနပိုင် တံဆိပ်တွေ၊ လိုဂိုတွေကို အလွဲသုံးစားလုပ်ပြီး သုံးစွဲနေကြတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒီလို တရားဝင်အစိုးရပုံသဏ္ဌာန်တံဆိပ်တွေ၊ အမှတ်အသားတွေ၊ လိုဂိုတွေကို မျက်နှာပြောင်ပြောင်နဲ့ ရယူသုံးစွဲပြီး အဖျက်အမှောင့်လုပ်ငန်းတွေလုပ်၊ တရားမဝင်ကြေညာချက်တွေ ထုတ်နေခြင်းနဲ့ ပြည်သူကို သတင်းအမှားတွေ ထုတ်လွှင့်နေကြတာပဲ ဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတော်ကလည်း ကိုင်တွယ်ဖြေရှင်းနေပြီဖြစ်သလို ပြည်သူတွေက အသိအမှတ်မပြုဘဲ ရှောင်ကြဉ်ကြဖို့၊ တွေ့ရှိရင်လည်း သတင်းပေးတိုင်ကြားကြဖို့ လိုအပ်ပါတယ်။

မှန်မှန်ကန်ကန် ဆုံးဖြတ်ချိန်ဆ

သူတို့ရဲ့ရည်ရွယ်ချက်ဟာ နိုင်ငံတော်ရဲ့ စီးပွားရေးကို မလည်ပတ်နိုင်အောင်၊ ပြည်သူတွေရဲ့ စားဝတ်နေရေး၊ လူမှုဘဝတွေကို နိမ့်ကျအောင်၊ ပြည်သူတွေအချင်းချင်း စိတ်ဝမ်းကွဲအောင်နဲ့ အစိုးရရဲ့ ပြည်သူအတွက်၊ တိုင်းပြည်အတွက် လုပ်ငန်းဆောင်တာတွေအားလုံး ဘာမှဆက်မလုပ်နိုင်အောင် ရည်ရွယ်ချက်ရှိရှိ မှိုင်းတိုက်နေကြတာတွေဆိုတာကို ပြည်သူတွေ သတိပြုသင့်နေပါပြီ။ တရားမဝင် စာစောင်တွေ ထုတ်ကြတာမျိုးဟာ တော်လှန်ရေးခေါင်းစဉ်အောက်မှာ တိုက်ကွက်ဖော်နေကြတဲ့ နောက်ကွယ်ကလူတွေရဲ့ နောက်ဆုံးလုပ်ရပ်လည်း ဖြစ်ပါလိမ့်မယ်။ သူတို့ဟာ ပြည်သူတွေကို အမုန်းတရားတွေ ဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်ကြတယ်။ လူတွေသွေးအေးတာနဲ့ သူတို့ရဲ့တော်လှန်ရေးဆိုတဲ့ အနေအထားယိမ်းယိုင်သွားပြီဆိုတာကို ကောင်းကောင်းသိကြပါတယ်။ ဒါကြောင့် သွေးတွေ ဆူသထက်ဆူအောင် ဝါဒဖြန့်ချိရေးကို အစွမ်းကုန်အရှိန်မြှင့်ကြပါလိမ့်မယ်။ ပြည်သူများကတော့ သတင်းအမှန်နဲ့အမှား သေသေချာချာ ခွဲခြားလေ့လာပြီး လက်ရှိအခြေအနေပေါ်ကို မှန်မှန်ကန်ကန် ဆုံးဖြတ်ချိန်ဆရင်းဖြင့် ကွဲပြားသင့်လှပါပြီဟုသာ။ ။

လက်ရှိပြည်သူတွေအကြားမှာ သတင်းအစစ်အမှန်တွေဟာ သိပ်ကိုလိုအပ်နေချိန် ဖြစ်ပါတယ်။ လက်ရှိအစိုးရက ဆောင်ရွက်ပေးနေတဲ့ လမ်းပန်းဆက်သွယ်ရေး ပြန်လည်အဆင်ပြေနေတဲ့ အခြေအနေ၊ ဘုရားကျောင်းကန်တွေ ပြန်လည်ဖွင့်လှစ်ပေးနေတဲ့အခြေအနေ၊ ရပ်ရွာအေးချမ်းသာယာအောင် လုံခြုံရေးဆောင်ရွက်ချက်တွေ၊ သတိပြုဆင်ခြင်စရာတွေနဲ့ သတင်းထုတ်ပြန်ချက်တွေကို မှန်မှန်ကန်ကန် ပွင့်လင်းမြင်သာစွာဖော်ပြနေသော်လည်း ပြည်သူတွေဆီမှာတော့ သတင်းအချက် မှန်မှန်ကန်ကန်မရရှိဘဲ သတင်းစီးဆင်းမှုလမ်းကြောင်းကို အဖျက်အမှောင့် လုပ်ဆောင်သူတွေက ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေတာကို မြင်တွေ့ရ။

လက်ရှိမြန်မာပြည်သူတွေ အများဆုံးခံစားနေကြရတာကလည်း သတင်းမှားတွေ၊ သတင်းအတုအယောင်တွေ၊ ချဲ့ကားထားပြီး မဟုတ်မမှန်အကြောင်းအရာတွေ False Hope ထည့်ထားတဲ့ သတင်းတစ်ဝက်မှန် တစ်ဝက်မှားတွေကြောင့်ပဲ ဖြစ်ပါတယ်။ ပြည်သူကို တပ်မတော်နဲ့သွေးကွဲအောင်၊ လက်ရှိတာဝန်ယူဆောင်ရွက်ပေးနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လုပ်ဆောင်ချက်တွေ၊ ရှေ့ဆက်သွားမယ့် မူဝါဒတွေ၊ ရည်မှန်းချက်တွေကို ဆက်လက်လုပ်ဆောင်ဖို့ ခက်ခဲအောင် ပြည်သူတွေကို သွေးထိုးလှုံ့ဆော်ပြီး ဝါဒအမှား၊ အတွေးအခေါ်အမှားတွေကို အဲဒီလို သတင်းအယောင်ဆောင်ထုတ်လွှင့်သူတွေက ဆက်တိုက်လုပ်ဆောင်လာကြတာကိုလည်း မြင်တွေ့နေရ။

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

CDM ဆရာဝန်တွေကို ကြိုက်ရာရွေးချယ်ခွင့် ပေးလိုက်ပါ

အယ်ဒီတာခင်ဗျား-

ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်နေကြလို့ အချို့ပြည်သူ့ဆေးရုံကြီးတွေ ယနေ့တိုင် ပိတ်ထားရဆဲ ဖြစ်ပါတယ်။ ဖွင့်နိုင်တဲ့ အချို့ပြည်သူ့ဆေးရုံတွေကြတော့လည်း ဆရာဝန်၊ သူနာပြုတွေ မရှိတာ၊ မလုံလောက်တာတွေကြောင့် အခက်အခဲဖြစ်ကြရတယ်။ နိုင်ငံတော်အစိုးရကလည်း CDM လုပ်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ဆေးရုံသို့ ပြန်ဝင်ဖို့ အသိပေးပန်ကြားခဲ့တာဟာ အခုဆိုရင် နှစ်လကျော် သုံးလနီးပါးရှိလာပါပြီ။ ဆေးရုံကို ရောက်လာတဲ့ အရေးပေါ်လူနာတွေဟာ ဆရာဝန်တွေ CDM လုပ်နေလို့ ဆေးကုသပေးနိုင်မှုမရှိလို့ အသက်ဆုံးရှုံးခဲ့ရတဲ့ လူတွေဟာ များပြားလာခဲ့ပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေပစ်လို့ လူ ၅၀၀ ကျော်သေတယ်လို့ပြောတယ်။ တကယ်တော့ CDM လုပ်တဲ့ ဆရာဝန်တွေသတ်လို့ လူ ၅၀၀၀ မက သေကုန်ပါပြီ။ ဒါကြောင့်မို့ သွေးအေးအေးနဲ့ လူသတ်နေတဲ့ CDM ဆရာဝန်တွေကို ဆေးရုံပြန်ဝင်မလား၊ ထောင်ထဲဝင်မလားလို့ ကြိုက်ရာရွေးချယ်ခွင့် ပေးလိုက်ပါ။ နောက်ပြီး CDM လှုပ်ရှားမှုမှာ ပါဝင်နေတဲ့ ဆရာဝန်တွေရဲ့ အမည်စာရင်း နေ့စဉ် လူ ၂၀ ထုတ်ပြန်တာကိုလည်း ရပ်မပစ်ပါနဲ့လို့ အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါတယ် ခင်ဗျာ။

ပြည်သူတစ်ဦး

ဂျန်ဇီတွေကို ထိထိရောက်ရောက် အရေးယူပေးပါ

အယ်ဒီတာခင်ဗျား-

အကြမ်းဖက်ဂျန်ဇီနှစ်ယောက် မိတ္တူဆိုင်ထဲကို ဝင်ပြေးတယ်။ တပ်က တံခါးဖွင့်ခိုင်းတော့ ဖွင့်ပေးလိုက်ရတယ်။ဂျန်ဇီနှစ်ယောက် မိသွားတယ်။ ရက်ပိုင်းကြာတော့ မိတ္တူဆိုင်ကို မီးပုလင်းနဲ့ ပစ်တယ်။ လူရှိလို့ အချိန်မီငြိမ်းလိုက်နိုင်တယ်။ သိပ်မကြာဘူး နံနက် ၃ နာရီလောက် ဒုတိယအကြိမ် မီးပုလင်းထပ်ပစ်တယ်။ ဆိုင်ရှေ့ပိုင်း မီးလောင်သွားတယ်။ ဒီနေ့ တတိယအကြိမ် လက်လုပ်ဗုံးနဲ့ ထပ်ထုတယ်။ ဘယ်လောက်ယုတ်မာတဲ့သူတွေလဲ။ လူလိုစဉ်းစားကြည့် သူတို့ဝင်ပြေးလာတဲ့အချိန်မှာ မိတ္တူဆိုင်က အဝင်မခံဘဲ မောင်းထုတ်တာ မဟုတ်ဘူး။ ဝင်လာတာကို လက်ခံပေးတယ်။ ဒါပေမဲ့ တပ်ကဖွင့်ခိုင်းရင်တော့ ဖွင့်ပေးရမှာပဲ။ မဖွင့်ပေးလို့အရေးယူရင် ဆိုင်ရှင်ပဲခံရမှာ။ ဒီလောက်ကတော့ ထမင်းစားတဲ့လူတိုင်း နားလည်တယ်။ အဲဒါကို အငြိုးထားပြီး အကြိမ်ကြိမ် ဒုက္ခပေးနေတာ လူတွေမှ ဟုတ်ကြရဲ့လား။

ကျွန်တော်ကြားရသလောက်ဆို ဂျန်ဇီတွေကြောင့် အကျိုးကျေးဇူးရတဲ့သူ တစ်ယောက်မှ မတွေ့ဖူးဘူး။ အကျိုးယုတ်သွားတဲ့ မိသားစုတွေပဲ ရှိတယ်။ ကျွန်တော့်မျက်မြင်တစ်ခုပဲ ပြောပြမယ်။ ဒီကောင်တွေ မီးပုလင်းပစ် လေ့ကျင့်ရင်း ကားခေါင်မိုးပေါ်ကျလို့ မီးလောင်သွားတယ်။ ဘယ်ဂျန်ဇီ မိဘကမှ လာမလျော်ဘူး။ အပြစ်မဲ့ပြည်သူရဲ့ စည်းစိမ်အိုးအိမ်တွေ ဒီဂျန်ဇီတွေကြောင့် ဆုံးရှုံးရတာ မနည်းတော့ဘူး။ ဒီဂျန်ဇီတွေကို တပ်နဲ့ပြည်သူ ညီညီညွတ်ညွတ်နဲ့ပူးပေါင်းနှိမ်နင်းမှ ရတော့မယ်။ ပြည်သူကလည်း ကိုယ့်ပတ်ဝန်းကျင်က ဂျန်ဇီ အခြေစိုက်တဲ့နေရာတွေ၊ ဂျန်ဇီတွေကို အထောက်အပံ့ပေးနေသူတွေကို တိတိကျကျ သတင်းပေး၊ တပ်ကလည်းဖမ်းပြီး ပြန်လွှတ်တာမျိုးတွေ မလုပ်ဘဲ ထိထိရောက်ရောက် အရေးယူမယ်ဆိုရင် ဒီဂျန်ဇီတွေ ဘယ်လောက်ခံနိုင်မှာလဲ။ သူများ အိုးအိမ် မီးရှို့ဖျက်ဆီးသူတွေကို သေဒဏ်ပေးပြီး မြန်မြန်စီရင်ပစ်သင့်ပါတယ်။ သေရမှာ လူတိုင်းကြောက်ကြပါတယ်။ တကယ်မလုပ်လို့ ဇောင်းထနေတာပါ။ အကြမ်းဖက် ဂျန်ဇီတွေကို အမြန်ဆုံး ဦးစားပေး စီရင်ပြလိုက်ပါလို့ သက်ဆိုင်ရာသို့ တင်ပြလိုက်ရပါတယ်ခင်ဗျာ။

တာဝန်သိပြည်သူတစ်ဦး

အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များအား လုပ်ဆောင်ခဲ့

နေပြည်တော် မေ ၂၀

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များအား အကြမ်းဖက်ရန်ပြု ဖျက်ဆီးခြင်းနှင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲဖျက်ဆီးခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာတွင် မေ ၁၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက် ကျွန်းတောလမ်းမပေါ်ရှိ “Top” မိတ္တူဆိုင်အနီး ရပ်တန့်ထားသော ဦးလှမင်း(၅၂)နှစ် (ဘ) ဦးသိန်းစိန်၏ 4N/---- Caravan ယာဉ်အောက်သို့ အကြမ်းဖက်သူအမျိုးသား တစ်ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါ လက်လုပ်ဗုံးမှာ ယာဉ်အောက်သို့ ကျရောက်ပေါက်ကွဲသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်အောက်တွင် ပေါက်ကွဲပြီးသော လက်လုပ်ဗုံးပြုလုပ်ထားသည့် ကော်ပိုက်အပိုင်းအစများ၊ သံမှို ၁၀ ချောင်း၊ ဘောစေ့ ၁၅ လုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်ယာဉ် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

အလားတူ ည ၈ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက် အမှတ်(၃၃၃)နေ ဦးဝင်းနိုင်၏ နေအိမ်အား အကြမ်းဖက်သူအမျိုးသားနှစ်ဦးက ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်အသံဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ နေအိမ်ဘေးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူ/ပစ္စည်း ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ရှုခင်းသာလမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံရှိ အုပ်ချုပ်ရေးမှူးရုံးအား မေ ၁၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား မေ ၁၉ ရက် ည ၁၁ နာရီခွဲခန့်တွင် လည်းကောင်း ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားခဲ့ရာ အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့သည်။

အထက်ပါမီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် ရုံးများအတွင်းရှိ ပရိဘောဂများ၊ မျက်နှာကြက်များနှင့် စာရွက်စာတမ်းအချို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်မှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

၎င်းအပြင် ည ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် လှည်းတန်းခုံးတံတားအနီးရှိ ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား အကြမ်းဖက်သူက လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ခဲ့၍ အဆိုပါလက်လုပ်ဗုံးမှာ အဆိုပါရုံးအရှေ့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါရုံး၏ ဝင်ပေါက်မှန်ကွဲအက်ကာ ရုံးဝင်းအတွင်း ရပ်ထားသော လှည်းတန်းလူမှုကူညီရေးအသင်းပိုင် YGN 6P/---- ယာဉ်၏ လေကာမှန် ကွဲအက်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အလားတူ ည ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရဲစခန်းအား မဟာအောင်မြေမြို့နယ် သံ/နောက်ရပ်ကွက် ပတ္တမြားရပ်နေ ဇင်ဟိန်း (၂၄)နှစ်မှ လေးခွဖြင့် ပစ်နေသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ဇင်ဟိန်းအား လေးခွကိုင်ဆောင်လျက် ဖမ်းဆီးရမိခဲ့ပြီး ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဓားဦးချွန် တစ်ချောင်းနှင့် လောက်စာလုံး ၁၀ လုံးတို့အား တွေ့ရှိသိမ်းဆည်းဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၂၀ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အနောက်ဘက်ဝင်ပေါက် အုတ်တံတိုင်းအနီး ဗုံး တစ်လုံးပေါက်ကွဲကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် Ooredoo ဆင်းကတ်ထည့်ထားသော Keypad ဖြင့် ပြုလုပ်ထားသည့် လက်လုပ်အသံမိုင်းဖြစ်ကြောင်း သိရှိရပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် ဘီးလင်းမြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့နယ်စာရင်းစစ်ရုံး အဝင်လှေကားဘေး၌ လက်ပစ်ဗုံး တစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့နယ်စာရင်းစစ်ရုံးအဝင် လှေကားဘေးတွင် လက်ပစ်ဗုံး တစ်လုံးအား စနက်တံဖြုတ်လျက် မပေါက်ကွဲသေးသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၈)ရပ်ကွက် အုတ်လှငယ်လမ်းနှင့် ဗညားနွဲ့လမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်သူအမျိုးသား သုံးဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ခေါင်းမိုးပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ရုံးအဆောက်အအုံ အမိုးနှင့် မျက်နှာကြက် အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ရပ်ကွက်နေ ဦးထွန်းဝင်း (၄၈)နှစ် (ဘ) ဦးသိန်းထွန်း၏ နေအိမ်အား အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ဦးထွန်းဝင်း၏ နေအိမ်ရှေ့ အမှိုက်ခြင်းအတွင်း ကျရောက်ခဲ့ပြီး မပေါက်ကွဲသေးသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက်သူများအားလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

၂၀-၄-၂၀၂၁

စဉ်	အကောင့်အမည်	Profile	နေရပ်လိပ်စာ	တရားစွဲဆိုထားသည့်ပုဒ်မ	ဓာတ်ပုံ
၁	Noe HtetHtet Naing https://www.facebook.com/noehtethtet.naing.7	နှင်းဝှင့်ဖြူ 	စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၂	Han Nay Tar https://www.facebook.com/hannaytarr	ဟန်နေတာ 	ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး	၅၀၅-က	
၃	J Fire https://www.facebook.com/JFireOfficialFBPage	အောင်ကိုမြင်း 	ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅၀၅-က	
၄	Aung Khaing Swe https://www.facebook.com/aung.khaing.71	မင်းအောင်ခိုင် (ခ) အောင်ခိုင်ဆွေ	(နေထွေ့ စင်ကာပူနိုင်ငံ)	၅၀၅-က	
၅	Thuya Thet Tin https://www.facebook.com/zaw.phay.71	သူရသက်တင် 	မကွေးမြို့၊ မကွေးတိုင်းဒေသကြီး	၅၀၅-က	
၆	နီ လာ စိန် https://www.facebook.com/nilar.sein.75	နီလာစိန် 	စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၇	Lanmadaw - Thein Zaw https://www.facebook.com/110155084170605/	သိန်းဇော်	လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၈	စံလားညို https://www.facebook.com/profile.php?id=100026980665579	ရွှေရည်မိုး	သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅၀၅-က	
၉	Zwe Hlaing Hmee https://www.facebook.com/zwehlainghmee	ဇွဲလှိုင်မှီ 	အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၀	Thet Pai https://www.facebook.com/thet.pai.3994	သက်ပိုင် 	ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး	၅၀၅-က	
၁၁	Wint Wah Htun https://www.facebook.com/wint.wah.357	ဝင့်ဝါထွန်း 	ရှားတောမြို့၊ ကယားပြည်နယ်	၅၀၅-က	
၁၂	Sai Lao Hlaing Pan https://www.facebook.com/sai.hlaingpan	စိုင်းလောဝ်လှိုင်ပန်	မူဆယ်မြို့၊ ရှမ်းပြည်နယ်	၅၀၅-က	
၁၃	Moe Tain Lay https://www.facebook.com/moe.t.lay.1466126	မိုးတိမ်	အင်းတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး	၅၀၅-က	
၁၄	AK Moe (Nsk) https://www.facebook.com/nskool.tesr	အောင်ကျော်မိုး	တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၅	Han Soe https://www.facebook.com/profile.php?id=100020649821849	ဟန်စိုး 	ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၅၀၅-က	
၁၆	ထိပ်တန်းဆိုင်ကယ် ပြုပြင်ရေး https://www.facebook.com/profile.php?id=100014195943320	ဟိန်းရာဇာထွန်း 	ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅၀၅-က	
၁၇	ဒေါ် ရှင် ဝင်း ဝင်း https://www.facebook.com/dawnilar.win.94009	နီလာဝင်း 	ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅၀၅-က	
၁၈	John Htoi Aung II (Ko John) https://www.facebook.com/johnhtoiaung2	ကိုဂျွန်	မူဆယ်မြို့၊ ရှမ်းပြည်နယ်၊	၅၀၅-က	
၁၉	U Khin https://www.facebook.com/khin.zaw.948	ခင်ဇော် 	ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅၀၅-က	
၂၀	Moe Thway https://www.facebook.com/Moethway	မိုးသွေး 	ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး	၅၀၅-က	

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

စဉ်	မြို့နယ်နှင့် မဲရုံအရေအတွက်	မြို့နယ် ကော်မရှင် စာရင်း	လဝက စာရင်း	နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ	နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ	နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ
၁	ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မဲရုံ ၂၀၉ ရုံ	၁၉၆၇၆၉	၁၅၉၄၇၂	၁၇၈၉၅	၁၆၇၃	၂၁၇၁၀
၂	မကွေးတိုင်းဒေသကြီး ကံမမြို့နယ် မဲရုံ ၉၇ ရုံ	၆၀၄၈၅	၅၀၃၀၇	၁၈၀၇	၂၅၆	၅၃၄၈

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၀၆ ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၈၂၁၀၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၂၉၂၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၉၁၇၇၊ မြေပြင်လက်ကျန် ၈၃၆၈၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၀၄၄၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၄၉၅၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

စဉ်	မြို့နယ်	မဲရုံ ပေါင်း	ထုတ်ယူ ရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	ပြည်မြို့နယ်	၂၀၉	၂၁၁၅၂၁	၁၅၂၅၃၁	၅၈၉၉၀	၆၄၀၆၈	၉၈၇၂	၁၄၉၅၀
၂	ကံမမြို့နယ်	၉၇	၇၀၅၈၀	၅၀၃၉၃	၂၀၁၈၇	၁၉၆၁၃	၅၇၆	၂
	စုစုပေါင်း	၃၀၆	၂၈၂၁၀၁	၂၀၂၉၂၄	၇၉၁၇၇	၈၃၆၈၁	၁၀၄၄၈	၁၄၉၅၂

ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၅ အုပ်စု၊ မဲရုံပေါင်း ၂၀၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၁၁၅၂၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၂၅၃၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၈၉၉၀ မြေပြင်လက်ကျန် ၆၄၀၆၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံအလိုက် မဲလက်မှတ်များ လျော့နည်းပျောက်ဆုံးမှုနှင့် အပိုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ထုတ်ယူ ရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
						ပျောက်ဆုံး	ပို
၁	ရပ်/ကျေးမဲလက်မှတ်	၂၀၂၅၅၀	၁၅၁၄၄၆	၅၁၁၀၄	၄၃၁၁၀	၉၈၇၂	၁၈၇၈
၂	သီးခြားတွေ့ရှိ				၈၃၂၂		၈၃၂၂
၃	ရပ်ကျေးမှပြန်လည်အပ်နှံ				၄၇၅၀		၄၇၅၀
၄	မြို့နယ်ကြိုတင်မဲလက်မှတ်	၁၀၈၅	၁၀၈၅				
၅	မြို့နယ်မဲလက်ကျန်	၇၈၈၆		၇၈၈၆	၇၈၈၆		
	စုစုပေါင်း	၂၁၁၅၂၁	၁၅၂၅၃၁	၅၈၉၉၀	၆၄၀၆၈	၉၈၇၂	၁၄၉၅၀

၆။ ပြည်မြို့နယ်၏ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မဲလက်မှတ်အရေအတွက် ၉၈၇၂ ပျောက်ဆုံးနေပြီး ၁၄၉၅၀ အပိုတွေ့ရှိရသည်။ ပြည်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ်ကြိုတင်မဲ လက်ခံဖြတ်ပိုင်းများတွင် ၁၀၈၅ စောင်မှာ မဲစာရင်းအမှတ်စဉ်၊ ရပ်ကျေးအမည်နှင့် မဲရုံအမှတ်၊ တာဝန်ခံလက်မှတ်များ ရေးသွင်းထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ မြို့နယ်တွင် မဲလက်ကျန် ၇၈၈၆ စောင် အကောင်းအတိုင်းတွေ့ရှိရပြီး သီးခြားအိတ်တစ်လုံးတွင် မဲရုံအချို့မှ လာရောက်အပ်နှံထားသော မဲလက်ကျန်အကောင်း ၈၃၂၀၊ အပျက် ၂ စောင်၊ စုစုပေါင်း ၈၃၂၂ စောင် တွေ့ရှိရသည်။ ထို့ပြင် ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းတွင် ရွာဘဲရပ်ကွက် မဲရုံအမှတ်(၁၉)နှင့် အမည်မမှတ်မိ မဲရုံတို့မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ မဲလက်မှတ်အကောင်း ၄၇၅၀ စောင် လာရောက်အပ်နှံထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

ပြည်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်း

၇။ ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ရပ်ကွက်/ကျေးရွာအုပ်စု	မဲရုံ ပေါင်း	ထုတ်ယူ ရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	နဝင်းရပ်ကွက်	၉	၁၅၈၅၀	၁၂၂၄၇	၃၆၀၃	၃၇၆၀		၁၅၇
၂	ကျောင်း/အိုးရပ်ကွက်	၃	၃၅၅၀	၂၅၂၇	၁၀၂၃	၈၇၃	၁၅၀	
၃	ရွှေကူရပ်ကွက်	၂	၂၂၅၀	၁၃၂၄	၉၂၆	၅၂၆	၄၀၀	
၄	ပြည်သာယာရပ်ကွက်	၆	၁၀၁၀၀	၇၂၇၃	၂၈၂၇	၂၇၃၁	၉၆	
၅	ရွှေတံခါးရပ်ကွက်	၆	၁၀၉၅၀	၆၇၉၈	၄၁၅၂	၂၃၀၂	၁၈၅၀	
၆	နတ္တလင်းကျေးရွာအုပ်စု	၂	၁၄၀၀	၁၁၀၆	၂၉၄	၂၉၄		
၇	ထမ္မကောက်ကျေးရွာအုပ်စု	၅	၄၇၀၀	၃၆၅၅	၁၀၄၅	၁၀၄၉		၄
၈	မြောက်နဝင်းရွာသစ် ကျေးရွာအုပ်စု	၂	၂၄၀၀	၁၇၈၂	၆၁၈	၆၂၀		၂
၉	ကြခတ်ကျေးရွာအုပ်စု	၂	၁၅၅၀	၁၂၄၈	၃၀၂	၃၀၀	၂	
၁၀	မြွေရိုးကျေးရွာအုပ်စု	၂	၁၅၀၀	၁၁၉၈	၃၀၂	၂၉၂	၁၀	
၁၁	သဲကုန်းကျေးရွာအုပ်စု	၄	၂၅၀၀	၂၁၈၈	၃၁၂	၃၀၆	၆	
၁၂	မအူတောကျေးရွာအုပ်စု	၁	၇၅၀	၆၂၉	၁၂၁	၁၁၉	၂	
၁၃	ကုန်းသာလင်း ကျေးရွာအုပ်စု	၂	၂၀၀၀	၁၆၄၇	၃၅၃	၃၅၃		
၁၄	ဇလုံကျေးရွာအုပ်စု	၁	၈၀၀	၆၄၇	၁၅၃	၁၅၃		
၁၅	အနောက်လက်ခုပ် ကျေးရွာအုပ်စု	၂	၂၃၀၀	၁၈၅၄	၄၄၆	၄၄၆		
၁၆	ဘိုကုန်းကျေးရွာအုပ်စု	၂	၁၉၅၀	၁၈၂၈	၁၂၂	၁၂၃		၁
၁၇	ဝက်ထီးကန်ကျေးရွာအုပ်စု	၉	၆၄၀၀	၅၀၉၄	၁၃၀၆	၁၂၅၄	၅၂	
၁၈	ပနီပင်ကျေးရွာအုပ်စု	၂	၁၁၀၀	၉၂၈	၁၇၂	၁၆၇	၅	
၁၉	နွေကန်ကျေးရွာအုပ်စု	၂	၁၈၅၀	၁၃၅၈	၄၉၂	၅၁၉		၂၇
၂၀	ဝက်မြေတော ကျေးရွာအုပ်စု	၃	၁၆၅၀	၁၃၂၃	၃၂၇	၃၂၇		
၂၁	ဝါးရုံဆိပ်ကျေးရွာအုပ်စု	၃	၂၆၀၀	၁၈၄၉	၇၅၁	၇၅၀	၁	
၂၂	လဘာကျေးရွာအုပ်စု	၁	၅၅၀	၄၀၅	၁၄၅	၁၄၅		
၂၃	လွှဖင်ကျေးရွာအုပ်စု	၈	၅၀၀၀	၄၀၀၆	၉၉၄	၆၉၀	၃၀၄	
၂၄	မြို့မကျေးရွာအုပ်စု	၂	၉၅၀	၇၂၈	၂၂၂	၂၂၂		
၂၅	သခွက်စောက် ကျေးရွာအုပ်စု	၁	၇၀၀	၅၇၃	၁၂၇	၁၂၅	၂	
၂၆	ကုန်းဇင်းကျေးရွာအုပ်စု	၁	၇၅၀	၆၅၅	၉၅	၉၅		
၂၇	အင်းဝင်းကျေးရွာအုပ်စု	၃	၁၈၀၀	၁၃၄၈	၄၅၂	၃၀၂	၁၅၀	
၂၈	တဲကြီးကုန်းကျေးရွာအုပ်စု	၃	၁၆၀၀	၁၁၄၄	၄၅၆	၃၀၅	၁၅၁	
၂၉	ပေါက်နွယ်ခြုံကျေးရွာအုပ်စု	၂	၁၆၅၀	၁၂၉၂	၃၅၈	၃၅၈		
၃၀	ပျဉ်းမအိုင်ကျေးရွာအုပ်စု	၃	၁၃၀၀	၁၀၉၅	၂၀၅	၂၀၅		

စာမျက်နှာ ၁၉ သို့ ☆

ကံမမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ

☆ စာမျက်နှာ ၁၈ မှ

၃၁	ကွင်းကြီးကျေးရွာအုပ်စု	၁	၁၃၀၀	၁၀၀၇	၂၉၃	၂၉၃		
၃၂	ကံကြီးကုန်းကျေးရွာအုပ်စု	၂	၁၀၅၀	၇၁၈	၃၃၂	၃၃၂		
၃၃	ကံကျိုးကျေးရွာအုပ်စု	၂	၁၁၅၀	၉၁၈	၂၃၂	၂၃၄		၂
၃၄	တလုပ်ပင်ကျေးရွာအုပ်စု	၂	၁၃၀၀	၁၀၃၆	၂၆၄	၁၆၄	၁၀၀	
၃၅	ကျောသာကျေးရွာအုပ်စု	၃	၁၄၅၀	၁၁၄၈	၃၀၂	၃၀၂		
၃၆	သစ်ချိုပင်ကျေးရွာအုပ်စု	၂	၁၈၀၀	၁၄၉၃	၃၀၇	၂၉၉	၈	
၃၇	အလိုတော်ရကျေးရွာအုပ်စု	၃	၁၈၅၀	၁၄၇၀	၃၈၀	၃၇၆	၄	
၃၈	ဇီးအုပ်ကျေးရွာအုပ်စု	၃	၂၀၀၀	၁၆၉၄	၃၀၆	၃၀၆		
၃၉	ရွာဘဲရပ်ကွက်	၁၉	၂၇၀၅၀	၁၈၅၉၇	၈၄၅၃	၃၉၈၉	၄၄၆၄	
၄၀	ဆံတော်ရပ်ကွက်	၆	၈၁၀၀	၅၃၈၉	၂၇၁၁	၂၃၆၀	၃၅၁	
၄၁	ခေတ္တရာရပ်ကွက်	၈	၁၂၂၅၀	၉၂၇၈	၂၉၇၂	၄၁၃၉		၁၁၆၇
၄၂	ဆင်စုရပ်ကွက်	၆	၆၉၀၀	၅၀၇၂	၁၈၂၈	၁၅၇၈	၂၅၀	
၄၃	နဝဒေးရပ်ကွက်	၂	၄၀၅၀	၂၇၂၃	၁၃၂၇	၁၃၃၁		၄
၄၄	အရှေ့ပိုင်းရပ်ကွက်	၁	၁၄၅၀	၁၁၈၀	၂၇၀	၂၇၂		၂
၄၅	အနောက်ပိုင်းရပ်ကွက်	၁	၁၃၅၀	၁၁၀၀	၂၅၀	၂၅၀		
၄၆	တောင်ပိုင်းရပ်ကွက်	၁	၁၇၀၀	၁၃၆၉	၃၃၁	၃၃၃		၂
၄၇	မြောက်ပိုင်းရပ်ကွက်	၁	၁၂၀၀	၃၅၈	၈၄၂	၁၄၂	၇၀၀	
၄၈	ကြာအင်းကျေးရွာအုပ်စု	၂	၁၀၅၀	၉၁၇	၁၃၃	၁၄၃		၁၀
၄၉	အနောက်ရွာသစ်ကျေးရွာအုပ်စု	၁	၅၀၀	၄၀၈	၉၂	၉၂		
၅၀	ရွာမကျေးရွာအုပ်စု	၂	၁၉၅၀	၁၆၅၀	၃၀၀	၃၀၀		
၅၁	မှော်ဇာကျေးရွာအုပ်စု	၅	၃၈၀၀	၃၅၈၆	၂၁၄	၇၁၄		၅၀၀
၅၂	မှုတ်ရှည်ကျေးရွာအုပ်စု	၂	၁၆၅၀	၁၁၇၄	၄၇၆	၄၇၆		
၅၃	မုဋ္ဌောကျေးရွာအုပ်စု	၃	၁၃၅၀	၁၀၇၀	၂၈၀	၂၇၉	၁	
၅၄	ပေါင်းတမော့ကျေးရွာအုပ်စု	၂	၁၄၀၀	၁၁၄၂	၂၅၈	၂၅၄	၄	
၅၅	အရှေ့လက်ခုတ်ပင်ကျေးရွာအုပ်စု	၂	၁၁၅၀	၉၆၇	၁၈၃	၁၈၃		
၅၆	တွင်းပြည်းကျေးရွာအုပ်စု	၂	၁၇၀၀	၁၃၄၄	၃၅၆	၃၅၆		
၅၇	တောင်ခွေးရဲကျေးရွာအုပ်စု	၃	၁၂၀၀	၉၀၉	၂၉၁	၂၉၁		
၅၈	ဖြူးကုန်းကျေးရွာအုပ်စု	၃	၂၃၅၀	၁၇၂၁	၆၂၉	၃၇၅	၂၅၄	
၅၉	ရွာမကြီးကျေးရွာအုပ်စု	၂	၁၀၀၀	၈၁၁	၁၈၉	၁၈၅	၄	
၆၀	အုတ်ဆွဲကျေးရွာအုပ်စု	၄	၁၆၀၀	၁၁၃၈	၄၆၂	၂၁၂	၂၅၀	
၆၁	ဘန့်ပြင်ကျေးရွာအုပ်စု	၂	၁၄၀၀	၁၀၃၆	၃၆၄	၃၁၄	၅၀	
၆၂	မြောင်းဆုံကျေးရွာအုပ်စု	၂	၁၃၀၀	၁၀၆၇	၂၃၃	၂၃၃		
၆၃	အရှေ့ပေါက်တောကျေးရွာအုပ်စု	၂	၁၈၅၀	၁၅၈၃	၂၆၇	၂၆၇		
၆၄	တောင်တီးကျေးရွာအုပ်စု	၂	၁၄၅၀	၁၁၇၅	၂၇၅	၂၇၄	၁	
၆၅	တဲကုန်းကျေးရွာအုပ်စု	၁	၉၀၀	၇၂၁	၁၇၉	၁၇၉		
၆၆	သူငွေးကျေးရွာအုပ်စု	၁	၆၅၀	၅၂၇	၁၂၃	၁၂၃		
၆၇	လက်ပံတောကျေးရွာအုပ်စု	၃	၁၆၅၀	၁၁၅၅	၄၉၅	၂၉၅	၂၀၀	
၆၈	ငါးရွာကျေးရွာအုပ်စု	၃	၃၁၀၀	၂၂၃၈	၈၆၂	၈၁၂	၅၀	
၆၉	သစ်ချီတင်ကျေးရွာအုပ်စု	၃	၁၁၅၀	၈၀၈	၃၄၂	၃၄၂		
	ရပ်/ကျေးချုပ်စုစုပေါင်း	၂၀၉	၂၀၂၅၅၀	၁၅၁၄၄၆	၅၁၁၀၄	၄၃၁၁၀	၉၈၇၂	၁၈၇၈
	သီးခြားတွေ့ရှိ					၈၃၂၂		၈၃၂၂
	ရပ်/ကျေးမှသီးခြားအပ်နှံ					၄၇၅၀		၄၇၅၀
	မြို့နယ်ကြိုတင်မဲလက်မှတ်		၁၀၈၅	၁၀၈၅				
	မြို့နယ်လက်ကျန်မဲလက်မှတ်		၇၈၈၆		၇၈၈၆	၇၈၈၆		
	မြို့နယ်ချုပ်စုစုပေါင်း	၂၀၉	၂၁၁၅၁၂	၁၅၂၅၃၁	၅၈၉၉၀	၆၄၀၆၈	၉၈၇၂	၁၄၉၅၀

ကံမမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ မဲရုံပေါင်း ၉၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၇၀၅၈၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၀၃၉၃၊ ကျန်ရှိရမည့် အရေအတွက်မှာ ၂၀၁၈၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၉၆၁၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	အကြောင်းအရာ	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့်မဲလက်မှတ်	မြေပြင်လက်ကျန်	ကွာခြားချက်	
						ပျောက်ဆုံး	ပို
၁	ရပ်/ကျေး မဲလက်မှတ်	၆၄၃၄၄	၅၀၂၂၄	၁၄၁၂၀	၁၃၅၄၆	၅၇၆	၂
၂	မြို့နယ်ကြိုတင်မဲလက်မှတ်	၁၆၉	၁၆၉				
၃	မြို့နယ်လက်ကျန်မဲလက်မှတ်	၆၀၆၇		၆၀၆၇	၆၀၆၇		
	စုစုပေါင်း	၇၀၅၈၀	၅၀၃၉၃	၂၀၁၈၇	၁၉၆၁၃	၅၇၆	၂

၉။ ကံမမြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စုရှိ မဲရုံ ၉၇ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၅၇၆ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂ စောင်အပိုတွေ့ရှိရပါသည်။ ကံမမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

စဉ်	ရပ်ကွက်/ကျေးရွာအုပ်စု	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့်မဲလက်မှတ်	မြေပြင်လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	အမှတ်(၁) ရပ်ကွက်	၁	၁၃၀၀	၁၀၆၅	၂၃၅	၂၃၅		
၂	အမှတ်(၂) ရပ်ကွက်	၁	၁၂၅၀	၉၅၉	၂၉၁	၂၉၁		
၃	အမှတ်(၃) ရပ်ကွက်	၁	၇၅၀	၅၂၄	၂၂၆	၂၂၆		
၄	အမှတ်(၄) ရပ်ကွက်	၁	၁၄၀၀	၁၀၄၀	၃၆၀	၃၆၀		
၅	ပဇင်းနိမ့်ကျေးရွာအုပ်စု	၂	၁၅၅၀	၁၂၉၉	၂၅၁	၂၅၁		
၆	မင်းတဲကျေးရွာအုပ်စု	၁	၉၅၀	၇၈၈	၁၆၂	၁၆၂		
၇	ရေနံ့သာကျေးရွာအုပ်စု	၂	၂၀၀၀	၁၆၁၇	၃၈၃	၃၈၃		
၈	ပုညိုကျေးရွာအုပ်စု	၂	၁၀၀၀	၇၂၁	၂၇၉	၂၇၉		
၉	သမ္မရာကျေးရွာအုပ်စု	၂	၁၄၅၀	၁၁၁၈	၃၃၂	၃၃၂		
၁၀	တောမကျေးရွာအုပ်စု	၂	၁၁၄၁	၉၁၁	၂၃၀	၂၃၀		
၁၁	ကျောက်စောင်းကျေးရွာအုပ်စု	၁	၈၇၅	၇၂၂	၁၅၃	၁၅၃		
၁၂	ရွာသာယာကျေးရွာအုပ်စု	၁	၇၅၀	၅၈၂	၁၆၈	၁၆၈		
၁၃	ကျီးမီးကျေးရွာအုပ်စု	၁	၇၅၀	၅၉၂	၁၅၈	၁၅၈		
၁၄	ကျောက်ပဒေါင်းကျေးရွာအုပ်စု	၂	၉၅၀	၇၅၈	၁၉၂	၁၄၈	၄၄	
၁၅	အင်းကြီးကုန်းကျေးရွာအုပ်စု	၂	၁၂၀၀	၉၄၂	၂၅၈	၂၅၈		
၁၆	နတ်မီးကျေးရွာအုပ်စု	၃	၁၂၀၀	၈၈၁	၃၁၉	၃၁၉		
၁၇	ထန်းတောကျေးရွာအုပ်စု	၂	၁၀၂၅	၈၃၂	၁၉၃	၁၉၃		
၁၈	ခြောက်ပင်ကျေးရွာအုပ်စု	၃	၁၃၀၀	၁၀၂၈	၂၇၂	၂၇၂		
၁၉	အလပ်လယ်ကျေးရွာအုပ်စု	၃	၈၀၀	၆၅၁	၁၄၉	၁၄၉		
၂၀	အင်ဘက်တောကျေးရွာအုပ်စု	၃	၁၁၅၀	၉၂၇	၂၂၃	၂၂၃		
၂၁	အုပ်ရှစ်ချိုကျေးရွာအုပ်စု	၂	၁၃၀၀	၉၅၆	၃၄၄	၂၉၄	၅၀	
၂၂	ထန်းလေးပင်ကျေးရွာအုပ်စု	၁	၁၁၅၀	၉၂၂	၂၂၈	၂၂၈		
၂၃	မင်းပြင်ကျေးရွာအုပ်စု	၂	၁၈၀၀	၁၃၈၉	၄၁၁	၄၁၁		
၂၄	ဓမ္မသော်ကျေးရွာအုပ်စု	၂	၁၉၇၀	၁၅၀၅	၄၆၅	၄၆၅		
၂၅	ဂုန်းသောင်ကျေးရွာအုပ်စု	၂	၁၇၀၀	၁၃၉၃	၃၀၇	၃၀၇		
၂၆	အင်းဘဲကျေးရွာအုပ်စု	၂	၁၃၀၀	၁၀၅၁	၂၄၉	၂၄၉		
၂၇	ကင်းကျေးရွာအုပ်စု	၁	၈၀၃	၅၉၇	၂၀၆	၂၀၆		
၂၈	ကျွန်းကလေးကျေးရွာအုပ်စု	၂	၁၅၀၀	၁၁၀၉	၃၉၁	၃၉၁		
၂၉	ဇီးတောကျေးရွာအုပ်စု	၁	၅၀၀	၃၆၀	၁၄၀	၁၄၀		
၃၀	စပယ်ခြုံကျေးရွာအုပ်စု	၂	၁၀၅၀	၇၉၃	၂၅၇	၂၅၇		
၃၁	ကဒူးပြင်ကျေးရွာအုပ်စု	၁	၈၅၀	၇၃၀	၁၂၀	၁၂၀		

စာမျက်နှာ ၂၂ သို့ ☆

၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

၇၂။ **ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် အမတ်ဒိန်**က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူ၍ နိုင်ငံတော်၏ အာဏာသုံးရပ်ကို လွှဲပြောင်းပေးသူသည် ယာယီသမ္မတကြီး ဦးမြင့်ဆွေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၁ (ခ) အရ သမ္မတကြီးဦးမြင့်ဆွေသည် နောက်တစ်ကြိမ် ရွေးကောက်ပွဲအပြီး အရွေးချယ်ခံသမ္မတကို လွှဲပေးသည်အထိ သက်တမ်းရှိနေသည်ဟု သိရကြောင်း၊ ယနေ့ မိမိတို့နိုင်ငံ၏ အရေးပေါ်ကာလသည် မည်သည့်အတွက်ကြောင့် နိုင်ငံတော်အာဏာကို ထိန်းသိမ်းရသလဲဆိုသည့်အကြောင်းကို ရှင်းပြနေရကြောင်း၊ ၁၉၅၈ ခုနှစ် ဦးနုက ဦးနေဝင်းကို လွှဲသည့်အချိန်တွင် ဦးနုက နိုင်ငံတော်သည် အရေးပေါ်ကာလဖြစ်လာပြီဖြစ်ကြောင်း၊ ဖဆပလနှစ်ခြမ်းကွဲခြင်း၊ ခါးပိုက်ဆောင်တပ်များ၏ တပ်လှုပ်ရှားမှုများဖြစ်လာကြောင်း၊ သွေးထွက်သံယိုမှုများ ဖြစ်တော့မည်ဖြစ်ကြောင်း၊ ယင်းအခြေအနေတွင် ဦးနေဝင်းသာ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဦးနေဝင်းကို အာဏာလွှဲသည်ဟု လွှတ်တော်ထဲ၌ တစ်ခါတည်းပြောပြီးလွှဲကြောင်း၊ ယခု မိမိတို့သမ္မတကြီးသည် မည်သည့်အတွက်ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာသုံးရပ်ကို လွှဲရသည်ဆိုသည့်အကြောင်း သမ္မတကြီးကိုယ်တိုင် ပြောခဲ့ခြင်းမရှိပါကြောင်း၊ လွှဲပြောင်းစအချိန်က အချက်အလက်ခိုင်ခိုင်မာမာနှင့် ပြောရန်ခက်ခဲကြောင်း၊ သို့သော် ယနေ့အချိန်တွင် သမ္မတကြီးပြောရန် အချိန်ရောက်ပြီဟု မိမိထင်မြင်မိကြောင်း၊ မည်သည့်အတွက်ကြောင့် အာဏာထိန်းရခြင်းဖြစ်သည်ဟုသာ ပြောနေရပြီး မည်သည့်အတွက်ကြောင့် အရေးပေါ်ကာလဖြစ်ပြီး နိုင်ငံတော်အာဏာကို လွှဲရသလဲဆိုသည့် အဖြေတစ်ခုကို သမ္မတကြီးကိုယ်တိုင် လူထုကိုပြောပြလျှင် ယခုထက် ပိုရှင်းသွားမည်ဟု မိမိနားလည်ပါကြောင်း၊ ထို့ကြောင့် သမ္မတကြီးက လူထုကို ရှင်းပြသည့်မိန့်ခွန်းမျိုး မိမိတို့နားထောင်စရာအကြောင်း ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

လိုအပ်လာမည်ဆိုလျှင် ထပ်မံဖော်ပြပေးမည်ဖြစ်

၇၃။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က အကြံပြုချက်အတွက် ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူပြီး နိုင်ငံတော်တာဝန် လွှဲပြောင်းရယူရသည့်အကြောင်းနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင်ပြခဲ့ခြင်းရှိကြောင်း၊ နိုင်ငံတော်၏ ယာယီသမ္မတ ဦးမြင့်ဆွေက ယင်းကိစ္စနှင့်ပတ်သက်၍ တရားဥပဒေအရ ဆုံးဖြတ်သည့်အရာများကို ပြောကြားခဲ့သည်များ ရှိကြောင်း၊ မိမိတို့လည်း ဖော်ပြခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံလိုအပ်လာမည်ဆိုလျှင်လည်း ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဖော်ပြပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုလာသော ဒေသန္တရလုပ် လက်နက်၊ ကိရိယာပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။

၇၄။ **နေပြည်တော် အွန်လိုင်းသတင်းအေဂျင်စီမှ အယ်ဒီတာ ဦးမင်းမောင်**က ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရွေးချယ်မှုအပိုင်းတွင် လက်ရှိဘွဲ့ရပညာတတ်ကျောင်းသားများ မြန်မာနိုင်ငံ၌ များစွာရှိပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင်လည်း လုပ်ငန်းများ ရှားပါးခဲ့ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင်လည်း လုပ်ငန်းများရှားပါးခဲ့မည်ဆိုလျှင် မိမိတို့၏ လူ့အရင်းအမြစ်ဖြစ်သည့် ပညာတတ်များသည် နိုင်ငံတကာကို သွားရောက်ပြီး မိမိတို့၏ အနှစ်သာရဖြစ်သည့် လူငယ်များ၏ ရပိုင်ခွင့်အခွင့်အရေးများ၊ နိုင်ငံတိုးတက်စေသည့် အခွင့်အရေးအားလုံးသည် နိုင်ငံတကာတွင် ကျွန်ခံနေရသည်ကို တွေ့ရကြောင်း၊ ယင်းကိစ္စများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့စီမံဆောင်ရွက်မှုများရှိသည်ကို ပြည်သူလူထုနှင့် မျိုးဆက်သစ် ပညာတတ်လူငယ်များ သိရှိရန်အတွက် ရှင်းပြပေးစေလိုကြောင်း၊ ပြည်တွင်းပြဿနာများ၊ နယ်စပ်ဒေသများ၊ ရှမ်းမြောက်ဒေသတို့တွင် စစ်ဖြစ်နေခြင်းများကို ယခုလက်ရှိကြုံတွေ့နေရကြောင်း၊ အေးချမ်းစွာနေလိုသည့် ပြည်သူလူထုများသည် စစ်ဘေးရှောင်နေရပါကြောင်း၊ ထိုသို့စစ်ဘေးရှောင်နေရသည့် ပြည်သူများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ကူညီဆောင်ရွက်မှုများရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

ဆောင်ရွက်ရန်ကျန်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်

၇၅။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ရာထူးဝန်အဖွဲ့အနေဖြင့် ယခင်ကိုဗစ်-၁၉ ကာလ ရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများတွင် ဆောင်ရွက်ရန်ကျန်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန ၁၇ ခုမှ ပြန်တမ်းဝင်အဆင့် လစ်လပ်နေရာ ၄၇၂ နေရာ၊ လက်ထောက်ဆရာဝန်ရာထူး ၂၅ နေရာ၊ လစ်လပ် ၄၇၂ နေရာအတွက် ခေါ်ယူခြင်း၊ ရေးဖြေစာမေးပွဲများ ဆောင်ရွက်လျက်ရှိသည်ဟု သိရကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လစ်လပ်ဆရာဝန် ၈၄၀ နေရာကို ၆၀၂ ဦးအနက်မှ ရွေးချယ်ပေးရမည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနအသီးသီးမှ လစ်လပ်လျက်ရှိသည့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ထားရာထူးလစာနှုန်းထား ၂၇၅၀၀၀၊ ၂၈၅၀၀၀ တို့ကို ရွေးချယ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ရွေးချယ်ရေးလုပ်ငန်းစဉ်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ အဆိုပြုပေးပို့လာသည့် ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူးများကို စစ်ဆေးပေးခြင်း၊ အဖွဲ့အစည်းမှ သဘောတူ၊ အတည်ပြုရယူပေးမှသာ ဆောင်ရွက်ခြင်းများ၊ နိုင်ငံပိုင်သတင်းစာများမှခေါ်ယူခြင်း၊ ရေးဖြေစာမေးပွဲစစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ရွေးချယ်ရေးလုပ်ငန်းများတွင် အဆင့်မြှင့်တင်ရန်ရှိပြီး ရွေးချယ်ရေးလုပ်ငန်းများကို အိုင်တီနည်းပညာအခြေခံပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်မည့် သင်တန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် လစ်လပ်သည့်ရာထူးများနှင့် ပတ်သက်၍ ခေါ်နေသည်များကို သတင်းစာထဲတွင် အားလုံးတွေ့နိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍ အနည်းငယ်ကွာဟမှု ရှိနိုင်ကြောင်း၊ ဝန်ကြီးဌာနများအတွက် ခေါ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဓိကလုပ်ငန်းသည် အစိုးရဝန်ကြီးဌာနများ၏ လုပ်ငန်းခန့်အပ်နိုင်မှုကိုသာ လုပ်ခြင်းဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး၏ ပြည်သူ ပြည်သားများ အလုပ်အကိုင်ရရှိရေးဆိုသည့် အရာသည် အလုပ်အကိုင်အခွင့်အလမ်းများ ပေါလာရန်နှင့် ပိုပြီးဆိုင်လိမ့်မည်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများတွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်ခြင်းထက် အမှန်တကယ် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ပုဂ္ဂလိကလုပ်ငန်းများ၊ လုပ်ငန်းခွဲများတွင် အလုပ်အကိုင်တိုးလာရန် အရေးကြီးကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ ပညာရေး၊ သယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်နေသည်များလည်း တွေ့နိုင်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ လှိုင်သာယာကိစ္စမျိုးတွင် အထည်ချုပ်စက်ရုံများ မီးရှို့ခံရသည့်ဖြစ်စဉ်မျိုး ဖြစ်ကတည်းက မြန်မာနိုင်ငံတွင် စိတ်ချရသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာသည် အတော်ခက်ခက်ခဲခဲ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်နှင့်ပတ်သက်၍ စိတ်ချစွာ လုပ်ကိုင်နိုင်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခြေခံကျသည့် ပညာရေး၊ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ၊ အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးမှ အလုပ်အကိုင်ရရှိရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဘေးရှောင်များနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက တပ်မတော်၏မူဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏မူဝါဒသည် အမြဲရည်ရွယ်ချက်ထားရှိကြောင်း၊ IDP များအနေဖြင့် မိမိ၏ရပ်ရွာများတွင် ပြန်လည်နေထိုင်ပြီး လူမှုစီးပွားဘဝကို ပြန်လည်ထူထောင်နိုင်ရမည်ဆိုသည့် ရည်ရွယ်ချက်မျိုး အမြဲရှိကြောင်း၊ IDP များ မိမိရပ်ရွာကိုပြန်လာနိုင်ရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ ၎င်းနှင့်ပတ်သက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို မိမိ ပထမအပိုင်းပြောသည့်အထဲတွင် ပါပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု ပြောလိုပါကြောင်း ရှင်းလင်းဖြေကြားသည်။

၇၆။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က တိပိဋကစာမေးပွဲများ၊ ပထမပြန်စာမေးပွဲများကို မည်သည့်ရက်တွင် ကျင်းပသွားရန်ရှိသည်ကို သိလိုကြောင်း၊ ဆရာ ဆရာမများကို ကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ အားလုံးကို ဂါရဝထားပြီး ရှိသေလေးစားပါကြောင်း၊ သို့သော် ဆရာ ဆရာမမွမ်းမံသင်တန်းများတွင် တက်ရောက်ခြင်းမရှိဘဲ တက်ရောက်စာရင်းပေးထားသည်ကို မည်သို့ကိုင်တွယ်သည်ကို သိလိုပါကြောင်း၊ အခြားဌာနများတွင်လည်း တစ်ဖက်တွင် CDM စာရင်းသွင်းထားပြီး တစ်ဖက်တွင်လည်း လူစားနှင့် လစာလာထုတ်နေခြင်းများကို မည်သို့ဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

စာမျက်နှာ ၂၂ သို့ ✣

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဓိကလုပ်ငန်းသည် အစိုးရဝန်ကြီးဌာနများ၏ လုပ်ငန်းခန့်အပ်နိုင်မှုကိုသာ လုပ်ခြင်းဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး၏ ပြည်သူ ပြည်သားများ အလုပ်အကိုင်ရရှိရေးဆိုသည့်အရာသည် အလုပ်အကိုင်အခွင့်အလမ်းများ ပေါလာရန်နှင့် ပိုပြီးဆိုင်လိမ့်မည်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများတွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်ခြင်းထက် အမှန်တကယ် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ပုဂ္ဂလိကလုပ်ငန်းများ၊ လုပ်ငန်းခွဲများတွင် အလုပ်အကိုင်တိုးလာရန် အရေးကြီးကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ ပညာရေး၊ သယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်နေသည်များလည်း တွေ့နိုင်ကြောင်း . . .

✣ စာမျက်နှာ ၂၀ မှ

ပြောင်းပြန်အကျိုးသက်ရောက်မှုဖြစ်နေ

၇၇။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က သာသနာရေးနှင့် ပတ်သက်သည့် စာမေးပွဲကိစ္စများကို သေချာမသိသေးပါသဖြင့် သာသနာရေးကို မေးမြန်းပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများနှင့်ပတ်သက်၍ သတင်းထောက်ကြီးပြောသလို ကိစ္စရပ်များ ရှိကောင်းရှိနိုင်မည်ဖြစ်ကြောင်း၊ သတိထားရမည်မှာ ဝန်ထမ်းလောကတွင်လည်း CDMနှင့်ပတ်သက်၍ တချို့ကိစ္စများမှာ ကြားသိရသည့် သတင်းများအတိုင်း မှန်ကန်သော်လည်း တချို့ကိစ္စများမှာ သတင်းမှားများဖြစ်နေကြောင်း၊ တချို့ကိစ္စရပ်များသည် ပြောင်းပြန်အကျိုးသက်ရောက်မှုဖြစ်နေကြောင်း၊ CDM လုပ်ဆောင်မှုများအတွက် အဓိကလှုံ့ဆော်သူများ၏အမည်များကို တိုင်ကြားနိုင်ရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပေးထားရာ မသမာသူများက ယခုလက်ရှိ ပုံမှန်ရုံးတက်နေသူများ၏ အမည်စာရင်းကို CDM လုပ်နေသူများက ဖုန်းဖြင့်လှမ်းတိုင်ကြားသည့် အဖြစ်အပျက်မျိုးရှိပါကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ယခုလို အကြံပြုတင်ပြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည်များကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၇၈။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျုံဒိုးကျေးရွာ၌ Social Punishment လုပ်ခံရသည့် ကွမ်းယာဆိုင်တစ်ဆိုင်ကို တပ်မတော်သားများက ပြန်လည်တည်ဆောက်ပေးသည့်အပြင် ထောက်ပံ့ကြေးငွေလည်း ပေးသည်ဆိုသည့် ဝမ်းသာစရာသတင်းကို ကြားသိရပါကြောင်း၊ ဝန်ကြီးပြသသွားသည့် slide show တွင် ကိုကရင်ဆိုသည့်လူသည် မြန်မာနိုင်ငံတွင် ဆူပူအကြမ်းဖက်သူများကြောင့် ပထမဆုံး လူ့အခွင့်အရေး ချိုးဖောက်စော်ကားခံရသည့် လှိုင်မြို့နယ်နေသူဖြစ်ကြောင်း၊ အလားတူ ထိုသို့ခံရသူများလည်း လှိုင်မြို့နယ်၊ သာကေတမြို့နယ်၊ လှိုင်သာယာမြို့နယ်များ၌ များစွာရှိနေကြောင်း၊ မော်လမြိုင်ဖြစ်စဉ်တွင် ကူညီထောက်ပံ့ပေးသကဲ့သို့ ၎င်းတို့ကို ကူညီထောက်ပံ့မှုများပြုလုပ်ရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါကြောင်း၊ ၎င်းတို့သည် ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေကြရသည်ကို သတင်းကြားသိရပါကြောင်း၊ အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြေကြားပေးပါရန် မေးမြန်းသည်။

၇၉။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က လူမှုရေးနှင့်ပတ်သက်ပြီး ချိုးဖောက်ခံရမှုများ၊ တရားဥပဒေနှင့်ပတ်သက်ပြီး နစ်နာခဲ့ရသူများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ပြီး တရားဥပဒေဘောင်အတွင်းက ပေးအပ်နိုင်သည့် ဆောင်ရွက်ချက်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

★ **CDM နှင့်ပတ်သက်၍ တချို့ကိစ္စများမှာ ကြားသိရသည့်သတင်းများအတိုင်း မှန်ကန်သော်လည်း တချို့ကိစ္စများမှာ သတင်းမှားများဖြစ်နေကြောင်း၊ တချို့ကိစ္စရပ်များသည် ပြောင်းပြန်အကျိုးသက်ရောက်မှုဖြစ်နေ။**

★ **CDM လုပ်ဆောင်မှုများအတွက် အဓိကလှုံ့ဆော်သူများ၏အမည်များကို တိုင်ကြားနိုင်ရန် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များပေးထားရာ မသမာသူများက ယခုလက်ရှိ ပုံမှန်ရုံးတက်နေသူများ၏ အမည်စာရင်းကို CDM လုပ်နေသူများက ဖုန်းဖြင့်လှမ်းတိုင်ကြားသည့် အဖြစ်အပျက်မျိုးရှိ။**

၈၀။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ဆူပူအကြမ်းဖက်မှုများကို အာရုံစိုက်နေသည့်အချိန်၌ တစ်ဖက်တွင်လည်း နစကအစိုးရတက်လာပြီးသည့်အချိန်တွင် ဆုံးရှုံးမှုများအတွက် မျှော်လင့်နေသည့် တောင်သူလယ်သမားများ ရှိနေပါကြောင်း၊ လယ်ယာမြေနှင့် မြေလွတ်မြေလပ်မြေရိုင်းဥပဒေကို သမ္မတကြီး ဦးသိန်းစိန်လက်ထက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြဋ္ဌာန်းချက်တွင် မြေလွတ်မြေလပ်မြေရိုင်းများကို လုပ်ငန်းရှင်များရော ဒေသခံများပါ လျှောက်ယူခွင့်ရှိကြောင်း၊ သို့သော် ရန်ကုန်၊ မန္တလေးကဲ့သို့သောနေရာများတွင် လုပ်ငန်းရှင်ကြီးများက ပြင်ဦးလွင်ကဲ့သို့သောနေရာမျိုးရှိ ရွာနီးချုပ်စပ်က မြေများကိုပင် နဂိုမူလလုပ်ကိုင်သူရှိပါလျက်နှင့် မြေလွတ်မြေရိုင်းနှင့် လျှောက်ထားရယူသွားသည့် နစ်နာမှုမျိုးများရှိနေပါကြောင်း၊ ပြင်ဦးလွင်သည် အဓိကအများဆုံးနေရာဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

ရှုပ်ထွေးသောကိစ္စ

၈၁။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဤကိစ္စသည် အလွန်ရှုပ်ထွေးသောကိစ္စဖြစ်ကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းအရလည်း ရှုပ်ထွေးကြောင်း၊ တပ်မတော်အနေဖြင့် မြေကေပေါင်းများစွာ စွန့်လွှတ်ခဲ့မှုများရှိပါကြောင်း၊ ထိုမြေကေများအနက် အချို့သည် မူလပိုင်ရှင်လက်ထဲသို့ ယခုအထိ မရောက်သေးသည်များလည်းရှိပါကြောင်း၊ တချို့ကိစ္စများမှာ လုပ်ထုံးလုပ်နည်းအရ ကြာ၍သော်လည်းကောင်း၊ တချို့မြေများသည် မူလပိုင်ရှင် ရှာ၍မရခြင်းကြောင့်သော်လည်းကောင်း မူလပိုင်ရှင်လက်ထဲသို့ မရောက်သေးခြင်းဖြစ်ကြောင်း၊ ယခုမိမိပြောသွားသည်မှာ မိမိတို့ လက်တွေ့ကြုံရသည့်ကိစ္စဖြစ်ပြီး သတင်းထောက်ကြီးပြောခဲ့သည့် လုပ်ငန်းရှင်များ၊ မူလလက်ငုတ်လက်ရင်းလူများက ဖယ်ပေးရသည်ဆိုသည့်ကိစ္စနှင့်ပတ်သက်ပြီး မိမိအကြံပြုလိုသည်မှာ မြေယာနှင့်ပတ်သက်ပြီး ယခင်ကတည်းက အဖွဲ့အစည်းများရှိပြီးဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းများကို တရားဝင်အကြောင်းကြားစာ၊ တရားဝင် တိုင်ကြားစာပေးပို့ရန် လိုအပ်သည်ဟု ပြောလိုကြောင်း၊ သို့မှသာ တရားဝင်ဖြေရှင်း၍ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၈၂။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ရန်ကုန်တိုင်းဒေသကြီးတွင် ယခင် NLD အစိုးရလက်ထက်တုန်းက YB ကုမ္ပဏီသည် အတော်သတင်းကြီးခဲ့ကြောင်း၊ ယင်းကုမ္ပဏီသည် အစိုးရနှင့်ပတ်သက်ပြီး မြေကွက်ပေါင်းများစွာကို ယူခဲ့သည်ဆိုသည်ကိုလည်း မီဒီယာကြီးများတွင် ဖော်ပြမှုများရှိခဲ့ကြောင်း၊ ယင်းကုမ္ပဏီက မြေများရယူသည့်အပေါ်တွင် မြေကွက်ဖော်စဉ်က အသိမ်းခံခဲ့ရသည့် လယ်သမားများက လုပ်ငန်းဖော်ဆောင်ခြင်းမရှိသဖြင့် လွတ်လပ်နေသည့်နေရာများတွင် လယ်သမားများက ပြန်လည်နေထိုင်ပါကြောင်း၊ နေထိုင်ပြီးသည့်အခါ မိမိတို့၏ ပိုင်ဆိုင်ခွင့်အနေဖြင့် ဂရန်လျှောက်ထားကြကြောင်း၊ ထိုသို့လျှောက်ထားသည့် လယ်သမား၏ မြေကွက်ကို YB ကုမ္ပဏီက ဝင်ပြီး ဂရန်လျှောက်ထားကြောင်း၊ ယင်းကုမ္ပဏီကို ဂရန်ချပေးပြီး လယ်သမားများကို ဂရန်ချမပေးခဲ့ကြောင်း၊ ထိုပြဿနာများအတွက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ပြန်လည်စိစစ်ဆောင်ရွက်ပေးရန် ရှိ၊ မရှိ သိလိုကြောင်း၊ တစ်ဆက်တည်းတွင် တပ်မတော်သား မိသားစုဝင်တစ်ဦးဖြစ်သည့် ဒေါ်သင်းသင်းရီ၏ကိစ္စကို ပြောလိုကြောင်း၊ ၎င်းသည် တပ်မတော်သား မိသားစုဝင်တစ်ဦးဖြစ်ပြီး တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်ကြောင်း၊ ၎င်း၏ခြံကွက်သည်လည်း တပ်မတော်အစိုးရလက်ထက်တွင် လေးမြို့နယ်စီမံချက်ဖြင့် ဒေါ်သင်းသင်းရီ၏ မိခင်အမည်ဖြင့် ဂရန်ချထားပေးခဲ့သည့် မြေကွက်ဖြစ်ပါကြောင်း၊ ရပ်ကွက်ပိုင် ပန်းခြံနှင့် ၎င်း၏ခြံကိုရောပြီး ရာဇာမင်းက ၎င်းတို့အကွက်ပါဆိုပြီး ယူသွားသဖြင့် ဒေါ်သင်းသင်းရီသည် ခြေသလုံးအိမ်တိုင်ဘဝ ရောက်ခဲ့ရပါကြောင်း၊ တပ်မတော်သား မိသားစုဝင်ဖြစ်သော ဒေါ်သင်းသင်းရီသည် ယခုအချိန်တွင် ခြေသလုံးအိမ်တိုင်ဘဝဖြင့် လှည့်လည်ပြီး သူငယ်ချင်းအပေါင်းအသင်းအိမ်များတွင် အဝတ်လျှော်၊ ထမင်းချက်ပေးနေရသည့်ဘဝကို ဆရာတော် ဦးပါမောက္ခက မကြည့်ရက်သဖြင့် ၎င်း၏ အခမဲ့ဆေးခန်း၌ အလုပ်ပေးပြီး စောင့်ရှောက်ထားရပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး အစိုးရနှစ်ဆက်တိုင်တိုင် တင်ပြခဲ့သော်လည်း ယခုအထိပြေလည်မှု မရသေးပါကြောင်း၊ ဒေါ်သင်းသင်းရီကလည်း ဖွဲ့ကြီးစွာဖြင့် ဥပဒေစိုးမိုးရေး၊ တရားမျှတမှုရရှိရေးအတွက် ယနေ့အချိန်အထိ ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုလည်း တင်ပြထားကြောင်း၊ ဤကိစ္စများအတွက် မည်သို့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

၈၃။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က နစ်နာသူရှိလျှင် နစ်နာသူက တိုင်ကြားပေးရန်၊ စာရေးပြီးသားရှိပါက မိမိကိုပေးလိုက်ပါရန်နှင့် မိမိမှတစ်ဆင့် သက်ဆိုင်ရာကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ YB ကိစ္စနှင့်ပတ်သက်ပြီးလည်း တိုင်ကြားပါက တရားဥပဒေအရ ဖြစ်စေရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၈၄။ **Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မြန်မာနိုင်ငံ၌ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားသော်လည်း ဗုဒ္ဓဘာသာကို အထူးကိုးကွယ်သည့် နိုင်ငံဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာမှာ ပရိယတ္တိစာသင်သားများ၊ သံဃာတော်များ စာသင်နေကြကြောင်း၊ ယခုနိုင်ငံရေး၊ စီးပွားရေးအခြေအနေတွင် သံဃာတော်များက တော်တော်လေး အခက်အခဲများရှိကြောင်း၊ ထို့ကြောင့် သာသနာတော်ကြီး ဆက်လက်တည်တံ့ရေးနှင့် ပြန့်ပွားရေးအတွက် စာသင်နေကြသည့် စာသင်သားများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်နေစဉ်ကာလမှစပြီး သံဃာတော်များ စာသင်နိုင်ရန် ထောက်ပံ့ကြေးများ လစဉ်ပေးနိုင်မည့် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

၈၅။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က သံဃာတော်များနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် ဆွမ်းဆန်စိမ်း၊ ဆီ၊ ဆား၊ ပဲ စသည့် အမည်လေးမျိုးတို့ကို လှူဒါန်းခြင်းများ လစဉ်နီးပါး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာဒကာစီမံချက်ဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ သံဃာတော်များ စာသင်ရန် ထောက်ပံ့ရေးအတွက် ယခုသတင်းစာရှင်းလင်းပွဲတွင် ရရှိသည့်အချက်အလက်များအရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို မိမိပြောပြီး ၎င်းတို့ကလည်း လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

များစွာအဆင့်မြင့်မားလာ

၈၆။ **Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မြန်မာနိုင်ငံ၌ ရှေးယခင်တပ်မတော်ထက် ယခုတပ်မတော်က များစွာအဆင့်မြင့်မားလာသည်မှာ ထင်သာမြင်သာ ရှိကြောင်း၊ လက်နက်ပစ္စည်းများ၊ စက်ယန္တရားများ၊ ရေငုပ်သင်္ဘောများ၊ ခေတ်မီလက်နက်ပစ္စည်းများဖြင့် တပ်မတော်က များစွာတိုးတက်လာသည်ကို တွေ့ရကြောင်း၊ ဗိုလ်ချုပ်ပြောသွားသည့်အထဲတွင် တပ်မတော်မှ ပြည်သူသို့ လှူဒါန်းမှုများကို ဝမ်းသာစွာဖြင့်တွေ့ရကြောင်း၊ ထိုအခြေအနေများထဲမှ တစ်ဖက်တွင်တွေ့ရသည်မှာ တပ်မတော်သားများဘဝကမူ မြင့်မားလာခြင်းမျိုးမရှိကြောင်း၊ လူမှုကွန်ရက်များတွင် တွေ့နေရသည်မှာ ပိုဆိုးကြောင်း၊ တပ်မတော်ချစ်သူများအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ခြင်းကြားကြီးများလွယ်၍ စစ်တိုက်ထွက်နေရခြင်းများ၊ ရာသီဥတုဒဏ် မကာကွယ်နိုင်သည့် ယူနီဖောင်းများရှိနေခြင်း၊ လမ်းပန်းအခက်အခဲများကို ဖြတ်ကျော်ရန် ဖိနပ်ကောင်းတစ်ရန်ပင် မရှိခြင်းများကို ဗိုလ်ချုပ်တို့က ပိုပြီးသိမြင်လိမ့်မည်ဖြစ်ကြောင်း၊ အများပြည်သူ၏အမြင်တွင် တပ်မတော်ဆိုသည်မှာ အခွင့်ထူးခံလူတန်းစားများဟူ၍ ပြောကြကြောင်း၊ သို့သော် လူ့အခွင့်အရေး အဆုံးရှုံးဆုံးအဖွဲ့အစည်းကို ပြပါဆိုလျှင် တပ်မတော်ကိုသာ ပြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်မီလက်နက်များကို ပံ့ပိုးနေသကဲ့သို့ တပ်မတော်သားများ၏ဘဝကို တိုးတက်မြင့်မားလာအောင် စားဝတ်နေရေး၊ လစာ၊ ခေတ်မီအသုံးအဆောင်ပစ္စည်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်မှစတင်ပြီး လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း၊ ပြီးခဲ့သည့်အစိုးရလက်ထက်တွင် တပ်မတော်ဘတ်ဂျက်များလည်း လျှော့ချခံရမှုများလည်းရှိရာ တပ်မတော်သားများ၏ဘဝ မည်မျှခက်ခဲကြမ်းတမ်းသည်ကို ဗိုလ်ချုပ်တို့ ပိုသိသည့်အတွက် တပ်မတော်သားများဘဝ မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိသိလိုကြောင်း မေးမြန်းသည်။

၈၇။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့နေတာများရှိကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်မီလက်နက်ပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီအောင် ယူနီဖောင်းများကအစ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ပြည့်စုံမှုများတော့ မရှိသေးကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး ပြည့်စုံအောင် နိုင်ငံတကာခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်နိုင်အောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောခဲ့သည့်အတိုင်း နိုင်ငံတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် တပ်မတော်တစ်ရပ်ဖြစ်လာအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

☆ စာမျက်နှာ ၁၉ မှ

၃၂	အလယ်ကျေးရွာအုပ်စု	၁	၁၁၁၇	၉၅၁	၁၆၆	၁၆၆		
၃၃	ပြအောင်းကျေးရွာအုပ်စု	၂	၉၀၀	၇၈၂	၁၁၈	၁၁၈		
၃၄	ပျဉ်ထောင်ကျေးရွာအုပ်စု	၂	၁၁၀၀	၇၃၃	၃၆၇	၁၇၇	၁၉၀	
၃၅	ကြို့ပင်ကျေးရွာအုပ်စု	၂	၂၄၀၄	၁၈၇၀	၅၃၄	၅၂၄	၁၀	
၃၆	မုန်းဒါးကျေးရွာအုပ်စု	၂	၇၅၀	၅၆၇	၁၈၃	၁၈၃		
၃၇	သာဇီကျေးရွာအုပ်စု	၂	၁၃၀၀	၁၀၈၄	၂၁၆	၂၁၆		
၃၈	သရက်ချောင်း ကျေးရွာအုပ်စု	၁	၇၅၀	၃၉၃	၃၅၇	၃၅၉		၂
၃၉	စီကျေးရွာအုပ်စု	၂	၁၂၀၀	၉၈၄	၂၁၆	၂၁၆		
၄၀	ဖရုံလှကျေးရွာအုပ်စု	၁	၅၁၆	၄၅၇	၅၉	၅၉		
၄၁	အလယ်ချောင်း ကျေးရွာအုပ်စု	၁	၉၅၀	၇၂၈	၂၂၂	၂၂၂		
၄၂	ကျောက်မဲကျေးရွာအုပ်စု	၂	၁၅၀၀	၁၂၄၆	၂၅၄	၂၅၄		
၄၃	ထန်းကောက် ကျေးရွာအုပ်စု	၁	၁၁၀၀	၈၄၆	၂၅၄	၂၀၄	၅၀	
၄၄	ပွတ်စုကျေးရွာအုပ်စု	၁	၈၃၈	၇၀၉	၁၂၉	၉၉	၃၀	
၄၅	ငမဲကျေးရွာအုပ်စု	၁	၆၀၀	၄၈၇	၁၁၃	၁၁၃		
၄၆	ကညင်တိုင်းကျေးရွာအုပ်စု	၄	၁၉၅၀	၁၅၈၃	၃၆၇	၃၃၁	၃၆	
၄၇	ဂွန်းတောင်ကျေးရွာအုပ်စု	၁	၁၀၅၀	၈၂၈	၂၂၂	၂၂၂		
၄၈	မြဝတီကျေးရွာအုပ်စု	၁	၈၀၀	၅၈၄	၂၁၆	၂၁၆		
၄၉	ဝဲကြီးကျေးရွာအုပ်စု	၂	၁၀၀၀	၇၄၅	၂၅၅	၂၃၂	၂၃	
၅၀	စစ္စရုံကျေးရွာအုပ်စု	၁	၁၂၅၀	၈၂၂	၄၂၈	၄၂၈		
၅၁	ကျွဲတလင်းကျေးရွာအုပ်စု	၂	၁၀၅၀	၆၀၈	၄၄၂	၄၄၂		
၅၂	သက္ကယ်မြောင်ကျေးရွာအုပ်စု	၂	၁၀၅၀	၈၂၀	၂၃၀	၂၃၀		
၅၃	လိန်တုန်းကျေးရွာအုပ်စု	၂	၁၃၅၀	၁၁၂၆	၂၂၄	၂၀၄	၂၀	
၅၄	ပယ်ကျကျေးရွာအုပ်စု	၂	၁၄၀၀	၁၁၇၃	၂၂၇	၂၀၄	၂၃	
၅၅	သစ်မယ်ဇီကျေးရွာအုပ်စု	၃	၁၀၅၅	၈၅၆	၁၉၉	၁၉၉		
၅၆	ဘန့်ဘွေးကျင်း ကျေးရွာအုပ်စု	၂	၆၅၀	၄၈၀	၁၇၀	၇၀	၁၀၀	
	ရပ်/ကျေးချုပ် စုစုပေါင်း	၉၇	၆၄၃၄၄	၅၀၂၂၄	၁၄၁၂၀	၁၃၅၄၆	၅၇၆	၂
	မြို့နယ်ကြိုတင်မဲလက်မှတ်		၁၆၉	၁၆၉				
	မြို့နယ်လက်ကျန်မဲလက်မှတ်		၆၀၆၇		၆၀၆၇	၆၀၆၇		
	မြို့နယ်ချုပ်စုစုပေါင်း	၉၇	၇၀၅၈၀	၅၀၃၉၃	၂၀၁၈၇	၁၉၆၀၃	၅၇၆	၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၌ နွေစပါးစိုက်ပျိုးထားရှိမှုနှင့် ပျဉ်းမနားမြို့နယ်ရှိ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက်အား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

နေပြည်တော်လယ်ဝေးမြို့နယ်သစ်ဆိမ့်ပင်ကျေးရွာရှိ ဧက ၂၀၀ တောင်သူပညာပေး စံပြစိုက်ကွင်းအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆင့်မြင့်တင်ဆောင်ရွက်စေလို

အဆိုပါ တောင်သူပညာပေးစံပြစိုက်ကွင်း ရှင်းလင်းဆောင်တွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦးက ဧက ၂၀၀ တောင်သူပညာပေးစံပြစိုက်ကွင်းအတွင်း နွေစပါးစိုက်ပျိုးထားမှုအခြေအနေများ၊ နှစ်စဉ်ပုံမှန်သီးနှံများစိုက်ပျိုးနေမှုအခြေအနေများနှင့် လယ်ယာကဏ္ဍဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို နည်းပညာစနစ်ဖြင့် ပိုမိုတိုးတက်အောင် အဆင့်မြင့်တင်ဆောင်ရွက်စေလိုကြောင်း၊ တောင်သူများအား လယ်ယာသုံးစက်ကိရိယာများမောင်းနှင်သည့် ပညာပေးသင်တန်းများဖွင့်လှစ်ပြီး သင်ကြားပေးစေလိုကြောင်း၊ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားဆောင်ရွက်ကြရန်၊ သီးနှံများအထွက်နှုန်းကောင်းမွန်စေရေးအတွက် အထူးအလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူများက လိုအပ်ချက်များကို အသီးသီးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဧက ၂၀၀ တောင်သူပညာပေး စံပြစိုက်ကွင်းအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ်အတွင်းရှိ MAPCO (မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက်)သို့ရောက်ရှိရာ စက်ရုံတာဝန်ခံ ဦးလှစိုးက စက်မှုလယ်ယာအင်အားလိုက် ဝန်ဆောင်မှုလုပ်ငန်း၊ ဓာတ်မြေသြဇာရောင်းချမှု၊ ဆန်စက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် စက်ရုံအတွင်း လုပ်ငန်းများလည်ပတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် မေ ၂၀

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် မေ ၂၀

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။

ကြေးမုံ

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၂၀

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

စဉ်	အမည်	ဆေးရုံအမည်	နေရပ်လိပ်စာ	တရားစွဲဆိုထားသည့်ပုဒ်မ	ဓာတ်ပုံ
၁	ဒေါက်တာ ပန်းအိမ်ခိုင် (လ/ထ ဆရာဝန်)	ကုလားအေးချောင်းကြီး တိုက်နယ်ဆေးရုံ	မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၅၀၅-က	
၂	ဒေါက်တာ မေနွန်းအိမ် (လ/ထ ဆရာဝန်)	အုတ်တွင်း ပြည်သူ့ဆေးရုံ	ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	၅၀၅-က	
၃	ဒေါက်တာ ဟိန်းထက်မိုးနိုင် (လ/ထ ဆရာဝန်)	ကျိုးပင်စု တိုက်နယ်ဆေးရုံ	အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၅၀၅-က	
၄	ဒေါက်တာ ယဉ်ယဉ်စိုး (လ/ထ ဆရာဝန်)	မင်းသွာ တိုက်နယ်ဆေးရုံ	မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး။	၅၀၅-က	
၅	ဒေါက်တာ ရဲဝင်း (ဆေးရုံအုပ်)	လက်ပံတန်း ပြည်သူ့ဆေးရုံ	ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၅၀၅-က	
၆	ဒေါက်တာ ဇော်မျိုးနိုင် (လ/ထ ဆရာဝန်)	ကျွဲခြံတိုက်နယ် ဆေးရုံ	မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၅၀၅-က	
၇	ဒေါက်တာ မင်းဇော်အောင် (လ/ထ ဆရာဝန်)	တောင်ဥ ပြည်သူ့ဆေးရုံ	တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး။	၅၀၅-က	
၈	ဒေါက်တာ လင်းသီရိခိုင် (လ/ထ ဆရာဝန်)	တောင်ဥ ပြည်သူ့ဆေးရုံ	လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	၅၀၅-က	
၉	ဒေါက်တာ ကျော်ဇင်အောင် (လ/ထ ဆရာဝန်)	သထုံ ပြည်သူ့ဆေးရုံ	သထုံမြို့၊ မွန်ပြည်နယ်။	၅၀၅-က	
၁၀	ဒေါက်တာ ခန့်ဖြိုးနောင် (လ/ထ ဆရာဝန်)	ဘားအံ ပြည်သူ့ဆေးရုံကြီး	ဘားအံမြို့၊ ကရင်ပြည်နယ်။	၅၀၅-က	
၁၁	ဒေါက်တာ ဝတ်မှုန် (လ/ထ ဆရာဝန်)	ကျိုက်ထို ပြည်သူ့ဆေးရုံ	ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။	၅၀၅-က	
၁၂	ဒေါက်တာ မြတ်ဆုဇေ (လ/ထ ဆရာဝန်)	သိမ်ဇရပ် တိုက်နယ်ဆေးရုံ	သိမ်ဇရပ်မြို့၊ မွန်ပြည်နယ်။	၅၀၅-က	
၁၃	ဒေါက်တာ ဆုပြည့်စုံခင် (လ/ထ ဆရာဝန်)	ပေါင်မြို့နယ် ပြည်သူ့ဆေးရုံ	ပေါင်မြို့၊ မွန်ပြည်နယ်။	၅၀၅-က	
၁၄	ဒေါက်တာ နှင်းဆွေဆွေ (လ/ထ ဆရာဝန်)	ကျိုက်လတ် ပြည်သူ့ဆေးရုံ	ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။	၅၀၅-က	
၁၅	ဒေါက်တာ ဟန်သာစည် (လ/ထ ဆရာဝန်)	သထုံ ပြည်သူ့ဆေးရုံကြီး	သထုံမြို့၊ မွန်ပြည်နယ်။	၅၀၅-က	
၁၆	ဒေါက်တာ ကျော်မင်းသက် (အထူးကု)	ပုသိမ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ	ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး။	၅၀၅-က	
၁၇	ဒေါက်တာ ဇော်ထွန်း (လ/ထ ဆရာဝန်)	အမရပူရမြို့နယ်၊ တလင်းကြီး တိုက်နယ်ဆေးရုံ	အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	၅၀၅-က	
၁၈	ဒေါက်တာ ဝင်းထွဋ်လင်း (လ/ထ ဆရာဝန်)	မော်လမြိုင် ပြည်သူ့ဆေးရုံကြီး	မော်လမြိုင်မြို့၊ မွန်ပြည်နယ်။	၅၀၅-က	
၁၉	ဒေါက်တာ အေးထွန်း (လ/ထ ဆရာဝန်)	ပခုက္ကူ ပြည်သူ့ဆေးရုံ	ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။	၅၀၅-က	
၂၀	ဒေါက်တာ မင်းလွင် (မြို့နယ်ဆရာဝန်ကြီး)	ဖားကန့်မြို့ ပြည်သူ့ဆေးရုံ	ဖားကန့်မြို့၊ ကချင်ပြည်နယ်။	၅၀၅-က	

ဖော်ပြပါ ဆရာဝန်များအနက် ပုသိမ်ကြီးမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာကျော်မင်းသက် (အထူးကု) သည် မန္တလာဆေးရုံ၌ လည်းကောင်း၊ အမရပူရမြို့နယ်၊ တလင်းကြီးတိုက်နယ်ဆေးရုံမှ ဒေါက်တာဇော်ထွန်း (လ/ထ ဆရာဝန်)သည် ချမ်းမြေ့နိုင်ဆေးခန်း၌ လည်းကောင်း၊ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာဝင်းထွဋ်လင်း (လ/ထ ဆရာဝန်)သည် လင်းခွဲစိတ်အထူးကုဆေးခန်း၌ လည်းကောင်း၊ ပခုက္ကူ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာအေးထွန်း(လ/ထ ဆရာဝန်)သည် သုခဝေဆေးခန်း၌ လည်းကောင်း၊ ဖားကန့်ပြည်သူ့ဆေးရုံမှ ဒေါက်တာမင်းလွင် (မြို့နယ်ဆရာဝန်ကြီး)သည် စိစစ်ဆဲ ဆေးခန်း၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။ စာမျက်နှာ ၂၄ သို့ ■

ဒေါက်တာကျော်မင်းသက် (ပုသိမ်ကြီးမြို့ ပြည်သူ့ဆေးရုံ)ကို ဆေးကုသခွင့်ပေးထားသည့် "မန္တလာဆေးရုံ"အား တွေ့ရစဉ်။

ဒေါက်တာကျော်မင်းသက်

ဒေါက်တာဇော်ထွန်း (အမရပူရမြို့နယ်၊ တလင်းကြီးတိုက်နယ်ဆေးရုံ) ဆေးကုသနေသည့် "ချမ်းမြေ့နိုင်" ဆေးခန်းအား တွေ့ရစဉ်။

ဒေါက်တာဇော်ထွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

■ စာမျက်နှာ ၂၃ မှ

ဒေါက်တာဝင်းထွဋ်လင်း(လက်ထောက်ဆရာဝန်၊ မော်လမြိုင်ပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် "လင်း" ခွဲစိတ်အထူးကုဆေးခန်းအား တွေ့ရစဉ်။

ဒေါက်တာဝင်းထွဋ်လင်း

ဒေါက်တာအေးထွန်း(ပခုက္ကူပြည်သူ့ဆေးရုံကြီး)ကို ဆေးကုသခွင့်ပေးထားသည့် "သုခဝေ"ဆေးခန်းအား တွေ့ရစဉ်။

ဒေါက်တာအေးထွန်း

ဒေါက်တာမင်းလွင်(မြို့နယ်ဆရာဝန်ကြီး၊ ဖားကန့်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် ဆေးခန်းအား တွေ့ရစဉ်။

ဒေါက်တာမင်းလွင်

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိကဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များ ထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

လှိုင်သာယာမြို့နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက် အချို့တို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၀

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလျှုဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ အပြင်ပဒံရပ်ကွက်နှင့် ကဇင်ကျေးရွာတို့ရှိ အိမ်ထောင်စု ၃၀၀၀ တို့အတွက် ဆန်၊ ဆီ၊ ပဲ များကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် မေ ၂၀

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်နှင့် ကော့သောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည် သဘောပေါက်ကာ တူမီးသေနတ် ၁၈ လက်နှင့် လက်လုပ်သေနတ်အလက် ၂၀ တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ် ဖမ်းဆီး

နေပြည်တော် ဧပြီ ၂၀

ဆူပူအကြမ်းဖက်သူများအသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သိမ်းဆည်းရမိ

ထိုသို့ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ "ခွဲကပင်" အဆောင်အတွင်းမှ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာနေ မျိုးမြတ်ဇော်(၂၂)နှစ် (ဘ)ဦးဝင်းမောင်ပါ အမျိုးသား နှစ်ဦးအား လေးခွ တစ်လက်၊ ဓာတ်ငွေ့ကာ နှစ်ခု၊ ဖိုက်ဘာဦးထုပ် ငါးလုံး၊ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လက်ဆည်ကန်ကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးနေ သိန်းဇော် (၃၆)နှစ် (ဘ)ဦးမြင့်သိန်း၏ "ဇော်"ကားလက်မှတ်အရောင်းဆိုင်မှ သိန်းဇော်အား ဓာတ်ဆီ တစ်ဘူး၊ မီးကွင်းလေးခု၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများရေးသားထားသည့် ဗီနိုင်းတစ်ခုဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရွှေသောင်ကျေးရွာနေ သန်းအောင်စိုး (၅၅)နှစ် (ဘ)ဦးစံဖြူအား ဂျင်ကလိ ၁၄ ချောင်း၊ ဓားမြှောင်တစ်ချောင်း၊ လှံတစ်ချောင်း၊ မှိန်း သုံးချောင်း၊ သေနတ်ပုံသစ်သားကိုယ်ထည်တစ်ခု၊ သတ္တုပြောင်း ခြောက်ခု၊ UEC ရွေးကောက်ပွဲ ဆန္ဒပြုတံဆိပ်တုံး တစ်ခု၊ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၃)ရပ်ကွက် မိုးကုတ်လမ်း ကမာကြည်တံတားအဆင်း၌ ယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် သာကေတမြို့နယ်မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်နေ ပြည့်စုံ(၂၀)နှစ် (ဘ)ဦးမြင့်ဦး မောင်းနှင်ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၁)ရပ်ကွက်နေ သိန်းစိုး (၂၀)နှစ် (ဘ)ဦးတင်မောင်လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ပြည့်စုံ၏ ပုဆိုးခါးပိုက်အတွင်းမှ ယမ်းကြိုး ၁၃ ချောင်း၊ ယမ်းမီးခြစ်ဘူး ငါးဘူးအား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ချက်အရ သဃ်န်းကျွန်းမြို့နယ်နေ နွေဦး(စိစစ်ဆဲ)၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်၊ ဓားတစ်ချောင်း၊ ယမ်းကြိုး ၁၁၀ ချောင်း၊ စတီးဘောစေ့ ၉၄ လုံး၊ လေးခွ နှစ်လက်၊ ဓာတ်ဆီတစ်ဂါလန်၊ ဖိုက်ဘာဦးထုပ် နှစ်လုံး၊ ဓာတ်ငွေ့ကာတစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့မရဲစခန်းမှ ၅၀၅ -က အမှုဖြင့် အမှုဖွင့်လှစ်ခံထားရပြီး တိမ်းရှောင်နေသူ သုံးခွမြို့ အမှတ်(၇)ရပ်ကွက်နေ ကိုကိုဇင်လင်း (၃၃) နှစ် (ဘ)ဦးခင်မောင်အေးသည် သုံးခွမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ မဟာစည်သာသနာ့ရိပ်သာသို့ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ ကိုကိုဇင်လင်းအား Porter ယာဉ်တစ်စီးနှင့်အတူ Laptop တစ်လုံး၊ လက်ကိုင်ဖုန်းနှစ်လုံး၊ Memoary Stick တစ်ခု၊ ပင်နီတိုက်ပုံ ၄၈ ထည်၊ NLD တံဆိပ်ပါ ဦးထုပ် ငါးလုံး၊ လက်သုံးချောင်းထောင်ပုံပါ ခမောက် နှစ်လုံး၊ CDM Teacher တံဆိပ်ပါ ရင်ထိုး ၁၉၀၊ NLD စာတန်းနှင့် ခွပ်ဒေါင်းတံဆိပ်ပါ အင်္ကျီ ငါးထည်၊ ဟန်းစပီကာ သုံးလုံး၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသော ဗီနိုင်း ၈၄ ခုဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရှိ မျိုးသက်နိုင်(ခ) ကုလား

ထားဝယ်မြို့မှ တရားခံ ကောင်းမြတ်ဦး(ခ)ကင်းနှင့် ယဉ်ကြည်တို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

(၃၇)နှစ် (ဘ)ဦးမျိုးသိန်း၏ နေအိမ်အတွင်းမှ စတီးဒိုင်း ၂၆ ခု၊ မီးစာတပ်ဆင်ထားသော မီးပုလင်း ၃၁ လုံး၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသော ဗီနိုင်းစ ငါးခုတို့ကိုလည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်း အမှတ်(၄၈) အခန်း A-2 ပထမထပ်တွင် နေထိုင်သော ရွှေဖြူ(စိစစ်ဆဲ)၏ နေအိမ်အတွင်းမှ တာမွေမြို့နယ် ကျားကွက်သစ်ကျေးရွာနေ အေးမောင်(ခ)မောင်ပေ (၁၇)နှစ် (ဘ) ဦးတော်အား ကျည်ကာအင်္ကျီ ငါးထည်၊ ဆန့်ကျင်စာသားများ ရေးသားထားသော ဗီနိုင်းဆိုင်းဘုတ်များ၊ မီးရှူး မီးပန်း တစ်ခု၊ ဖိုက်ဘာဦးထုပ် သုံးလုံး၊ ဟန်းစပီကာ လေးလုံး၊ G-Z အတွက် ထောက်ပံ့ကြေးငွေဟု ရေးသားထားသောစာအိတ်၃အိတ်၊အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်နေ သန်းတင်စိုး(၄၇)နှစ် (ဘ)ဦးဟာရောက်၏ နေအိမ်၌ ၎င်း၏ ဇနီးဖြစ်သူ သီသီခိုင်(ခ) သီခိုင်(၄၄)နှစ် (ဘ)ဦးထွန်းသိန်းအား ယမ်းကတ် ၁၀၀၊ မီးရှူးမီးပန်း ၇၂ ချောင်း၊ မီးကြယ်အချောင်း ၁၅၀၊ ကြက်သွန်ဖြူပြောက်အိုး ၆၃ ထုပ်၊ ပြောက်အိုးမျိုးစုံ ၂၀၄၀ တို့ဖြင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သက္ကယ်မြောင်ကျေးရွာနေ စန်းဦး(၅၇)နှစ် (ဘ)ဦးကျော်မြင့်၏ နေအိမ်မှ စန်းဦးပါ အမျိုးသားငါးဦးအား လက်လုပ်သေနတ် ရှစ်လက်နှင့်လည်းကောင်း၊ သန့်ဇင်ဖြိုး(စိစစ်ဆဲ)၏ နေအိမ်မှ လက်လုပ်သေနတ် သုံးလက်၊ လေထိုးတံ နှစ်ချောင်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ကျေးရွာအပြင် ကောက်ရိုးပုံတစ်ခုအနီးမှ လက်လုပ်သေနတ် တစ်လက်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်ရာတွင် အသုံးပြု

အလားတူ ယနေ့နံနက် ၅ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်နေ ယဉ်ကြည်(၄၁)နှစ် (ဘ) ဦးဉာဏ်စိန်၏ နေအိမ်အတွင်းမှ ယဉ်ကြည်နှင့်အတူ တစ်ရပ်ကွက်တည်းနေ ကောင်းမြတ်ဦး (ခ)ကင်း (၂၅)နှစ် (ဘ) ဦးသန်းတို့ နှစ်ဦးအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် (၆၄)လမ်း၊ ၁၀၇ (A) လမ်းထောင့်နေ သန်းရွှေ(ခ)ကျားချင့်၏ နေအိမ်အတွင်းမှ ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ၁၃ တောင့်၊ ၎င်းကျည်အိမ်နှစ်ခုနှင့်အတူ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းနှင့် (၁၈)လမ်းထိပ်တွင် ယာဉ်စစ်ပိတ်ဆို့ ဆောင်ရွက်နေစဉ် ပန်းဘဲတန်းမြို့နယ်မှ လသာမြို့နယ်သို့ ကမ်းနားလမ်းအတိုင်း မောင်းနှင်လာသော တွံ့တေးမြို့နယ် ဈေးသစ်ရပ်ကွက်နေ နေခြည်ဝင်း (၄၃)နှစ် (ဘ) ဦးမောင်ဝင်း မောင်းနှင်လာသော YGN 5M-5839 Alphard ယာဉ်အား တားဆီးစစ်ဆေးရာ ယာဉ်အတွင်းမှ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသော လက်ကမ်းစာစောင် ၁၄၀၀ စောင်၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ဗီနိုင်း လေးခုနှင့် အခြားစာရွက်စာတမ်းများဖြင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ် (၇)ရပ်ကွက် ရေကျော်လမ်း အမှတ်(၆၃)ရှိ CB ဘဏ်နောက်ကျော မဟောဓေယျလမ်း လမ်းကြားတွင် ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး ၁၆ လုံးနှင့် မီးလောင်ကျွမ်းထားသည့် လက်လုပ်ဗုံး တစ်လုံးတို့ကိုလည်းကောင်း၊ နံနက် ၉ နာရီခန့်တွင် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်လမ်းနှင့် ဗိုလ်တေဇ လမ်းထောင့်ရှိ နေအိမ်၌ နီနီခိုင်(ခ)မမိုး(၅၃)နှစ်(ဘ)ဦးရီမြင့်ပါ အမျိုးသား လေးဦးတို့ကို လက်ပစ်ဗုံးနှစ်လုံး၊ လက်လုပ်ဗုံးမျိုးစုံ ခုနစ်လုံးနှင့် ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ မဟာအောင်မြေမြို့နယ် (၈၆)လမ်း (၃၉)နှင့် လမ်း(၄၀)ကြားရှိ တောင်ခွင်မင်းကြီးကျောင်းတိုက်အတွင်းရှိ နေအိမ်အတွင်းမှ လက်လုပ်မိုင်းများနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ကုက္ကိုစုရပ်ကွက် (၃၉)လမ်းနှင့် လမ်း(၄၀) အကြား၊ (၈၆)လမ်းနှင့် (၇၈)လမ်းကြား တောင်ခွင်တိုက်ပိုင် ခေမာဘိရ ဘုရား၏ အနောက်မြောက်ထောင့် အုတ်တံတိုင်းအနီးရှိ မြေကျင်းများအတွင်းမှ လက်လုပ်သေနတ် ငါးလက်၊ လက်လုပ်မိုင်း ၁၆ လုံး၊ ဝါးဆစ်တုတ် ၂၃ ခု၊ မီးသတ်ဆေးဘူး ကိုးဘူး၊ ဂက်စ်အိုး တစ်လုံး၊ မီးရှူးမီးပန်း ခုနစ်ခု၊ ကျည်ကာအင်္ကျီ ၁၀ ထည်၊ ဒူးလေး တစ်လက်၊ ဓားရှည် နှစ်ချောင်း၊ ယမ်းထုပ် ၁၄ ထုပ်၊ ကန့် လေးထုပ်၊ စပ်ထားသော ယမ်းတစ်ထုပ်၊ မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ၂၀၀၊ သေနတ်ဒင် သုံးခု၊ ဂျင်ကလိ ၇၀၀၊ ဓာတ်မြေဩဇာ တစ်ထုပ်၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ဆိုင်းဘုတ် ၁၆ ခုနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဆူပူဆန္ဒပြမှုတွင် ပါဝင်

ထို့အတူ ဧပြီ ၁၇ ရက် ည ၁၀ နာရီခွဲခန့်တွင် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ကြည့်မြင်တိုင်မီးရထားဝင်းနေ ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန်အမည်စာရင်းပေးထားသည့် ရဲဇာနည်မင်း(ဘ)ဦးဇော်မင်းအား ၎င်း၏နေအိမ်၌လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် (၁/က) ရပ်ကွက် ဘူတာရုံလမ်းနေ ဆူပူဆန္ဒပြမှုတွင် ပါဝင်သူ ဇော်မင်းဦး(ဘ)ဦးအောင်ကြည်အား ၎င်း၏ နေအိမ်၌လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၁၈)ရပ်ကွက် အောင်သပြေလမ်းနေ ဆူပူဆန္ဒပြသူ ရဲထွန်း(ဘ)ဦးငွေကြည်နှင့် ဇနီးဖြစ်သူ ဒေါ်လွန်းချွန်း(ဘ) ဦးဒိုင်ရီတို့နှစ်ဦးအား နေအိမ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများ၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆူပူဆန္ဒပြသူများ ပြုလုပ်ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းရှင်းလင်း

နေပြည်တော် ဧပြီ ၂၀

တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလိုသော ရည်ရွယ်ချက်ဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြသူများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ရပ်ကွက်(၁၆)ရှိ စံပြဈေးလမ်းပေါ်တွင် သဲအိတ်များ၊ ကွန်ကရစ်တုံးများ၊ အတားအဆီးများ၊ သစ်ချောင်းများဖြင့် ပိတ်ဆို့ထားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အတားအဆီးများအား ရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။

ဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများကလည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် လာရောက်ပူးပေါင်းပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆရာတော်ကြီးများ၊ သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

ကျောက်ပန်းတောင်း

မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံခြင်းကို မေ ၁၈ ရက် နံနက် ၉ နာရီမှစတင်၍ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင် ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် မိတ္ထီလာတပ်နယ်မှ ဗိုလ်ကြီး သက်ကိုလွင်နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှ ဒေါက်တာမီမီသက်၊ သူနာပြု ဒေါ်နီလာစိုး တို့ဦးဆောင်သည့် ကျန်းမာရေး ဝန်ထမ်း ၃၅ ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်တို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၁၅ ဦးတို့ဖြင့် မှတ်တမ်းယူအဖွဲ့သုံးဖွဲ့၊ ကျန်းမာရေး စစ်ဆေးသည့်အဖွဲ့ သုံးဖွဲ့နှင့် ကာကွယ်ဆေးထိုးအဖွဲ့ သုံးဖွဲ့ခွဲ၍ ဆောင်ရွက်ပေးခဲ့သည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုတွင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီး ၄၇ ပါး၊ ဌာနဆိုင်ရာဝန်ထမ်း ၅၆၀ နှင့် စေတနာ့ဝန်ထမ်း ၃၆ ဦး စုစုပေါင်း သံဃာ ၄၇ ပါးနှင့် လူပုဂ္ဂိုလ် ၅၉၆ ဦး တို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

နေအောင်
(ပြန်/ဆက်)

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် သံဃာတော်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို မေ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်းဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် သံဃာတော်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးပြီးနောက် ပုံမှန်အနေအထားရောက်မှသာ စနစ်တကျကာကွယ်ဆေးထိုးနှံပေးသည်။ ဆေးထိုးနှံသူများကို မိနစ် ၃၀ ခန့်အနားယူစေကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိရာ သုံးခွမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို မေ ၂၀ ရက်မှ ၃၀ ရက်အထိ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

စည်သူလင်း (ပြန်/ဆက်)

တောင်တွင်းကြီး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သာသနာ့ဗိမာန်တော်ကြီး၌ မေ ၂၀ ရက် နံနက် ၉ နာရီက ဒုတိယအကြိမ် စတင်ထိုးနှံပေးလျက်ရှိသည်။

တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် မတ် ၁၆ ရက်မှ ၃၁ ရက်ထိ ဒေသခံ ပြည်သူ ၇၄၂၃ ဦးအား ထိုးနှံပေးခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် မေ ၂၀ ရက်မှ ၃၀ ရက်ထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စစ်ကိုင်း

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို မေ ၂၀ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ဆက်လက်ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ပထမအကြိမ်ထိုးနှံပြီးသူ ၅၂၀၀ ကျော်ရှိသည့်အနက် ယခုကျန်ရှိနေသူများကို ဆက်လက်ထိုးနှံပေးခြင်းဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ကိုင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ စစ်ကိုင်းတောင်ရိုးနှင့် မင်းကွန်းတောင်ရိုးရှိသံဃာတော်များ၊ သီလရှင်ဆရာကြီး/ ဆရာလေးများ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား ပထမအကြိမ်တွင် မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ထိုးနှံပေးခဲ့ပြီး ဒုတိယအကြိမ်ကို မေ ၉ ရက်မှ ၁၂ ရက်အထိ ထိုးနှံပေးခဲ့ရာ မဟာသင်္ကြန်အပြီး ယခုဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဇော်မြင့်နိုင်
(ခရိုင်ပြန်/ဆက်)

ပုလော

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မေ ၂၀ ရက် နံနက် ၉ နာရီက ပုလောမြို့နယ်ခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ပုလောမြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာပြုံးချိုနှင့် ကုသရေးဦးစီးဌာနမှ သူနာပြုဆရာ ဆရာမများက ကာကွယ်ဆေးမထိုးမီ သွေးတိုး၊ ဆီးချိုနှင့် အခြားရောဂါလက္ခဏာများ ရှိ/မရှိနှင့် လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ပေးကာ ဆေးထိုးနှံပြီးပါက မိနစ် ၃၀ ခန့် စောင့်ကြည့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာ၌ ပထမအကြိမ်တွင် ပုလောမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၃၃၇ ဦးတို့အား ထိုးနှံပေးခဲ့ပြီး ဒုတိယအကြိမ်ကို မေ ၂၀ ရက်မှ ၂၂ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးမော်
(ပုလော ပြန်/ဆက်)

■

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၁၆၉)ဟု ခေါ်တွင်သော တိုက်၏ ဒုတိယထပ် (၂)လွှာ(ညာ)၊ အကျယ်အဝန်း ပေ(၁၂.၅x၅၅)ခန့်ရှိ RCတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမင်းခန့်ကို [၉/မထလ(နိုင်)၂၅၂၀၂၄]ထံမှ ဦးတွာလ်ဇမန်[၅/ကလထ(နိုင်)၁၂၆၆၉၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
တရားလွှတ်တော်ရှေ့နေများ–

ဒေါ်ဆွေဆွေ	ဦးမြင့်သန်း	ဒေါ်သီရိလှိုင်	ဦးအောင်ဇော်မိုး
(စဉ်–၃၀၀၃)	(စဉ်–၆၉၆၃)	(စဉ်–၁၅၂၆၀)	(စဉ်–၁၆၃၅၆)

Zaluckpwint Real Estate & Law Firm 2013@gmail.com
ရုံးချုပ်–အမှတ်(၁၁၉၄)၊ ပင်လုံလမ်းမ၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ရုံးခွဲ–အမှတ်(၅၅/၅၆)၊ ကျိုက်ပိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ Ph:09–5018076
စာချုပ်စာတမ်း အထူးဝန်ဆောင်မှုပေးသည်။ အိမ်/ခြံ/မြေ/ရောင်း/ဝယ်/ငှား အပ်နှံနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/ ဆေး)၊ သစ္စာ(၇)လမ်း၊ မြေကွက်အမှတ်(၂၆၉)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ) ရှိ ဒေါ်မှုမှုအောင် (၁၂/ ရကန (နိုင်)၀၁၄၀၇၇)အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးညီညီလင်း (၁၂/ကတတ(နိုင်)၀၉၀၈၆၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L.,	LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၂)	တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂)
Hein Htet San Law Firm	၀၉၅၅၅၀၆၁၄၆၊ ၀၉၅၅၅၀၄၂၆၅

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဒေါ်ခင်မာထိုက်(ဘ)ဦးဇေအောင်ကြွန်း(၁၂/လမတ(နိုင်)၀၀၀၄၆၇)နှင့်အများသိစေရန်

၁။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထိန်လင်း(ဘ)ဦးမျိုးစိန်ရှိန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (၁၂/ လသန (နိုင်)၀၀၁၂၈၆) ကိုင်ဆောင်သူ အမှတ်(၆၆)၊ အခေါ်ဆိုထပ်(၆)၊ (၆) လမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်မာထိုက် (ဘ) ဦးဇေအောင်ကြွန်း (၁၂/လမတ (နိုင်)၀၀၀၄၆၇) ကိုင်ဆောင်သူနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၂။ ဦးထိန်လင်းနှင့်ဒေါ်ခင်မာထိုက်တို့သည် နှစ်ဘက်မိဘများသဘောတူညီချက်ဖြင့် (၈–၁၁–၂၀၁၃) နေ့တွင် လမ်းမတော်တရားရုံးတွင် လက်ထပ်စာချုပ်ချုပ်ဆို ပေါင်းသင်းခဲ့ကြပြီး သား မောင်အောင်ခင်မြီး (မြန်မာ)ကိုထွန်းကားခဲ့ပြီး ယခုတိုင်ပေါင်းသင်းနေဆဲ ဖြစ်ပါသည်။

၃။ ကျွန်တော့်မိတ်ဆွေဦးထိန်လင်းနှင့်ဒေါ်ခင်မာထိုက်တို့တွင်အောက်ပါ ပိုင်ဆိုင်/လက်ထက်ပွား ပစ္စည်းများမှာ လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်ပါသည်။

(က) အမှတ်(၆၆)၊ အခေါ်ဆိုထပ်(၆)၊ (၆) လမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊

(ခ) လသာမြို့နယ်၊ သံတော်မြေညီထပ်၊ တိုက်ခန်းအမှတ် (၁၁၇)

(ဂ) လသာမြို့နယ်၊ သံတော်ဒုတိယထပ်၊ တိုက်ခန်းအမှတ် (၂၀၇)

(ဃ) လသာမြို့နယ်၊ သံတော်တတိယထပ်၊ တိုက်ခန်းအမှတ် (၇၆)

(င) ဦးထိန်လင်းမှ ဒေါ်ခင်မာထိုက်အား ဝယ်ပြန်ပေးထားသော ရွှေထည် (ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်)နှင့်ဦးထိန်လင်းအားလက်ဖွဲ့ဝင်ထားသော ရွှေ (၃)ကျပ်သားကျော်၊

(စ) AYA ဘဏ်တွင်ဒေါ်ခင်မာထိုက်အမည်ဖြင့် အပ်နှံထားသည့်စာရင်းအသေးစိတ်ငွေ (၂၄,၂၀၀၀၀၀/–) (ကျပ်နှစ်ရာလေးဆယ့်နှစ်သိန်းတိတိ)၊

(ဆ) ငှားရမ်းထားသော အမှတ် (၈၉)၊ မြေညီထပ်၊ (၁၅) လမ်း၊ လမ်းမတော်မြို့နယ်၊ ဆိုင်ခန်း (ပစ္စည်းထားသိုရာလှိုဒေါင်) အတွင်းရှိ ပလတ်စတစ်အိမ်သုံး ပစ္စည်း မျိုးစုံ တန်ဖိုးခန့်မှန်းကျပ်သိန်း (၁၀၀) ခန့်၊

(ဇ) သံတော်ဆိုင်ခန်း(၃)ခန်းရှိစတော့နှင့် ပလတ်စတစ်ပစ္စည်းမျိုးစုံခန့်မှန်းတန်ဖိုး ကျပ်သိန်း(၄၀)ခန့်၊

(ဈ) လက်ရှိစတော့နှင့်ပလတ်စတစ်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းတွင်လုပ်ငန်းသုံးငွေ အသုံးပြုနေသည့် ငွေကျပ်သိန်း (၈၀)ခန့်၊

၄။ ဒေါ်ခင်မာထိုက်သည် (၄.၄.၂၀၂၁) နေ့တွင် လင်မယားစကားများရာမှ အိမ်မှဆင်းသွားရာ၊ သားဖြစ်သူကိုပါခေါ်ဆောင် သွားပြီး (၈.၄.၂၀၂၁) နေ့တွင် ဦးထိန်လင်းမှလိုက်ခေါ်၍ အိမ်သို့ပြန်လာခဲ့သော်လည်း အိမ်မှဆင်းစဉ်က ယူဆောင်သွားသော လင်မယား နှစ်ဦးပိုင် ဆိုင်ခန်း (၃) ခန်း၏ပိုင်ဆိုင်မှု စာရွက်စာတမ်းများ၊ ရွှေထည်လက်ဝတ်လက်စားများ၊ AYA ဘဏ်စာရင်းစာအုပ် နှင့်ငွေအစရှိသည်တို့ ပြန်လည်ယူဆောင်လာခြင်းမရှိဘဲ၊ အခြားနေရာတွင် သိမ်းဆည်းထိန်းသိမ်း ထားသဖြင့် ဦးထိန်လင်းမှ အိမ်တွင် ပြန်ထားရန် ပြောသော်လည်း ပြန်မထားဘဲ ဆိုဂဏ်ထားခဲ့ပါသည်ဟု ကျွန်ုပ်မိတ်ဆွေ ဦးထိန်လင်း၏ ပြောဆိုချက်အရ သိရှိရပါသည်။

၅။ သို့ဖြစ်၍ ယူဆောင်သွားသော ပစ္စည်းများကို လက်ခံထားသူများနှင့် ဒေါ်ခင်မာထိုက်တို့အနေဖြင့် ပြန်လည်ပေးအပ်၍ လင်မယား နှစ်ဦးပိုင် အဖြစ်ထားရှိပါရန်နှင့် ပြန်လည်မပေး/မထားရှိပါက ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိစေအပ်ပါသည်။

၆။ ဒေါ်ခင်မာထိုက်အနေဖြင့် ယူဆောင်သွားသော ပစ္စည်းများပြန်လည်ပေးအပ်ရန် ယခုကြော်ငြာဖြင့် တောင်းဆိုချက်အား လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက နှစ်ဦးပိုင် ပစ္စည်းများခွဲဝေပေးစေလိုမှုနှင့် လင်မယားကွာရှင်းပေးစေလိုမှုများ စွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်နန်းကြည်မေ (LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၂၁)
ဖုန်း–၀၉၄၄၁၀၇၁၀၉၀၉၇

အောင်စကြာရတနာဓာတ်နန်း
အမှန်ဟော ဆရာစကြာအောင်ပွင့်ခေါင်
မနောဗေဒပညာ
နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၂:၀၀)နာရီ
အမှတ်(၉၅၆)၊ ယသသဝတီ(၁၂)လမ်း၊
(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်းနံပါတ်–၀၉–၂၅၀၅၀၄၁၄၄,09–250504144
၀၉–၇၃၁၅၆၀၆၁,09–73156061
၀၉–၂၅၂၆၀၀၅၆၇,09–252600567
တစ်နေ့ (၁၀)ဦးသာ
ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်လင်းသီဟကျော် [၁၂/ ဒဂန(နိုင်)၀၃၄၂၀၅]သည် မိဘဆိုးဘွားဆရာသမားတို့၏ ဂုဏ်သိက္ခာ ကျဆင်းအောင် မိဘနှစ်ပါးနှင့် မိသားစုတို့အား ကိုယ်စိတ်နှစ်ပါး ပင်ပန်း ဆင်းရဲအောင် နှစ်ပေါင်းများစွာ အကြိမ်ကြိမ်ကျူးလွန်ပြုလုပ်ခဲ့သည့်အတွက် (၁၅–၄–၂၀၂၁)ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအုန်းကျော် [၉/မမန(နိုင်)၀၁၃၄၄၄]
ဒေါ်ဝေဝေသင်း [၁၂/သဃက(နိုင်)၀၂၅၈၁၂]

“ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -(၄၂) မြေကွက်အမှတ်-(၂၀/ခ^B)၊ ဧရိယာ(၀. ၀၆၃)ဧကရှိနှစ် (၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအမှတ်-၁၅ပြည်လမ်းနှင့်ဝိဇ္ဇာလမ်းထောင့်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဒေါ် နန္ဒာဝေဒီ (နိုင်ငံသားကဒ်အမှတ်-၆/တသရ(နိုင်)၀၀၀၃၂၆)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်၊

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နန်းဆင့်ဆင့်ထွန်း(LL.B)	ဒေါ်မိုးမိုးအေး (LL.B)
D.B.L,D.M.L	D.B.L,D.M.L,D.I.L
	WIPO,DL-101 Switzerland
(စဉ်-၁၂၆၃၉)	(စဉ်-၈၅၅၈)

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-၈၃၊ ဗန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
(ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

အနုပညာ

စံချိန်သစ်တင်လိုက်တဲ့ တေလာဆွစ်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ တေလာဆွစ်ဟာ သူ့ရဲ့ပြန်လည် ထုတ်လွှင့်ပေးခဲ့တဲ့ တေးအယ်လ်ဘမ်နဲ့ လက်ရှိမှာ စံချိန်သစ်တင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တေလာဆွစ်ဟာ The Beatles တေးဂီတအဖွဲ့က တင်ထားတဲ့ စံချိန်ကို ချိုးဖျက်ကာ ယူကေတေးဂီတဇယားမှာ တေးအယ်လ်ဘမ် သုံးခုဆက်တိုက် အချိန်အတိုဆုံးနဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တဲ့တေးသံရှင်ဖြစ်လာခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၃၁ နှစ်ရှိပြီဖြစ်တဲ့ အမေရိကန် တေးသံရှင်တေလာဆွစ်ဟာ ပြန်လည်ဆန်းသစ် ထုတ်လွှင့်လိုက်တဲ့ သူ့ရဲ့တေးအယ်လ်ဘမ် Fearless ကို ထုတ်လွှင့်ပြီးနောက် အဆိုပါ တေးအယ်လ်ဘမ်ဟာ ယူကေရဲ့ တေးအယ်လ်ဘမ်ဇယားမှာ နံပါတ်တစ်နေရာ ရခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ်ထိပ်ဆုံးမှာ နေရာရခဲ့တာကြောင့် တေလာဆွစ်ဟာ ရက်ပေါင်း ၂၅၉ ရက်အတွင်း ယူကေတေးဂီတဇယားမှာ တေးအယ်လ်ဘမ်သုံးခုဆက်တိုက် အချိန်အတိုဆုံးနဲ့ နံပါတ်တစ်နေရာကို ရယူနိုင်တဲ့ တေးသံရှင် ဖြစ်လာခဲ့ပါတယ်။



တေလာဆွစ်ဟာပြီးခဲ့တဲ့ ဇူလိုင်လအတွင်း Folklore တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပြီး အဆိုပါ တေးအယ်လ်ဘမ်ဟာလည်း ထုတ်လွှင့်ချိန်မှာ ယူကေရဲ့ ရောင်းအား အကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့ ဒီဇင်ဘာလ အတွင်း ထုတ်လွှင့်ခဲ့တဲ့ Evermore တေးအယ်လ်ဘမ် ဟာလည်း နံပါတ်တစ်နေရာရခဲ့ပြီး လက်ရှိထုတ်လွှင့်ခဲ့တဲ့ Fearless တေးအယ်လ်ဘမ်ဟာလည်း နံပါတ်တစ်နေရာ ရခဲ့တာကြောင့် ယူကေတေးဂီတဇယားမှာ တေးအယ်လ်ဘမ် သုံးခု ဆက်တိုက် အချိန်အတိုဆုံးနဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တဲ့ တေးသံရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ရှင်မင်းအနဲ့ ကင်ဝူဘင်တို့ ရုပ်ရှင်သစ်မှာ တွဲဖက်ပါဝင်ဖို့ ဆွေးနွေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တွေ ဖြစ်ကြပြီး လက်ရှိအချိန်မှာ ချစ်သူတွေအဖြစ် တရားဝင် လက်တွဲထားသူတွေလည်း ဖြစ်ကြတဲ့ မင်းသားကင်ဝူဘင်နဲ့ မင်းသမီးရှင်မင်းအတို့ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ တွဲ ဖက်ပါဝင်သွားဖို့ရာ ဆွေးနွေးနေဆဲဖြစ်ကြောင်း အောကေပော့ပ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Our Blues လို့ အမည်ပေးထားတဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်သစ်မှာ ကင်ဝူဘင်နဲ့ ရှင်မင်းအတို့ တွဲဖက်ပါဝင်ဖို့ရာ ကမ်းလှမ်းခံထားရကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီး နောက် သူတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက အဆိုပါ သတင်းတွေ မှန်ကန်ကြောင်းနဲ့ လက်ရှိမှာတော့ ဆွေးနွေးဆဲဖြစ်ကြောင်း အတည်ပြုခဲ့ပါတယ်။

ယင်းဇာတ်လမ်းတွဲဟာ တကယ့်ကို ကွဲပြားခြားနားတဲ့ ဘဝတွေမှာ ရှိခဲ့ကြတဲ့ ချစ်သူနှစ်ဦးအကြောင်းကို ရိုက်ကူးသွားမှာဖြစ်ပြီး ကင်ဝူဘင်နဲ့ ရှင်မင်းအတို့အပြင် အခြားသော သရုပ်ဆောင်တွေဖြစ်ကြတဲ့ လီဗြောင်ဟွန်း၊ ဟန်ဂျီမင်းနဲ့ ချာဆောင်ဝန်တို့လည်း ယင်းဇာတ်လမ်းတွဲမှာ ပါဝင်ပေးဖို့ရာ ကမ်းလှမ်းခံထားရကြောင်း သိရပါတယ်။

ကင်ဝူဘင်နဲ့ ရှင်မင်းအတို့ဟာ ၂၀၁၅ ခုနှစ်ကတည်းက ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ကြသူတွေပါ။ ကင်ဝူဘင်အနေနဲ့ ကင်ဆာရောဂါခံစားရပြီး ကုသမှုခံယူနေချိန်တွေမှာလည်း ရှင်မင်းအက အနားမှာ အတူရှိခဲ့ပါတယ်။ မကြာသေးမီက သူတို့နှစ်ဦး အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတွေလည်း ပေါ်ထွက်လာခဲ့ပြီး အဆိုပါ ဓာတ်ပုံတွေကြောင့် သူတို့နှစ်ဦး လက်တွဲနေဆဲဖြစ်တယ်လို့လည်း သိနိုင်ပါတယ်။

အေးပြည့်–ရေးသားသည်

❖ စပါးအသင်းမှ

စပါးအသင်းဟာ လက်ရှိဘောလုံးရာသီကုန်အထိ မာဆင်ကို ယာယီနည်းပြအဖြစ် ကိုင်တွယ် ခွင့်ပြုထားတာဖြစ်ပြီး လာမယ့် ဘောလုံးရာသီမှစကာ နည်းပြဆာရီကို ခန့်အပ်နိုင်ဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေပါတယ်။

နည်းပြဆာရီဟာ ချယ်လ်ဆီးအသင်းကို ကိုင်တွယ်စဉ်က ၂၀၁၈–၂၀၁၉ ဘောလုံးရာသီမှာ ယူရိုပါလိဂ်ဖလား ရယူပေးနိုင်ခဲ့ပြီး ၂၀၁၉–၂၀၂၀ ဘောလုံးရာသီမှာ ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ခဲ့ပါတယ်။

နည်းပြဆာရီဟာ ပြီးခဲ့တဲ့ဩဂုတ်လကတည်းက ဂျူဗင်တပ် အသင်း ရဲ့ထုတ်ပယ်ခြင်းကို ခံခဲ့ရတာ ဖြစ်ပေမယ့် ဆာရီရဲ့ ဂျူဗင်တပ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် ဇွန်လအထိ သက်တမ်းရှိနေမှာဖြစ်တယ်လို့ သိရပါတယ်။

ဒါပေမယ့် ဂျူဗင်တပ်အသင်းကတော့ နည်းပြ ဆာရီရဲ့ ကျန်ရှိနေသေးတဲ့ တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ယခုလကုန်ပိုင်းမှာ ပေါင် ၂ ဒသမ ၂ သန်းပေးပြီး အဆုံးသတ်သွားမယ်လို့ ဆိုပါတယ်။ ဒါကြောင့် စပါးအသင်းအနေနဲ့ နည်းပြဆာရီကို ခေါ်ယူနိုင်ဖို့အတွက် အီတလီစီးရီးအေကလပ်အသင်း အများစုနဲ့ အပြိုင်ကြိုးပမ်းရဖို့ရှိနေတာ ဖြစ်ပါတယ်။ **ငွေကြယ်**

နေ့စဉ် သတင်းမှန်၊ အမြင်မှန်၊ တကယ်အချက်အလက်မှန်များကို
မှန်မှန် မြန်မြန် သိလိုပါသလား ?
မြန်မာ့အလင်း
၁၂၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily
ကြေးမုံ
The Mirror Daily
Established in 1957
THE GLOBAL NEW LIGHT OF MYANMAR
ဖတ်ရှုနိုင်ပါပြီ။
ဆက်သွယ် မှာယူနိုင်ပါသည်-
မြန်မာ့အလင်း 09-448042214, 09-43036030, 09-420145613
ကြေးမုံ 09-450025145, 09-450025570, 09-773094931
The Global New Light of Myanmar
09-250204653, 09-770677513, 09-983924991

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်–

(က) **၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၀–၄–၂၀၁၂** ရက်နေ့မှ စတင်၍ **၄–၆–၂၀၁၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်–

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ပျင်းမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇–၆–၂၀၁၂** မှ **၂၈–၆–၂၀၁၂** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/–** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/–** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/–** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်–

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနယသုမိဿမုနိန္ဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဇိနယသုမိဿမုနိန္ဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာဝပြောစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြင်ကြသည့် ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်ဖြင့် ဒေသတိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး ရုပ်ပွားဆင်းတုတော်ထုံး မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဇိနယသုမိဿမုနိန္ဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၃၉၁၀၈၉၀၀၊ ၀၄၈-၃၁၀၀၅

(၂) ဒေါ်စောစောကြည် ၀၉-၄၂၈၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၈၆

တာဝန်ခံအဖွဲ့ခေါင်းဆောင်
မာရဇိနယသုမိဿမုနိန္ဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။

အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း - ၀၉ - ၄၃၀၁၉၀၆၂၊ ၀၉ - ၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) ဖုန်း - ၀၉ - ၄၂၀၁၁၄၀၀၅၊ ၀၉ - ၄၃၀၃၆၀၃၀၊ ၀၉ - ၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ဖုန်း - ၀၉ - ၅၁၆၆၅၄၃၊ ၀၉ - ၄၅၀၀၂၅၁၄၅၊ ၀၉ - ၄၂၀၁၃၆၉၆၀
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ဖုန်း - ၀၉ - ၂၀၅၁၆၈၃၊ ၀၉ - ၆၀၆၀၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) ဖုန်း - ၀၉ - ၂၅၄၄၃၆၆၃၀၊ ၀၉ - ၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်) ဖုန်း - ၀၉ - ၂၅၀၂၀၄၆၅၁၊ ၀၉ - ၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ဖုန်း - ၀၉ - ၆၈၇၉၀၂၇၁၇၊ ၀၉ - ၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား) ဖုန်း - ၀၉ - ၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) ဖုန်း - ၀၉ - ၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) ဖုန်း - ၀၉ - ၈၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) ဖုန်း - ၀၉ - ၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး) ဖုန်း - ၀၉ - ၂၅၉၀၈၅၈၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး) ဖုန်း - ၀၉ - ၂၅၈၆၅၁၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဖုန်း - ၀၉ - ၇၈၁၃၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည် -

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount

အမြန်ဆုံး ရယူလိုက်ပါ

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ဌေးဦး
ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၄၉)နှစ်

နေပြည်တော် ဝန်ထမ်းအိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက်(၄၂၀၃)၊ အခန်း(၁၅)နေ ဦးအောင်ဌေးဦး၊ ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀-၄-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

ဦးအောင်ချို
အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မေတ္တာလမ်းသွယ်(၂) လမ်း၊ အိမ်အမှတ်(၁၁)နေ (ဦးညွန့်လှိုင်-ဒေါ်ခင်အေးအေး)တို့၏သား၊ ဦးသန်းထွဋ်-ဒေါ်နီလာလှိုင်တို့၏အစ်ကို၊ ဗိုလ်ကြီးသက်ထက်လင်း-မချောမြတ်သီရိလှိုင်၊ ဒေါက်တာအေးကိုကိုကျော်-မသိမ့်သီတာလှိုင်၊ မောင်ဝေယံမင်းပြည့်တို့၏ဦးလေး၊ မေသဒ္ဓါထက်လှိုင်၊ စံထိပ်ထားထွဋ်တို့၏ ဖိုးလေးသည် ၂၀-၄-၂၀၂၁ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၁ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၈)၊ မြေကွက်အမှတ်(ထ/၁၀၄)၊ ဧရိယာ(၀.၀၉၂)ဧက၊ (အလျား-၄၀ပေX အနံ- ၁၀၀ပေ) ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(ထ/၁၀၄)ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထား ရှိပြီး ၎င်းတွင်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဦးမြတ်ထက်လင်း (၈/စလန(နိုင်)၀၇၁၂၈၆)မှ ဂရန်မူရင်းပြသပြီး လွှဲပြောင်း ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် အရေးဆိုခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း၊ အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဟန်စုကျော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၀၁/၁၂)
ဖုန်း-၀၉-၇၇၄၄၄၇၇၆၁

အမည်နှင့်မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ မင်းဂံရိုး ကျေးရွာအုပ်စု၊ မင်းဂံရိုးအနောက်ရွာနေ စူဘာစ်ကျန်း၏သမီးအမည်မှာ စူဆော်သီးဖြစ်ပြီးမွေးသက္ကရာဇ်မှာ၂၀-၅-၁၉၉၉ ဖြစ်ပါကြောင်း။။ **စူဆော်သီး**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ အမှတ်-၂၉ ဟုခေါ်တွင်သော ၆ထပ်ခွဲအဆောက်အဦရှိ (၅လွှာ) ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမြင့်ဇော် [၁၂/ပဘတ(နိုင်)၀၁၈၃၃၃]-ပေလီဆောက်လုပ်ရေးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ အမှတ်-၂၉ဟုခေါ်တွင်သော ၆ထပ်ခွဲအဆောက်အဦရှိ (၆လွှာ) ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမြင့်ဇော်[၁၂/ပဘတ(နိုင်)၀၁၈၃၃၃]-ပေလီဆောက်လုပ်ရေးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇

အဂတိ ပယ်ခွာ
ပြည်သာယာ

ဒေါ်ခင်အေးကြူ
(စိန့်မေရီကျောင်းသူဟောင်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ အမှတ်(၂၁)နေ (ဗိုလ်တင်မောင်ကြီး-ဒေါ်စိန်လှိုင်)တို့၏ သမီး၊ မြင်းခြံမြို့နေ (ဦးဘို-ဒေါ်မေဟန်)တို့၏ သမီးချွေးမ၊ ဦးမျိုးဝင်း(Steel Brothers' Co.Ltd.,)၏ ဇနီး၊ ဦးအောင်ကျော်ဖြိုး-ဒေါ် Catherine ဝါဝါစိုး (GL. Intl. Trading Co.Ltd.,)၊ ဦးအောင်စံဖြိုးတို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်အေးကြူသည် ၂၀-၄-၂၀၂၁ (အင်္ဂါနေ့)နံနက် ၆:၂၃ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အား အကြောင်းကြား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၁(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်ဇော
အသက်(၅၈)နှစ်
MOGE(ငြိမ်း)

မင်္ဂလာဒုံမြို့နယ်နေ(ဦးတင်ဝင်း)-ဒေါ်ရီတို့၏သား၊ ရန်ကုန်မြို့နေ ဦးသန်းထွန်း-(ဒေါ်တင်ထွေး)တို့၏ သားသမက်၊ ဒေါ်နီနီအောင်၏ ခင်ပွန်း၊ ကိုရဲထွဋ်အောင်၊ မနှင်းဝင့်နီနီကျော်၊ ကိုဝေယံမိုး-မသိမ့်သစ္စာကျော်၊ မဆုနိုဇင်ကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးကျော်ဇောသည် ၁၅-၄-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၆နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၁ရက်တွင် ရက်လည်ဆွမ်းကျွေး တရား နာယူပြီးဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး သောင်းထိုက် (ကကငွေ)-ဒေါ်ဖြိုးမင်းသန့်(ကထိက၊ မြန်မာစာ)တို့၏ဖခင်ကြီး ဦးလှရွှေ (အမှတ်-၁၊ သတ္တုတွင်းလုပ်ငန်း-ငြိမ်း) အသက်(၈၅)နှစ်သည် ၁၆-၄-၂၀၂၁(သောကြာနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၈)မှ
သူငယ်ချင်းမိသားစုများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ခေမာလမ်း၊ တိုက်အမှတ်-၂၂၊ ပထမထပ်၊ အကျယ်အဝန်း(၁၈ပေX၃၈ပေ)ရှိ တိုက်ခန်းနှင့် တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာတို့ကို လက်ရှိ တရားဝင် ပိုင်ဆိုင်သူ ဒေါ်တွမ်ပီကြိုင် [၁၃/လရန(နိုင်)၀၇၇၇၈၁]ထံမှ (၂၀-၄-၂၀၂၁) ရက်စွဲပါ **နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ဖြင့်** ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေအပြေအကျေပေးချေ၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ မည်သူမဆို ရောင်းချခြင်းအား ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရှင်ငြိမ်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)
အမှတ်-၅၂၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉-၅၀၄၃၀၄၆

တောင်ဒဂုံ ၅၅/၁၅၉၇ မြေနှင့်တိုက်ဝယ်မည်၊ ကန့်ကွက်နိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ "ဒေါ်ရှင်ရွှေ"အမည်ပေါက်၊ မြေကွက်အမှတ်(၁၅၉၇)၏ အလယ်ကွက်၊ (အလျား ၁၀ပေ×အနံ၆၀ပေ) ရှိမြေနှင့် ၁°/ထပ်တိုက်ကို ပိုင်ဆိုင်သူ "ဦးဝင်းမင်းသန့်"၊ (၁၂/ဒဂတ(နိုင်)၀၉၀၆၆၁)ထံမှ "ဦးဇင်တေဆာ"၊ (၁၂/သကတ(နိုင်)၁၃၄၅၀၂) က အပိုင်ဝယ်ယူရန် စရန်ငွေတစ်ချို့ ပေးချေထားပြီးဖြစ်သည်။ ယင်းမြေ/တိုက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံလာရောက်၍ ပါမစ်(မူရင်း)နှင့် စာချုပ်(မူရင်း)များ ပြသကန့်ကွက်နိုင်သည်။ ၎င်းရက်ကျော်လွန်ပါက "မြေနှင့်တိုက်" အရောင်းအဝယ်ကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

မစ္စတာရာမြင့်အောင်(မောင်တောင်းဖေ) LL.B.,DML
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၀၈/၈၉)
အမှတ်(၁၇၆၆)၊ ဇရာဝဏ်ဆက်စပ်လမ်း၊ (၅၅)ရပ်ကွက်၊
ဒဂုံတောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၂၅၁၀၀၁၅၀၈၉

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အိမ်အမှတ် ၁၄/ ၇/၈၄၄၊ ဖိုးရာဇာ(၂)လမ်းနေ ဦးရဲမြင့်-ဒေါ်ချယ်ရီစန်းတို့၏သမီး မရတနာလင်း [၁၂/ဒဂန(နိုင်)၀၃၃၁၉၄]သည် မိဘများ၏ ဆိုဆုံးမခြင်းကို လုံးဝနာခံခြင်းမရှိဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်းဖြစ်စေ၍ ယခုအခါနေအိမ်မှ မိမိသဘောအလျောက် ဆင်းသွားပြီးဖြစ်သောကြောင့် ယခုသတင်းစာ ကြေညာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးရဲမြင့်-ဒေါ်ချယ်ရီစန်း
[၁၂/ဒဂန(နိုင်)၀၂၁၉၄၈][၁၂/ဒဂန(နိုင်)၀၀၄၉၇၁]

သွေး သည် အ သက်

ဒေါ်ခင်စု
အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်-ဒေါ်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက်(၁၈)၊ အခန်း(၁၀၂)၊ မြနန္ဒာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးသိန်းမြင့်၏ ဇနီး၊ ဦးနေလင်းဦး-ဒေါ်ညိုညိုမာ၊ ဦးသက်နိုင်ဦး-ဒေါ်နှင်းနှင်းဝေတို့၏မိခင်၊ မအင်ကြင်းဦး၊ မောင်စည်သူဖြိုး၊ မချမ်းမြေ့သက်နိုင်၊ မောင်ရဲရင့်သက်နိုင်တို့၏အဘွားသည် ၂၀-၄-၂၀၂၁ ရက် နံနက် ၆ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၁ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်မာလာ(Yasmine)
အ.ထ.က(၃)မင်္ဂလာတောင်ညွန့်(St.Joseph's Convent)
အသက်(၆၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ်(၄၃/၃-ဘီ)၊ (၉၃)လမ်းနေ (ဦးမောင်ကြီး-ဒေါ်ဝင်းကြည်)တို့၏သမီး၊ ဦးခင်မောင်ကြီး၊ (ဒေါ်လှမေ-ဦးအေးလွင်)၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်တင်တင်အေး-ဦးမောင်မောင်အေး၊ ဦးခင်မောင်လတ်(ခ) S.M.A. Rashid (Mum Bakery & cake house Sdn Bhd, Brunei)တို့၏ချစ်လှစွာသောညီမ၊ ဒေါ်ခင်မာထွေး(Bonjour Myanmar Co.,Ltd)၏ချစ်လှစွာသောအစ်မ၊ တူငါးယောက်တို့၏ချစ်လှစွာသောအဒေါ်၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၄-၄-၂၀၂၁(တနင်္ဂနွေနေ့) နံနက် ၇:၄၅ နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမါဇ်အပြီး၌ ရေဝေးစွန်နီမွတ်စလင်မ်ကဘရ်စတန်ဥယျာဉ်တော်၌ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

နာမကျန်းဖြစ်စဉ်အချိန်က ကုသပေးခဲ့ကြသော ဆရာဝန်ကြီးများ၊ အဘက်ဘက်မှ ကူညီပေးခဲ့ကြသောဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

တရားလွှတ်တော်ရှေ့နေ ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
01-399426,01-394727,09-73009994,09-5152521

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကေသွယ်ခိုင် (၁၂/စခန(နိုင်)၀၁၆၄၆၆)သည် ရန်ကုန်မြို့၊ စမ်းချောင်း မြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ စက်ကိုင်းလမ်း၊ အမှတ်(၁၃)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦး ၏(၃)လွှာ (ခ)(ခြေရင်းခန်း) ပေ (၁၃X၅၅) ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းအေး (၁၀/မလမ(နိုင်) ၁၇၉၂၁၁)ထံမှ ဝယ်ယူရန် စရံငွေ တစ်စိတ် တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့် ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်စွာဝင်း (L.L.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၄၃)
တိုက်-၃၁၊ အခန်း(၅)၊ မျဉ်းမပင်အိမ်ယာ၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀၂၂၄၃၃၊ ၀၉-၆၆၀၆၆၀၅၀၀

အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၆၅၂)၊ အကျယ်အဝန်း ပေ(၄၀x၆၀)၊ မြေ အမည်ပေါက် ဦးကျော်ခင်ဟု မှတ်သားထားသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၅၂)၊ ပိတောက်ရွှေဝါ(၃)လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် စွဲကပ်တည်ရှိ အကျိုးခံစားခွင့်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ဒီကရီအရ ဒေါ်တင်တင်အေး [၁၃/ပတယ(နိုင်)၀၄၄၃၉၉]တစ်ဦးတည်းကသာ စီမံခန့်ခွဲ လက်ဝယ်ထားပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှမြင့်(ဒဂုံ)
အထက်တန်းရှေ့နေ(စဉ်-၉၀၁၂)
ဖုန်း-၀၉-၅၀၃၁၈၁၀
အမှတ်-၂၆၃၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် (၄၅၈)နေ ဦးမိုးဟန် [၁၂/ဥကမ(နိုင်)၂၀၉၄၆၇]နှင့် ဒေါ်နိုးနိုး[၁၂/မဂဒ(နိုင်)၀၀၅၈၂၄] တို့၏ အကြီးဆုံးသားဖြစ်သူ မောင်အောင်ကိုကို [၁၂/မဂဒ(နိုင်) ၁၃၃၆၁၆]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ
ဦးမိုးဟန်
ဒေါ်နိုးနိုး

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းဗိုလ်(H.G.P,LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၉၁)
HP : 09-5180985

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး/သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာတစ်ဝှမ်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂)သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှုကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှုအားနည်းခြင်းစသည်တို့ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ(၁၅)သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူစုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင်ကူးစက်ဖြစ်ပွားလျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုသို့ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ○

ကျောက်ဖြူမြို့၌ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသစ်ကြီး တည်ဆောက်လျက်ရှိ

ကျောက်ဖြူ မေ ၂၀

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ် ဦးစီးဌာနတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသစ်ကြီးအား ဇန်နဝါရီလတတိယအပတ်က စတင်ကာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်

ရခိုင်ပြည်နယ်၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုများအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် စစ်တွေသူနာပြုနှင့် သားဖွားသင်တန်းကျောင်းအပြင် ကျောက်ဖြူသူနာပြုနှင့် သားဖွားသင်တန်းကျောင်း တစ်ကျောင်းကို အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၉၀၄ ဒသမ ၀၉၁ သန်းဖြင့် ပင်မစာသင်ဆောင်နှင့် အုပ်ချုပ်ရေးဆောင်အာရ်စီသုံးထပ်ဆောင်တစ်လုံး၊ **စာမျက်နှာ ၈ ကော်လံ ၄ သို့** ✳

ကြေးမုံ ယနေ့ ဖတ်စရာ

ဥပဒေနှင့်မညီသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကို လိုင်စင်ပယ်ဖျက်သွားမည်

စာမျက်နှာ » ၈

- - - - - - - - - - - - - - -

နိုင်ငံကူးလက်မှတ်များ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

စာမျက်နှာ » ၉

- - - - - - - - - - - - - - -

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၉၁၇၀ ရှိ

စာမျက်နှာ » ၁၃

စပါးအသင်းက နည်းပြမော်ရင်ဟို နေရာတွင် အစားထိုးရန် ချယ်လ်ဆီးအသင်းနည်းပြဟောင်း ဆာရီအား ချဉ်းကပ်လျက်ရှိ

စပါးအသင်းဟာ အသင်းကနေ ထုတ်ပယ်လိုက်တဲ့ နည်းပြမော်ရင်ဟိုရဲ့ နေရာမှာ အစားထိုးဖို့အတွက် ချယ်လ်ဆီးအသင်း နည်းပြဟောင်း ဆာရီအား ချဉ်းကပ်လျက်ရှိတယ်လို့ သိရပါတယ်။

စပါးအသင်းဟာ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ကာရာဘောင်ဖလား နောက်ဆုံးဗိုလ်လုပွဲမတိုင်မီ ခြောက်ရက်အလိုဖြစ်တဲ့ ဧပြီ ၁၉ ရက်မှာ အသင်းနည်းပြ မော်ရင်ဟိုကို ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။ မော်ရင်ဟိုကို ထုတ်ပယ်လိုက်ချိန်မှာ စပါးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖